သစ္စာမွန်စာပေ

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

နိုင်းမဟာ

ရွှေကျည်ဆံ၏ စေတမန်

L လင်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၅၁၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၀၆၀၄၁၁
ထုတ်ဝေခြင်း - ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၁၀၀) ကျပ်
ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊
ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဒေါ်အိမွန်သက်လွင်(မြ-၀၈၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ခ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - Lလင်း
ကွန်ပျူတာ - အောင်ကျော်ကျော် (ခရီးသည်)
ဖြန့်ချိရေး - တူးတူး (သစ္စာမွန်)
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
နှင်းမဟာ
ရွှေကျည်ဆံ၏စေတမန်/နှင်းမဟာ။-ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၁၂။
၂၂၂-စာ၊ ၁၂×၁၈ စင်တီ။
(၁) ရွှေကျည်ဆံ၏စေတမန်

ရွှေကျည်ဆံ၏ ပထမပစ်မှတ်

ရုပ်ရှင်ရိုက်ကွင်းဆီသို့ အနက်ရောင် ကားလေးတစ်စီး မောင်းဝင်လာခဲ့သည်။

ကားပေါ်မှ ဆင်းလာသူမှာ . . နိုင်ငံကျော် ရုပ်ရှင်မင်းသမီး ရတုဒီပါနှင်း ပင်ဖြစ်သည်။

"အားလုံးအသင့်ဖြစ်ပြီလား . . ဒါရိုက်တာကြီး"

"ဖြစ်ပြီ . . မင်းသမီး အလာကိုပဲ စောင့်နေကြတာ"

ဒီနေ့ ဇာတ်သိမ်းပိုင်းကို အပြီးသတ်ရိုက်မှာ ဖြစ်သည်။

"မင်းသမီး သရုပ်ဆောင်ရမှာက မြင်းစီးလာပြီး . . ချစ်သူဆီကို လာရမယ့် အခန်းဖြစ်တယ်၊ လာနေတဲ့ အချိန်မှာ

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သစ္စာမွန်စာပေတိုက်
ရဲ့
စင်တင်ကလောင်ရှင်

နိုင်းမဟာ

ရွှေကျည်ဆံ၏စေတမန်

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

လူဆိုးကနေ သေနတ်နဲ့ လုပ်ကြံတဲ့ အခန်းပဲ. . . မင်းသမီး"

"ရတယ်လေ. . စီးရမယ့် မြင်းကရော"

"အသင့်ပဲ မင်းသမီး စီးကြည့်ဦးမလား. . . "

"မလိုတော့ပါဘူး. . တစ်ခါတည်းရိုက်မယ်"

"OK ဒါဆို ရိုက်ကွင်းပြင်မယ်၊ အားလုံးအသင့်လုပ်ထားကြပေါ့. . . "

ဒါရိုက်တာမှ လိုအပ်တာတွေ လှမ်းပြောပြီး၊ အသင့်အနေအထားကို ပြင်ပြီးချိန်တွင် ရတုဒီပါနှင်း. . မြင်းပေါ်သို့ ရောက်နေပြီ ဖြစ်သည်။

"ဝမ်း. . . တူး. . . သရီး. . . ကဒ်"

"ခွပ်. . ခွပ်. . ခွပ်"

ရတုဒီပါနှင်းနှင့် ရှမ်းရိုးမ တောင်တန်းကြီးများကို နောက်ခံထားပြီး. . မြင်းလေးကို ဟန်ပါပါနှင့် စီးလာသော မြင်ကွင်းမှာ တကယ်ပင် ရှုမောဖွယ်ကောင်းလှသည်။ ချစ်သူအဖြစ် သရုပ်ဆောင်သော မင်းသား. . ကောင်းနန္ဒသော်ကတော့ ထင်းရှူးပင်ကြီးရှေ့တွင် စောင့်နေသည်. . . ။

"မောင်. . . "

"သက်. . . "

ချစ်သူဆီသို့ မင်းသားက အပြေးကလေး သွားစဉ်-

"ဒိုင်း. . . "

"အား. . . "

မင်းသမီးမှာ သေနတ်ထိမှန်ပြီး. . မြင်းပေါ်မှ ပြုတ်ကျသွားသည်။ သရုပ်ဆောင်မှုမှာ ပီပြင်လွန်းသည်။

"သက်. . သက်. . . "

မင်းသားက. . မင်းသမီးအား ပြေးပြီး ပွေ့ဖက်လိုက်ချိန်တွင်. . .

"ဟာ. . . "

ကောင်းနန္ဒသော်. . . ထိတ်လန့်သွားသည်။

"ကဒ်. . . "

ဒါရိုက်တာက ကဒ်ရိုက်ပြီး. . မင်းသားဆီသို့ ပြေးသွားခဲ့သည်. . . ။

"ဘာဖြစ်တာလဲ. . မင်းသား၊ ဟင်. . . "

ရတုဒီပါနှင်း. . မျက်နှာတွင် သွေးများက မြင်မကောင်းအောင် စီးကျနေလေသည်။

ဒါရိုက်တာ ကိုစိုးအောင် မယုံကြည်နိုင်အောင် ဖြစ်သွားပြီး. . .

"မောင်ချိုနဲ့ မောင်ဦး. . ."

"ဗျာ. . . ဆရာ"

"မင်းတို့ သေနတ်ပေးစမ်း. . ."

"ရော့. . . ဆရာ"

လူဆိုးအဖြစ် သရုပ်ဆောင်သူ. . မောင်ချို သေနတ်ကို ယူပြီးကြည့်တော့လည်း သစ်သားလုပ်သေနတ်. . . ရတုဒီပါနှင်း ထိမှန်နေ တာက တကယ့်သေနတ်ကျည်ဆံနှင့် ဖြစ်နေသည်။

"ဟာ. . ပြဿနာပဲ၊ သက်ဆိုင်ရာကိုအကြောင်းကြားချည့်. . အသက်ရော ရှိသေးရဲ့လား"

"ဆရာ. . . မရှိလောက်တော့ဘူး"

"ဟင်. . ."

"အကုန်လုံးလ်တော့ ဝင်ပြီထင်တာပဲ. . အားလုံး ဘယ်မှ မသွားကြနဲ့၊ သက်ဆိုင်ရာ တာဝန်ရှိတဲ့ လူတွေအလာစောင့်ကြ. . ."

"ဟုတ်ကဲ့. . ."

ရတုဒီပါနှင်း. . အလောင်းဘေးတွင် အနားယူကြရင်း၊ သက်ဆိုင်ရာမှ အလာကို စောင့်နေကြရတော့သည်။

"ဆရာ. . . ဆရာ ကျွန်တော်. . . ကျွန်တော်"

မောင်ချိုမှာ လက်တုန်ခြေတုန်ဗင် ဖြစ်နေလေပြီ. . .

"မင်းသေနတ်က သစ်သားသေနတ်ပဲကွာ. . ဘာလို့ ါးရိမ်နေရတာလဲ. . ဘာမှ မဖြစ်ဘူး၊ ဘယ်လို ရှင်းရမှန်း ောင်မသိတော့ဘူး. . ဟူး. . ."

ဒါရိုက်တာ ကိုစိုးအောင် စိတ်ပျက်လက်ပျက်ဖြင့် ေမြပြင်ပေါ်တွင် ထိုင်ချလိုက်လေတော့သည်။

နယ်မြေခံ စခန်းမှူး ကိုအောင်အောင်မှ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ကို စစ်ဆေးမှုတွေ ပြုလုပ်နေချိန်မှာ. . ထောက်လှမ်းရေး အရာရှိ မင်းဆက်ကတော့. . ပတ်ဝန်းကျင်အနေအထားကို လေ့လာနေသည်။

"ဆရာ. . . မင်းဆက်"

"ဆရာအောင် ဆိုဗျာ. . ."

"အလောင်းကို သယ်သွားခိုင်းတော့မလား. . ."

"ခဏလေး. . ဆရာအောင်၊ ဒါရိုက်တာကြီးကို မေးချင်သေးတယ်. . ခေါ် လိုက်ပါ"

"ဟုတ်ကဲ့. . ."

ဒါရိုက်တာ ကိုစိုးအောင် ရောက်လာသည်နှင့်. . .

"မင်းသမီးသေဆုံးသွားတဲ့ နေရာကို ရွေ့ထားသေးသလား. . ."

"မရွှေ့ပါဘူး. . ဆရာ၊ ဒီပုံစံအတိုင်းပါပဲ"

"မင်းသမီး မြင်းစီးလာတဲ့ တည့်တည့်ကနေ နောက်ကို လန်ပြီးကျသွားတာပေါ့. . . ဟုတ်လား"

"ဟုတ်ပါတယ်၊ သေနတ် ယမ်းဖောက်ပြီး အချက်ပေးလိုက်တာနဲ့. . မင်းသမီး ပြုတ်ကျသွားခဲ့တာပါ"

"သေနတ်ဖောက်ချိန်နဲ့ မင်းသမီး. . ကျချိန်က ကွက်တိပဲလား"

"ကွက်တိပါပဲ. . ဆရာ"

"မောင်စိုးကိုင်တဲ့ သေနတ်ကိုရော. . စစ်ဆေး ပြီးပြီလား. . ဆရာအောင်"

"စစ်ပြီးသွားပါပြီ. . သစ်သားနဲ့ လုပ်ထားတဲ့ သေနတ်ပါ. . ."

"သံသယ သဲလွန်စတွေရော. . . ရလား"

"ခုထိတော့. . ဘာမှ မရသေးဘူး"

"မင်းသမီး အလောင်းကို သယ်သွားလို့ ရပါပြီ. . ကျွန်တော်ရှေ့ဘက်နားကို သွားပြီးကြည့်ဦးမယ်ဗျာ"

"မင်းဆက်. . ငါလိုက်ခဲ့ရမလား"

"လိုက်ခဲ့လေ. . . ယဉ်မောင်"

မင်းဆက်နဲ့အတူတူ တာဝန်ထမ်းဆောင်နေတဲ့. . ယဉ်မောင်ကို ခေါ်ပြီး၊ ရိုက်ကွင်း ရှေ့ဘက်တောတန်းလေးဆီသို့ လျှောက်လာခဲ့ကြသည်. . .။

"မင်းဘယ်လို မြင်ထားလဲ. . . "

"မင်းသမီးကို အဝေးကနေ ပစ်တဲ့ပုံစံပဲ. . ပစ်တဲ့သူဟာ လက်ဖြောင့်သေနတ်သမား တစ်ဦးပဲ ဆိုရမယ်"

"အနီးကပ် ပစ်တာရော မဖြစ်နိုင်ဘူးလား. . ."

"မဖြစ်နိုင်ဘူး. . ယဉ်မောင်၊ ရိုက်ကွင်းအနေအထားကို ငါလေ့လာတော့ လုပ်ကြံသူဟာ အနီးပတ်ဝန်းကျင်ထဲက ဆို တစ်ယောက်ယောက်တွေ့မှာပဲ. . ရိုက်ကွင်းယူထားတဲ့နေရာက ကျယ်တယ်"

မင်းဆက် လျှောက်လာရင်း. . သစ်ပင်ကြီးတစ်ပင်နားသို့ရောက်တော့. . .

"ယဉ်မောင်. . . နေဦး"

မင်းဆက် သစ်ပင်ခြေရင်းတွင် ကျနေသောကျည်ဆံခွံတစ်ခုကို ကောက်ယူလိုက်ပြီးကြည့်တော့. . .

"ထူးဆန်းတယ်. . . "

"ဘာကို ထူးဆန်းတာလဲ"

"ဒီကျည်ဆံခွံဟာ. . သီးသန့်လုပ်ထားတဲ့ ကျည်ဆံတစ်ခုပဲကွ"

မင်းဆက်. . . သစ်ပင်ပေါ်သို့ မော့ကြည့်ပြီး. . .

"ငါတက်ကြည့်ဦးမယ်. . . "

မင်းဆက် သစ်ပင်ပေါ်သို့တက်ပြီး၊ ရိုက်ကွင်းဘက်သို့ ကြည့်တော့. . မင်းဆက် တက်လိုက်သော သစ်ပင်ဟာ မြင်ကွင်းအကောင်းဆုံး သစ်ပင်ဖြစ်နေလေသည်။

မင်းဆက်သစ်ပင်အောက်သို့. . ဆင်းလာပြီး-

"လူသတ်သမားအသုံးပြုသွားတာ ဒီသစ်ပင်ကတော့ သေချာနေပြီ. . ကျည်ဆံကတော့ ဓာတ်ခွဲခန်းကနေ အဖြေထွက်လာမှ. . ဟုတ်မဟုတ်သိရမယ်၊ ဒီလမ်းကနေ တက်ကြရအောင်"

"အေး. . . "

တောလမ်းဆိုပေမယ့်. . ဖောက်လုပ်ထားသော လမ်းမဟုတ်ဘဲ အရေးပေါ်သွားလာနိုင်အောင် ခုတ်ထွင်ထားသော လမ်းကလေးတစ်ခု ဖြစ်နေသည်။ မင်းဆက်တို့

တက်လာကြရင်း မြေနီလမ်းတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။

မြေနီလမ်းပေါ်တွင် ဆိုင်ကယ်ဘီးရာတွေပါ တွေ့ရှိသဖြင့်. . .

"လူသတ်သမား စီးလာတာ ဆိုင်ကယ်ဆိုတာတော့ သေချာနေပြီကွ. . ကဲပြန်ကြရအောင်၊ လောလောဆယ်တော့ ဒါပဲ သဲလွန်စ ရနိုင်ဦးမယ်"

မင်းဆက်နှင့် ယဉ်မောင် ကားဆီသို့ ပြန်လာခဲ့ကြတော့သည်။

❦ ★ ❦

ဆေးရုံ မှုခင်းခွဲစိတ်ဌာနမှ မှုခင်းဆရာဝန်ကြီးနှင့် တွေ့ဆုံပြီး၊ ရတုဒီပါနှင်း နဖူးတွင် ဖောက်ဝင်ခဲ့သော ကျည်ဆံ ထိပ်ဖူးကြောင့် ထပ်မံအံ့သြရပြန်သည်။ နဖူးထဲတွင် ဖောက်ဝင်နေသော ကျည်ဆံထိပ်ဖူးမှာ ရွှေအစစ်ဖြင့် ပြုလုပ်ထားသော ကျည်ဖူးလေးပင်. . .

"မင်းဆက်. . မင်းသိမ်းဆည်းလာတဲ့ ကျည်ဆံခွံနဲ့ တစ်ခုတည်းပဲလား. . ."

"ဟုတ်တယ် စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ. . ယဉ်မောင်၊ ရွှေကျည်ဆံနဲ့ လုပ်ကြံခဲ့တဲ့ လူသတ်သမားနဲ့ ရတုဒီပါနှင်းတို့ရဲ့ ပတ်သက်မှုဟာ သာမန်ပတ်သက်မှုမျိုး. .

မဟုတ်ဘူး”

“ဘယ်လို ပတ်သက်မှုမျိုးလဲ. . .”

“ကြီးကျယ်လှတဲ့ ပတ်သက်မှုပဲ၊ နောက်တစ်ချက်က ရွှေကျည်ဆံကို သီးသန့်လုပ်ပြီး. . သတ်တဲ့အဆင့်ကို ကြည့်ရင် သိပ်ကို လေးနက်တဲ့ လူသတ်မှု ဖြစ်နေပြီ. . .”

“မင်းစကားအရဆိုရင်. . ဒီအမှုဟာ သိပ်ကို ခက်ခဲနိုင်မယ်ပေါ့”

“ဟုတ်တယ်. . ငါတို့အတွက် အကြီးမားဆုံး စိန်ခေါ်မှုကြီးတစ်ခုကို စပြီးရင်ဆိုင်ရတော့မယ်. . ယဉ်မောင်”

“လူသတ်မှုတစ်ခုရဲ့ အခြေခံဖြစ်တတ်တဲ့ အကြောင်းတွေက လက်စားချေမှုမျိုး ဖြစ်ကြတာများတယ်. . တခြား လူသတ်မှုလို ခိုက်ရန်ဖြစ်ပွားပြီး ဖြစ်တဲ့ကိစ္စ မဟုတ်တော့. . မင်းသမီး ရတုဒီပါနွှင်းကို နာကြည်းချက်နဲ့ လက်စားချေတယ်လို့ မင်းမယူဆဘူးလား”

“မင်းပြောသလို. . ငါတွေးမိပါတယ်၊ ဒါပေမယ့်. . ငါ့စိတ်ထဲမှာ သံသယဖြစ်စေတဲ့ အချက်တွေ တွေ့ထားတယ်”

“ဘာလဲကွ. . .”

“မင်းသမီး လည်ပင်းမှာ ဆွဲထားတဲ့ဆွဲကြိုးက တြိဂံ

လေးထဲက လခြမ်းရယ်. . မင်းသမီး ရင်သားထက်မှာ ဆေးနီနဲ့ ထိုးထားတဲ့ တြိဂံလခြမ်းလေးဟာ. . သိပ်ပြီး စိတ်ဝင်စားဖို့ ကောင်းနေပြီ. . .”

“မင်းဆက်ရေ. . ဒီတစ်ခါအမှုကတော့ ဦးနှောက်ခြောက်စရာ ဖြစ်နေပြီလား မသိဘူးဟေ့၊ ခုဘယ်ကို သွားမလဲ. . .”

“မင်းသမီး. . တည်းခိုတဲ့ ဟိုတယ်ကို သွားကြမယ်”

“မင်းသမီး. . . ဇာတိက”

“ရန်ကုန်မှာ နေတယ်ဆိုတာတော့ သိတယ်. . မွေးရပ်ဇာတိတော့ မပြောတတ်သေးဘူး၊ ဟိုတယ်မှာ ရှိတဲ့သူရဲ့ အဒေါ်ကို မေးရမှာပဲ. . .”

ဆေးရုံဝင်းထဲမှ ကားလေးကို မောင်းထွက်ပြီး. . . ဟိုတယ်ဆီသို့ လာခဲ့ကြသည်။

ဟိုတယ်ကို ရောက်တော့. . စခန်းမှူး ကိုအောင်က အသင့်ရောက်နေလေသည်. . .

“လာဗျာ. . ဆရာမင်းဆက်၊ ဆေးရုံဝင်နေတယ်ဆို”

“ဟုတ်တယ်. . . ဆရာဝန်ကြီးနဲ့ စကားပြောနေတာ”

“ဆရာ မင်းဆက်ရေ. . လူသတ်သမားကတော့

တကယ့် အဆင့်မြင့်မြင့်ကို လုပ်ကြံခဲ့တာပဲဗျာ. . ."

"ဟုတ်တယ်. . အမှုကလည်း အဆင့်မြင့်မှာ သေချာတယ်၊ သူ့အဒေါ်ရှိလား. . . ဆရာအောင်"

"ရှိတယ်. . . မနက်ဖြန် ပြန်တော့မယ်လေ"

"မင်းသမီး တည်းခိုတဲ့ အခန်းကို ချိတ်ပိတ်ထားလား"

"မပိတ်ထားဘူး. . သူ့အဒေါ်နဲ့ အိပ်တာဆိုတော့ နည်းနည်းပါးပါး သက်သေအထောက်အထား ရှာပြီး. . . ဒီအတိုင်းပဲ ထားတယ်"

"ဘာတွေ တွေ့ထားလဲ. . . "

"ထူးထူးခြားခြားတော့ မတွေ့ပါဘူး. . မင်းသမီး အဝတ်အစားနဲ့ အသုံးအဆောင်ရယ်. . ရုပ်ရှင် ဇာတ်ညွှန်းတွေရယ်လောက်ပဲ တွေ့ပါတယ်၊ သူ့အဒေါ်ကို ခေါ်ပေးရမလား. . ."

"အေးဗျာ. . . မေးစရာလေးတွေ မေးရတာပေါ့"

ဟိုတယ် ဧည့်ခန်းတွင် ရတုဒီပါနှင်း၏ အဒေါ်ဖြစ်သူ ဒေါ်ခင်မာလာကို တွေ့ဆုံပြီး. . .

"အန်တီက. . မင်းသမီးရဲ့ အဒေါ်အရင်းလား"

"ဟုတ်ပါတယ်. . ညီမ ဖြစ်သူက မွေးခဲ့တာပါ"

"ရတုဒီပါနှင်းရဲ့ မိဘတွေရော. . ရှိသေးလား"

"အမေကတော့ နောက်အိမ်ထောင် ပြုထားတယ်. . အဖေကတော့ သာသနာ့ဘောင်ထဲကို အပြီးဝင်သွားပါပြီ"

"ရတုဒီပါနှင်းရဲ့ မွေးရပ်ဇာတိကရော. . . "

"ရန်ကုန်ဇာတိပါ. . . "

"ရတုဒီပါနှင်းကို မသေခင်ရက်အတွင်းမှာ ဘာတွေ ထူးထူးခြားခြားတွေ့ထားတာ ရှိလဲ အန်တီ. . ဘယ်သူနဲ့ တွေ့ခဲ့လဲ. . ."

"ထူးထူးခြားခြားတော့ ဘာမှ မရှိပါဘူး. . ဒီနယ်မှာ သူ့ကို လာပြီးတွေ့တဲ့သူဆိုလို့ အားပေးတဲ့ ပရိသတ်တွေပဲ ရှိပါတယ်. . . "

"ရတုဒီပါနှင်းမှာ ချစ်သူတွေ. . ဘာတွေရှိလား"

"ရှိပါတယ်. . မောင်လှမျိုးမောင်တဲ့ ကုမ္ပဏီပိုင်ရှင် တစ်ဦးပေါ့. . အရင်က သမီးလေးနဲ့ ဘယ်သွားသွားသူပါ ဘယ်၊ ခု သူ့ကုမ္ပဏီကိစ္စတစ်ခုက အရေးကြီးလို့ လိုက်မလာနိုင်ဘူးကွယ်. . ."

"ခု ဆုံးတာရော. . သိပြီးသွားပြီလား"

"ညနေက အကြောင်းကြားလို့. . ဒီနေ့

များရောက်လာ မလား မသိဘူး. . . ”

“ဒါနဲ့ အန်တီက ချက်ချင်းကြီး ပြန်တော့မလို့လား”

“ဟုတ်တယ်. . ငါ့တူရယ်၊ သမီးလေး သင်္ဂြိုဟ်ပြီးတာနဲ့ ပြန်မယ် ဟိုမှာ. . သူ့အမေကို ရှင်းပြရဦးမှာလေ ရက်လည်ဆွမ်းသွတ်ကတော့ ရန်ကုန်မှာပဲ လုပ်တော့မယ်၊ ရင်ထဲမှာ မကောင်းလို့ပါကွယ်. . . ”

“ခုလို မေးရတာကို စိတ်မရှိပါနဲ့. . အန်တီ”

“ရပါတယ်ကွယ်. . တာဝန်အရ လုပ်ကြရတာပဲ၊ အန်တီနားလည်ပါတယ်၊ ငါ့တူက ဘာများသိချင်လဲ မေးပါ. . အန်တီသိသမျှကို ပြောပါ့မယ်”

“ရတုဒီပါနှင်း လည်ပင်းက ဆွဲပြားလေးနဲ့ ရင်ဘတ်ပေါ်က ဆေးမှင်ကြောင်လေး အကြောင်းပါ. . . ”

“အန်တီ ဒါတော့ တကယ်မသိဘူး. . သမီးလေးကဒါနဲ့ ပတ်သက်ပြီးတော့ တစ်ခါမှ မပြောခဲ့ဘူးကွယ်”

“သူ့လည်ပင်းမှာ ဆွဲထားတာ ကြာပြီလား. . . ”

“ကြာပြီဆို. . (၁၀)နှစ်လောက်တော့ ရှိပြီကွဲ့၊ မိဘတွေ ဆင်ပေးထားတာတော့ မဟုတ်ဘူး. . သူ့စိတ်ကူးနဲ့ သူလုပ်ထားတာပါ”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ၊ ရတုဒီပါနှင်း စ္စည်းလေးတွေကို ကြည့်ပါရစေ. . . ”

“ရပါတယ်. . အခန်းထဲမှာ ဒီပုံစံအတိုင်းပဲ ထားပါ တယ်. . . ”

မင်းဆက်တို့ ရတုဒီပါနှင်း အခန်းထဲကို လိုက်သွားပြီး၊ အဝတ်အစားတွေကိုတော့ မကြည့်ဘဲ. . လက်ကိုင်အိတ်ကို သာ ကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်. . . ။

ရတုဒီပါနှင်း လက်ကိုင်အိတ်ထဲမှ. . သစ်မွှေးသားဖြင့် ပြုလုပ်ထားသည့် ကြုတ်လေးတစ်ခုကို တွေ့ပြီး. . မင်းဆက် အပေါ် အရစ်ကလေးကို ဖွင့်ပြီးကြည့်တော့. . အထဲတွင် စာ လေးတစ်စောင်ကို တွေ့ပေမယ့်. . ဘာစာရယ်လို့ မသိပေ။

“အန်တီ. . ဒီပစ္စည်းလေးတော့ ခဏသိမ်းသွား ပါရ စေ. . အမှုနဲ့ မသက်ဆိုင်ဘူးဆိုရင် ပြန်ပြီးပို့လိုက်ပါ့မယ်”

“ရပါတယ်ကွယ်. . ဒါက သမီးလေးအဆောင်နဲ့ တူ တယ်၊ အန်တီလည်း ခုမှ မြင်ဖူးတာ. . . ”

မင်းဆက် နှုတ်ဆက်ပြီး. . ဟိုတယ်မှ ပြန်ပြီးထွက်လာ ခဲ့ ဟိုတယ် အဝင်ဝတွင် လူတစ်ယောက်နှင့် ဆုံလေသည်။

“မောင်လှမျိုးမောင်. . . ”

သစ္စာမွန်စာပေ

"အန်တီ မာလာ"

ရတုဒီပါနှင်း၏ ချစ်သူဖြစ်သည်ဆိုတာကို သဘော ပေါက်လိုက်သည်. . .

"ကိုလှမျိုးမောင်နဲ့ ရတုဒီပါနှင်း ချစ်သူဖြစ်တာကြာ ပြီလား. . ."

"တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ခဲ့တာတော့ (၅)နှစ် လောက် ရှိပါပြီ၊ ချစ်သူဖြစ်တာတော့ (၁)နှစ်ကျော် လောက်ပဲ ရှိပါသေးတယ်. . နှင်း ရုပ်ရှင်လောကထဲ ရောက် ပြီး (၃)နှစ်လောက်မှ ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ"

"ဩော်. . ခု ကိုလှမျိုးမောင် ရန်ကုန်က လိုက်လာ တာပေါ့"

"ဟုတ်ပါတယ်. . အန်တီမာလာ အကြောင်းကြား တာနဲ့ အားချင်း ထွက်လာခဲ့တာပဲဗျာ. . ."

"စိတ်မကောင်းပါဘူး. . ကိုလှမျိုးမောင်"

"နှင်းသေဆုံးရတာ. . ကျွန်တော့်ရင်မှာ ဘယ်လိုမှ ဖြေလို့ မရဘူး. . လူသတ်သမားကို အမြန်ဆုံးဖော်ထုတ် ပေးပါဆရာ. . ."

"ကျွန်တော်တို့ ကြိုးစားနေပါတယ် သွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့. . ."

မင်းဆက် အပြင်သို့ရောက်တော့. . .

"ဒီအချိန် ရန်ကုန်လေယာဉ်ဝင်တာ ရှိလား. . ."

"မရှိနိုင်ဘူးကွ. . ."

"လှမျိုးမောင် စီးလာတာ. . အငှားကားမဟုတ်လား"

"ဟုတ်တယ်. . ."

"မင်း. . ကားကို မှတ်မိလား. . ယဉ်မောင်"

"မှတ်မိတယ်. . ငါဖောက်သည် ကိုအံ့ဘွား ကားလေ ...ာ၊ ဘာလုပ်မလို့လဲ. . ."

"လှမျိုးမောင် ဘယ်နေရာက ငှားစီးလာသလဲဆို ...ာကို သိချင်လို့ပါ. . ."

"ဒါဆို. . သူတို့ ကားထိုးတဲ့ နေရာကို သွားကြမယ် ...ာ မင်း. . လှမျိုးမောင်ကို သံသယ ဖြစ်နေလို့လား"

"မနေ့ညနေက အကြောင်းကြားတာနဲ့. . ဒီနေ့မနက် ... အစောကြီး ရောက်လာတာကို အံ့ဩတာ. . ...ကုန်ကနေ ရှမ်းပြည်နယ်မြောက်ပိုင်းကို ညတွင်းချင်း ဘယ် ...လုပ်ပြီး. . လာခဲ့သလဲဆိုတာ စဉ်းစားစရာပဲ၊ လေယာဉ်နဲ့ ...ာရင်တောင်. . လေယာဉ်က နေ့လယ်မှ ဆိုက်မှာဆိုတော့

သစ္စာမွန်စာပေ

နေ့လယ်ပိုင်းလောက်မှ ရောက်ရမှာ. . .”

“ဟုတ်တယ်. . မင်းပြောမှ သတိထားမိတယ်၊ တစ်ခုပဲ သိချင်တယ်. . ဒေါ်ခင်မာလာ ဖုန်းဆက်ပြီး အကြောင်းကြားတုန်းက လူမျိုးမောင်ကို တိုက်ရိုက်တွေ့ခဲ့သလား. . ဆိုတာပဲ၊ ဒါကိုသိရင် အဖြေတစ်ခုတော့ သုံးသပ်လို့ရမယ်၊ တရားခံအစစ်လိုတော့ ပစ်မှတ်ထားလို့ မရသေးဘူး. . စောင့်ကြည့်ရမယ့် သံသယပစ်မှတ်တ[illegible]ပဲ”

“ဒါနဲ့ မင်းယူလာတဲ့ လက်ဖွဲ့ထဲက စာတွေက. . အင်တွေလား. . .”

“မဖြစ်နိုင်ဘူးကွ. . ဘယ်လိုစာမျိုးလည်း ဆိုတာတော့၊ ခုသွားရင် အဖြေပေါ်မှာပဲ”

“မင်း. . ဘယ်သူ့ဆီသွားမှာလဲ”

“သမိုင်းသုတေသန ပါမောက္ခ ဦးဇေယျဆီကို. . .”

ဦးဇေယျ နေအိမ်သို့ရောက်တော့. . မင်းဆက်တို့ အသင့်စောင့်တွေ့လိုက်ရသည်။

“လာဟော့. . မောင်မင်းဆက်၊ ဘာအရေးကိစ္စပေါ်လာ ပြန်ပြီလဲ. . .”

“ဆရာကြီးကို ပြစရာလေး. . တစ်ခု ရှိလို့”

မင်းဆက်. . သစ်မွှေးကြုတ်ကလေးထဲမှ စာရွက်ကလေး ကို ပေးလိုက်သည်. . .

“ဟာ. . ဒါ ပျူခေတ်က စာပဲဟ”

“ဘာတွေရေးထားတာလဲ. . . ဆရာကြီး”

ဦးဇေယျ. . သေချာစွာ ကြည့်ပြီး၊ ဘာသာပြန်ပေး လိုက်သည်။

အမိန့်ပိုဆန်သူ. .အတွက် အပြစ်ဒဏ်ကိုခံရမည်။

“ရွှေပန်တြာ ဘုရင်မ”

“ဟင်. . .”

“ဟာ. . .”

ဦးဇေယျ ဖတ်ပြသော စာရဲ့ အဓိပ္ပါယ်ကြောင့်. . မင်းဆက်တို့ နှစ်ယောက်လုံး နားမလည်နိုင်အောင် ဖြစ်သွားသည်။

“ဆရာကြီး. . ရွှေပန်တြာ ဘုရင်မဆိုတာ ရှိလား”

“ငါလည်း စဉ်းစားလို့ မရအောင်ဘဲကွ. . သမိုင်းကျောက်စာတွေထဲမှာတော့၊ AD.... လောက်က ပန်တြာ ဘုရင်မဆိုတာတော့ ကြားဖူးတယ်. . ရွှေပန်တြာ ဘုရင်မဆို တာတော့ ခုမှကြားဖူးတာ၊ ရေးထားတဲ့ လက်ရေးဟာ ပျူစာ

ဆိုပေမယ့် . . ပျူခေတ်က ရေးထားတာ မဟုတ်နိုင်ဘူး၊ ပျူစာ ကို ကျွမ်းကျင်တဲ့ လူတွေရေးထားတာ ဖြစ်နိုင်တယ်. . . မောင်မင်းဆက် ဒီစာဟာ ဘယ်လို ပတ်သက်နေလို့လဲ"

"ဆရာကြီးရေ. . အဲဒါ အသတ်ခံရတဲ့ မင်းသမီးဆီ က ရခဲ့တဲ့စာပါ. . ."

"အင်း. . စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ၊ မင်းသမီး ဟာ အဖွဲ့တစ်ခုခုနဲ့ ဆက်နွယ်နေတယ်လို့ ကောက်ချက်ချရ မှာပေါ့"

"ခု ဒီစာအရဆိုရင် ဒီလိုပဲ ကောက်ချက်ချရမှာပေါ့. . ဆရာကြီး၊ ဒီအဖွဲ့ဟာ ရွှေပန်တြွာအဖွဲ့တစ်ခု ဖြစ်နေမှာပဲ.. ခုလို ကူညီတာကို ကျေးဇူးတင်တယ်ဆရာကြီး. . ရွှေပန်တြွာဘုရင် မနဲ့ ပတ်သက်ပြီး သိတာလေးများရှိရင် ကူညီပါဦး. . ."

"စိတ်ချ. . မောင်မင်းဆက်ဆီက ရွှေပန်တြွာ ဘုရင်မ နဲ့ ပတ်သက်ပြီး ဆရာကြီးတောင် စိတ်ဝင်စားလာပြီ. . ကူညီ မယ်၊ ဆရာကြီးမိတ်ဆွေတွေဆီကို ဒီနေ့ပဲ သွားပြီး မေးပေး မယ်. . ."

မင်းဆက်တို့ အပြန်ခရီးတွင်. . .

"ယဉ်မောင်ရေ. . အမှုကတော့ ကျယ်လာပြီး နတ်

ိုင်းတဲ့ အပိုင်းထဲကို ရောက်လာပြီဟေ့"

"မင်းဆုက်နဲ့ ရွှေပန်တြွာ ဘုရင်မ. . ရွှေကျည်ဆံ၊ ရွှေတြိဂံလခြမ်းနဲ့တော့ စပြီးတွေ့ပြီပေါ့ကွာ ဟား. . ဟား. . ဟား. . ."

"မင်းပြောမှ ဆရာကြီးဆီ. . ရွှေတြိဂံလခြမ်း ကိစ္စကို နောက်လာပြီး မေးရဦးမယ်၊ ယဉ်မောင်ရေ. . ."

ရတုဒီပါနှင်း၏ ဈာပနကို တိတ်ဆိတ်စွာပဲ ပြုလုပ်
ကြရသည်။

ရတုဒီပါနှင်း သေဆုံးမှုနှင့် ပတ်သက်ပြီး. . ဂျာနယ်
တိုက်များ၊ ရတုဒီပါနှင်းကို အားပေးကြတဲ့ ပရိသတ်ကြီး
သိခဲ့ရင်. . မလွယ်သော ကိစ္စဖြစ်နေတာမို့ ပို့ဆောင်သူ(၁၀)
လောက်နှင့်ပဲ ပြုလုပ်ခဲ့ရသည်။

ထိုဆုံးဖြတ်ချက်ကို ရတုဒီပါနှင်း၏ မိဘတွေ
ဆုံးဖြတ်ပေးခဲ့တာမို့ မင်းဆက်ဘက်က လုပ်ဆောင်ပေး
တာကိုပဲ လုပ်ပေးခဲ့ကြသည်။

လှမျိုးမောင်ကတော့ ရတုဒီပါနှင်းအုတ်ဂူလေး
တွင် ဒူးထောက်ချပြီး တိတ်ဆိတ်ခြင်းနှင့် ကြေကွဲနေ

သလားပင်. . .

မင်းဆက်နှင့် ယဉ်မောင်တို့ အဝေးဆီမှ လှမျိုးမောင်
ကို အကဲခတ်ရင်း ကြည့်နေကြသည်။

"ဘယ်လိုလဲ. . မင်းဆက်"

"မင်း. . ဘာကို ပြောတာလဲ"

"လှမျိုးမောင်အပေါ်မှာ မင်းသတ်မှတ်ထားတဲ့ သံသယ
ပစ်မှတ်ကိုပါ. . ."

"ရတုဒီပါနှင်း အသတ်ခံရမှုနှင့် ပတ်သက်ပြီး. . .
လှမျိုးမောင်ဟာ ပထမပစ်မှတ်တစ်ခု ဖြစ်နေတာတော့
သေချာတယ်. . ."

"ဒုတိယ ပစ်မှတ်က. . ဘယ်သူလဲ"

"ရတုဒီပါနှင်းရဲ့ အဒေါ်. . . ဒေါ်ခင်မာလာ"

"ဟင်. . ."

"ဒေါ်ခင်မာလာကို ဘာကြောင့်မင်းသံသယ ပစ်
မှတ်ထဲကို ထည့်ရတာလဲ. . ."

"လှမျိုးမောင်ဆီကို ဖုန်းဆက်တယ်ဆိုတဲ့ စကားဟာ
လွဲချော်နေတယ်. . ယုတ္တိမရှိတာက မိဘဆီကို မဆက်ဘဲ
ဘယ့်နှယ့် လှမျိုးမောင်ဆီကို ဆက်ရတာလဲ. . ဒီဟာ့ ကွာဟ

နေတဲ့အချက်ပဲ၊ ပြီးတော့ ဒေါ်ခင်မာလာက လှမျိုးမောင်ဆီကို ညနေပိုင်းဆက်တယ်လို့ ပြောပြီး. . လှမျိုးမောင်က ညပိုင်းက သတင်းရရခြင်း လိုက်လာတယ်လို့ ပြောတယ်၊ မသိမသာ လေး လွှဲချော်နေတယ်. . ယဉ်မောင်"

"ဒါဆိုရင်. . အမှုအတွက် သူတို့နှစ်ယောက်ကို စောင့်ကြည့်အဆင့်နဲ့ လုပ်ထားရမှာပေါ့"

"သူတို့က မနက်ဖြန်ဆို ပြန်တော့မှာဆိုတော့စောင့် ကြည့်ဖို့အတွက် ရန်ကုန်ဌာနချုပ်ကို သတင်း ပို့ရမှာပဲ. . . ဒီအမှုဟာ အရမ်းကို လေးနက်တဲ့အမှုပဲ. . ယဉ်မောင်၊ သာမန် လူသတ်မှုတစ်ခု မဟုတ်ဘူး. . ဒီလူသတ်မှုရဲ့ နောက် ကွယ်မှာ သိပ်ကို ကြောက်ဖို့ကောင်းတဲ့ အရိပ်ကြီး တစ်ခု ရှိနေတယ်"

"ငါ သဘောပေါက်ပြီ. . . ခုနေ လှမျိုးမောင်နဲ့ ဒေါ်ခင်မာလာကို လူသတ်မှုနဲ့ စွဲချက်တင်နိုင်ရုံနဲ့ မပြီးဘူး. . နောက်ကွယ်က အရိပ်မည်းကိုပါ ခြေရာခံရမယ်ပေါ့"

"ဟုတ်တယ်. . ရွှေကျည်ဆံနဲ့ လူသတ်မှုဟာ တကယ် ကို စိတ်ဝင်စားစရာ ကောင်းသလို. . ရှုပ်ထွေးမယ့် အမှုကြီး တစ်ခုပဲ"

လှမျိုးမောင်. . အုတ်ဂူလေးရှေ့မှ ထလာပြီး၊ သူတို့ ဘက်ကို လျှောက်လာတာကြောင့် စကားစကို ဖြတ်လိုက် သည်။

"ခုလို. . နှင်းအတွက် လုပ်ကိုင်ပေးတာကို ကျေးဇူး တင်ပါတယ်. . ကိုမင်းဆက်"

"ရပါတယ်ဗျာ. . လုပ်ပေးရမယ့် ကိစ္စပဲလေ. . . ကိုလှမျိုးမောင် ကျွန်တော်တို့ကားနဲ့ပဲ ပြန်လိုက်မှာလား"

"ကိုမင်းဆက်တို့ ကားနဲ့ပဲ လိုက်တော့မယ်. . အန်တီ မာလာ. . ."

"ဘာလဲ. . မောင်လှမျိုးမောင်"

"အန်တီတို့ သွားနှင့်ကြတော့နော်. . ."

"အေးအေး. . ."

ဒေါ်ခင်မာလာက ကားတစ်စီးနှင့် လိုက်ပါသွားပြီး. . လှမျိုးမောင်မှာ မင်းဆက်တို့ကားနှင့် လိုက်ပါလာခဲ့သည်။

"နှင်းအသတ်ခံရမှုနှင့် ပတ်သက်ပြီး. . ဘာတွေထူး ခြားသေးလဲ ကိုမင်းဆက်"

"တရားခံဟာ သိပ်ပြီးတော်တဲ့ သေနတ်သမားဖြစ်တဲ့ အပြင် ကိုယ်တိုင်ကျည်ဆံကို လုပ်နိုင်တဲ့ လူတစ်ယောက် ဆို

တာပဲ သိထားရသေးပါတယ်. . . ”

“နှင်းအပေါ်မှာ မကျေနပ်ဘဲ မုန်းတီးတဲ့လူတွေတော့ ရှိတယ်. . . ”

“ဘယ်သူတွေလဲ. . ကိုလှမျိုးမောင်၊ အမှုအတွက် ကွင်းဆက်ရတာပေါ့. . . ”

“နှင်းနဲ့ အပြိုင် မင်းသမီး ပွင့်ဦးသဇင် ဆိုတာရှိတယ်။ ကိုမင်းဆက်တို့ ကြားဖူးမှာပေါ့. . . ”

“ဟုတ်ကဲ့ ကြားဖူးပါတယ်. . ရတုဒီပါနှင်း လောက်တော့ မအောင်မြင်ဘူး. . . ”

“ဒါဟာနှင်းပေါ်မှာမုန်းတီးရခြင်း ပထမအကြောင်းရင်းပါ. . ဒုတိယ အကြောင်းရင်းက ပွင့်ဦးသဇင်ရဲ့ ဇာတ်ကားတွေကို ရိုက်ကူးပေးနေတဲ့ ဇမ္ဗူအေး ကုမ္ပဏီဟာ. . နှင်းကို သူတို့ ကုမ္ပဏီနဲ့ ရိုက်ကူးဖို့ ကမ်းလှမ်းတာကို နှင်းက လက်မခံခဲ့ဘူးလေ၊ ဒါကြောင့် ဇမ္ဗူအေးကုမ္ပဏီဟာ. . . ပွင့်ဦးသဇင်နဲ့ ရိုက်ခဲ့တဲ့ ကားတော်တော်များများဟာ ရှုံးခဲ့ပြီး ပွင့်ဦးသဇင်နဲ့ ဆက်မရိုက်တော့ဘူး. . . ဒါတွေပေါ်မှာ ပွင့်ဦးသဇင်က အငြိုးအတေးဖွဲ့ပြီး. . နှင်းကို မုန်းတီးနေတာ အမှန်ပဲဗျာ. . . ”

လှမျိုးမောင် စကားတွေကို မင်းဆက်နားထောင်ပြီး ပြုံးနေမိသည်။

“နှင်းပေါ်မှာ အခွင့်ကောင်း စောင့်ပြီး. . သတ်ခိုင်းတယ်လို့တောင် ထင်မိတယ်”

“ကိုလှမျိုးမောင် ပြောသလို. . တွေးရင်တော့ ဖြစ်နိုင်သလိုတော့ ရှိပါတယ်. . ဒါပေမယ့် ထင်ရုံတစ်ခုတည်းနဲ့တော့ ခွပ်စွဲလို့တော့ မရဘူးဗျ. . ကိုယ့်ဘက်က ခိုင်လုံတဲ့ သက်သေရှိမှ ဖြစ်မှာပါ. . . ”

“နီးစပ်တဲ့ အချက်တစ်ခု ရှိသေးတယ်. . . ”

“ဘာများလဲ ကိုလှမျိုးမောင်. . . ”

“ပွင့်ဦးသဇင်ဟာ. . ခု နှင်းအသတ်ခံရတဲ့ မြို့ဟာ သူ့ရဲ့ ဇာတိမြေဗျ. . . ”

“ဟင်. . . ဟုတ်လား”

မင်းဆက် မသိချင်ယောင် ဆောင်လိုက်ခြင်းသာ ဖြစ်သည်. . ပွင့်ဦးသဇင်နှင့် မင်းဆက်တို့က ကျောင်းနေဖက် သူငယ်ချင်းဆိုတာကို. . ကိုလှမျိုးမောင် မသိခဲ့ပေ။

“ကိုမင်းဆက်က ဒီနယ်မြေမှာ တာဝန်ကျနေတာလား. . . ”

"ဟုတ်တယ်. . နယ်စပ်ဒေသ လုံခြုံရေးနဲ့ သတင်း ထောက်လှမ်းရေးအတွက် တာဝန်ကျနေတာပါ. . ."

"တာဝန်ကျနေတာ ကြာပြီလား. . ."

"တစ်နှစ်နီးပါးလောက်တော့ ရှိပါပြီ"

"ဇာတိကရော. . ."

"ရန်ကုန် ဇာတိပါ"

လှမျိုးမောင်နှင့် တခြားအကြောင်းတွေကို ပြောရင်း နှင့် ဟိုတယ်သို့ ရောက်လာခဲ့ကြသည်။

"ကဲ. . ကိုလှမျိုးမောင်၊ ဟိုတယ်ထဲကို မဝင်တော့ဘူး ဗျာ. . တခြားတာဝန်လေးတွေ ရှိသေးလို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီ. . ကိုမင်းဆက်၊ ကျွန်တော် မနက်ဖြန် ဖြန်မှာ ဆိုတော့ ဒီညအားမယ်ဆိုရင် ညစာလေးကျွေးမွေး ဧည့်ခံချင်တယ်. . ."

"လာခဲ့ပေးပါမယ်. . ."

"ကျေးဇူးပါပဲ. . ."

ဟိုတယ်မှ မင်းဆက်တို့ကားလေး မောင်းထွက်လာ တော့. . .

"ယဉ်မောင်ရေ. . လှမျိုးမောင်ဟာ အဓိက တရားခံ

တစ်ဦး ဖြစ်ပြီကွ"

"ဟင်. . မင်းဘာကို ထပ်ပြီးတွေ့လို့လဲ၊ ပွင့်ဦးသဇင် ကြောင့်လား. . ."

"ဒါက လှမျိုးမောင် အမှုလမ်းကြောင်း ပြောင်းသွား အောင်. . ပြောတဲ့စကားပါ။ သက်သေတစ်ခုက လှမျိုးမောင် ရဲ့ လက်စွပ်ပဲ. . ."

"လက်စွပ်. . . ဟုတ်လား. . ."

"အင်း. . . လှမျိုးမောင် ဝတ်ထားတဲ့ လက်စွပ်ဟာ ဘုဒ်ပါနှင်း ဆွဲကြိုးက တြိဂံလခြမ်း ဆွဲပြားလေးအတိုင်း. . တစ်ထပ်တည်းပဲကွ"

"ချစ်သူတွေမို့ ဆင်တူဝတ်ထားသလားမှ မသိတာ"

"မင်းပြောသလို ငါလက်ခံပါတယ်. . ဒီတြိဂံ လခြမ်း လေး သမိုင်းကြောင်းကို သိရတဲ့အခါ ကျရင်တော့ အဖြေတစ် ခုပေါ်ပြီ. . ."

"ခု ဘယ်လဲ. . . ဌာနကိုလား"

"ဆရာကြီး ဇေယျဆီကို မောင်းကွာ. . ငါကို ဖုန်း ဆက်ပြီး ခေါ်ထားတယ်၊ ကိစ္စတစ်ခုခု ရှိလို့နေမယ်. . ."

သမိုင်းသုတေသန ပါမောက္ခကြီး နေအိမ်သို့. . ကား

လေး မောင်းဝင်လာခဲ့တော့သည်။

အိမ်ထဲသို့ ဝင်သည်နှင့် ဆရာကြီးနှင့် သက်တူရွယ်တူ လူကြီးတစ်ယောက်ကိုပါ တွေ့လိုက်ရသည်. . .

"လာကွာ. . မောင်မင်းဆက် ထိုင်"

ဆရာကြီးရှေ့တွင် ဝင်ထိုင်လိုက်သည်နှင့်. . .

"မောင်မင်းဆက်ကို မိတ်ဆက်ပေးရဦးမယ်. . သူ့နာမည်က ဦးချစ်ခိုင်တဲ့ ဆရာ့လို သမိုင်းသုတေသီတစ်ဦးပဲ"

"ဟုတ်ကဲ့. . ကျွန်တော် မင်းဆက်ပါ၊ သူက. . ယဉ်မောင်"

"မောင်ရင်တို့ နှစ်ယောက်ကိုတော့ ဇေယျက ပြောထားလို့ သိပြီးပါပြီ. . ."

"မောင်မင်းဆက်. . ."

"ပြောပါ. . ဆရာကြီး"

"မောင်မင်းဆက်ပြောတဲ့ ရွှေပန်းတွာ ဘုရင်မသမိုင်းကြောင်းနဲ့ ပတ်သက်ပြီးတော့. . သိခဲ့ရပြီကွဲ့"

"ဗျာ. . . ကောင်းတာပေါ့ ဆရာကြီးရယ်"

"ချစ်ခိုင်က မင်းပြောတဲ့. . ရွှေပန်းတွာဘုရင်မ သမိုင်းကြောင်းကို ပြောပြလိမ့်မယ်"

"မောင်ရင် ပြောတဲ့. . ရွှေပန်းတွာဘုရင်မဟာ အန်ယ်တို့ မြန်မာပြည်က. . ပန်းတွာ ဘုရင်မနဲ့ ဘယ်လိုမှသက်ဆိုင်ဘူး. . ကွဲပြားတယ်။ စကားလုံး ဝေါဟာရချင်းသည်း ကွဲတယ်၊ ခက်တာက မောင်ရင်ပြောတဲ့ ရွှေပန်းတွာဘုရင်မ အမည်က ဟုတ်ပေမယ့်. . အထောက်အထား မရှိတော့ ပြောရတာ ခက်တယ်. . ."

မင်းဆက်က သူ့အိတ်ထဲမှ တြိဂံလခြမ်း ဆွဲပြားလေး ပြလိုက်တော့. . .

"လုံးဝ သေချာတယ်. . ဒါဟာ ရွှေပန်းတွာဘုရင်မဘွဲ့ရဲ့ ကိုးကွယ်ရာ တြိဂံလခြမ်း တံဆိပ်ပဲ. . ."

"ဆရာကြီးပြောသလို ရွှေပန်းတွာဘုရင်မဟာ မြန်မာငံနဲ့ မပတ်သက်ဘူးဆိုတော့ ဘယ်နိုင်ငံနဲ့ ပတ်သက်နေလဲ"

"အိန္ဒိယပြည် မြောက်ပိုင်း လူမျိုးစုတစ်စုပဲ၊ ရှင်းအောင်ပြာရရင်. . အိန္ဒိယနိုင်ငံမှာ ပထမဆုံး လူသားတွေလို့ ခံယူထားတဲ့ လူမျိုးစုတစ်စုနဲ့ ပတ်သက်တယ် ဆိုရမှာပေါ့. . ာသာရေးဘက်မှာ အစွန်းရောက်ပြီး၊ သီးခြား နေထိုင်ကြတယ်. . အိန္ဒိယမြို့ကြီးတွေနဲ့ အရမ်းကိုဝေးတဲ့ ဒေသတစ်မှာ နေထိုင်ကြတယ်. . သူတို့တွေဟာ မြွေနဲ့ ပတ်သက်ပြီး

အရမ်းကို နိုင်နင်းကြတယ်၊ ကလေးသူငယ်တွေက အစ. .
မြွေနဲ့ ကစားတဲ့ လူမျိုးစုတွေ"

"ခုထိ. . ရွှေပန်းတြွာဘုရင်မရဲ့ မျိုးနွယ်စုလို့ ခံယူထား
တဲ့ သဘောပေါ့. . ."

"ဟုတ်တယ် မောင်ရင်၊ အန်ကယ်တို့ မြန်မာနိုင်င
သမိုင်း သုတေသနအဖွဲ့နဲ့ အိန္ဒိယနိုင်ငံ သမိုင်းပညာရှင်
ပူးပေါင်းပြီး. . အဲဒီလူမျိုးစုတွေ နေထိုင်တဲ့ ဒေသကို သွား
ကြတယ်. . ခရီးက ကြမ်းတဲ့အပြင် ရာသီဥတုကလည်း ဆိုး
တော့ သွားကြတဲ့အုပ်စုထဲက. . အိန္ဒိယ သမိုင်းပညာရှ
(၁)ဦးတောင် ဆုံးပါးခဲ့ရတယ်၊ အန်ကယ်တို့လည်း တြိဂံလခြ
တွေကို ကိုးကွယ်တဲ့ ရွာလေးမှာ တစ်ပတ်လောက် နားပြီး
သုတေသနလုပ်ငန်းကို စခဲ့ကြရတယ်. . ဒီလို ရှာဖွေရင်း
အံ့သြစရာကောင်းတဲ့ ရှေးဟောင်းဂူကြီးတစ် လုံး
တွေ့ခဲ့ပေမယ့်. . ဂူကြီးအဆုံးအထိကို မဝင်နိုင်ခဲ့ဘူး။ အန်
ကယ်တို့ ဝင်နိုင်ခဲ့တဲ့ နေရာတစ်ခုကတော့. . ရွှေပန်းတြွာ
ဘုရင်မ (၁၀)ရဲ့ ဂူဝထိပဲ ရောက်ခဲ့တယ်. . အဲဒီက ပျူဘာသ
နဲ့ ရေးထိုးထားတဲ့ ကျောက်စာတွေကိုပဲ. . မှတ်တမ်းတင်
ခဲ့တယ်. . ."

"ဘယ်လိုကြောင့် ပျူဘာသာနဲ့ ဖြစ်နေရတာလဲ. ."

"အန်ကယ်တို့လည်း ပထမ နားမလည်နိုင်အောင်
ဖြစ်မိတယ်. . နောက်ကျောက်စာထဲက သမိုင်းကြောင်းတစ်
ခုကို ဖတ်ရတော့မှ ရှင်းသွားခဲ့တယ်. . ပျူခေတ်ပျက်လုလု
အချိန်မှာ ထွက်ပြေးလွတ်မြောက်သွားတဲ့ လူတစ်စုဟာ. .
အိန္ဒိယပြည်ထဲကို ရောက်ပြီး၊ ခုလို ဒုတိယရွှေပန်းတြွာ မျိုးဆက်
ကို တည်ထောင်ခဲ့ကြတာပဲ. . ."

"ဆရာကြီး ပြောသလိုဆို. . ရွှေပန်းတြွာ ဘုရင်မ
(၁)ရဲ့ အုတ်ဂူဆိုတော့ တခြားဂူတွေ ရှိဦးမှာပေါ့. . ."

"ရှိနိုင်တယ်. . အန်ကယ်တို့လည်း ဆက်ပြီးတော့
ဝင်နိုင်ဘူး. . နောက် အန်ကယ်တို့ မြန်မာနိုင်ငံကို ပြန်
ရောက်ပြီး တစ်နှစ်လောက်ကြာတော့ ဒီဂူကြီးဟာ တောင်ပြို
ကြီးတစ်ခု ဖြစ်ပွားပြီး. . လုံးဝပျောက်ကွယ်သွားတယ်
ဆိုတာတော့ ကြားခဲ့ရတယ်၊ ဒီနောက်တော့ အန်ကယ်တို့
လည်း နောက်မသွားဖြစ်တော့ပါဘူး. . ခု ရွှေပန်းတြွာဘုရင်မ
အမည်နဲ့ တြိဂံလခြမ်း တံဆိပ်တွေ ပေါ်လာတာဟာ. .
အန်ကယ့်ကို အံ့သြစရာကောင်းနေတာတော့ အမှန်ပဲကွာ"

"ကျွန်တော်တို့လည်း ဒီအတွက် တော်တော်လေးကို

စဉ်းစားစရာ ဖြစ်နေပါတယ်. . ဆရာကြီး၊ ဒါဟာ ကော
သော ကိစ္စမဟုတ်ဘူးဆိုတာတော့. . စပြီးတွေ့နေရပါ
“ဆရာကြီး အမြင်တစ်ခု ပြောရရင်. . တြိဂံလ
ကို ယနေ့တိုင် ကိုးကွယ်နေတဲ့ လူမျိုးစုတွေဟာ. . ခုလို
ပြည် မပြောနဲ့ သူတို့နဲ့ အနီးဆုံး မြို့ပေါ်တောင် သွားကြ
မဟုတ်ဘူး. . ဒါဟာ တြိဂံလခြမ်း လူမျိုးစုကို ခုတုံးလုပ်
လှုပ်ရှားနေကြတာ ဖြစ်နိုင်တယ်. . .”

“ဆရာကြီးပြောတာ အများကြီး ဖြစ်နိုင်ပါတယ်. .
ရွှေပန်းတြွာဘုရင်မနဲ့ ရတုဒီပါနှင်းလို နိုင်ငံကျော် မင်းသမီး
ဘာကြောင့် ပတ်သက်နေတယ်ဆိုတာဟာ သိပ်ကိုအရေး
တဲ့ ကွင်းဆက်ပါဆရာကြီး. . ခုလို ရှင်းပြတာကို ကျေး
အထူးတင်ပါတယ်. . ဆရာကြီး၊ ဒီပြင်တာဝန်ပိုင်း လေး
ရှိသေးလို့ ခွင့်ပြုပါဦး. . .”

“ကောင်းပြီ. . မောင်မင်းဆက်၊ ထူးခြားရင်လ
ပြောဦးပေါ့. . .”

“ဟုတ်ကဲ့. . .”

မင်းဆက်တို့ နှစ်ယောက် အပြင်သို့ ထွက်ခဲ့ကြ
“မင်းဘာဆက်ပြီး. . လုပ်မလဲ”

“သေသွားတဲ့ ရတုဒီပါနှင်းဆီကတော့ ရွှေပန်းတြွာ
ဘုရင်မနဲ့ ဘယ်လို ပတ်သက်ဆိုတာကို မရနိုင်သေးခင်. .
လူမျိုးမောင်ဆီက ရအောင်တော့ လုပ်ရမယ်”

“မင်းဆိုလိုတာက မင်း. . လှမျိုးမောင်ကို ဖမ်းမှာ
လား”

“ဒါကို ဆုံးဖြတ်ချက်ချလို့ မရသေးဘူး. . ဒီည
ရောက်ခင် ဖမ်းနိုင်တဲ့ သက်သေမရရင်တော့ ရန်ကုန်ထိ
လိုက်ပြီး. . အဖြေရှာရမှာပဲ ယဉ်မောင်”

“မင်း. . . ရဲချုပ်ကြီးဆီကို အကြောင်းကြား ကင်ပြရဦး
မပေါ့. . .”

“ခွင့်ပြုမှာပါ. . .”

“တီ. . တီ. . တီ”

ဟန်းဖုန်းခေါ်သံကြောင့်. . မင်းဆက် နားထောင်
လိုက်တော့ နယ်မြေခံစခန်းမှူးဆီက ဖုန်းဖြင့် လှမ်းပြီးခေါ်တာ
ကြောင့်. . ရဲစခန်းဆီသို့ မောင်းလာခဲ့လေသည်။

ရဲစခန်းထဲသို့ ရောက်တော့ စခန်းမှူးကိုအောင်အောင်
နှုတ်ဆက်ပြီးကြိုကာ စခန်းထဲသို့ ဝင်ခဲ့လေသည်။

“ဘာတွေ ထူးခြားလို့လဲ စခန်းမှူးကြီးရဲ့. . .”

"ထူးခြားတယ်. . ဆရာမင်းဆက်ရေ၊ အခန်းထဲ
ရောက်တော့သိမယ်. . ."

စခန်းမှူးအခန်းထဲသို့ ရောက်တော့. . ဓာတ်ပုံဆ
ဘိုဘိုကိုပါ တွေ့လိုက်ရသည်. . ဘိုဘိုက အောက်ဒိုးက
ရာ သမားတစ်ဦးဖြစ်ပြီး ဓာတ်ပုံပြိုင်ပွဲအတွက် ပြင်ဆင်နေ
ဖြစ်သည်။

"ဆရာမင်းဆက်. . ."

"ဘိုဘိုပါရောက်နေတာကိုး. . ."

"ဟုတ်တယ်. . ထူးခြားတဲ့ ဓာတ်ပုံလေးကို လာ
ပြတာ. . ."

စားပွဲပေါ်တွင် တင်ထားသော ဓာတ်ပုံ(၃)ပုံကို
လိုက်တာကို ကြည့်တော့. . .

တောစပ်ထဲမှ တယောအိတ်တစ်လုံးကို ဆွဲပြီး
ထွက်လာသော လှမျိုးမောင်ဓာတ်ပုံတွေပင် ဖြစ်သည်. .
တဲ့နှစ်ပုံက မော်တော်ဆိုင်ကယ်ပေါ် တက်ပြီး. . မောင်းထွ
သွားတဲ့ ဓာတ်ပုံတွေပင် ဖြစ်သည်။

"ဆရာမင်းဆက်. . ဒါ ရုပ်ရှင်မင်းသမီး ရတုဒီပါ
သေဆုံးတဲ့ နေရာနဲ့ သိပ်ပြီးမကွာတဲ့ နေရာလေးပဲ"

"ဟုတ်တယ် စခန်းမှူး. . ဒီနေရာကို ရတုဒီပါနှင်း ဆုံး
နေ့ကတောင် ရောက်ခဲ့သေးတယ်. . ဆိုင်ကယ်ဘီးရာ တွေ
လည်း တွေ့ခဲ့တယ်. . ဒါ့ထက် ဘိုဘိုက ဘယ်လိုရိုက်ကူးခဲ့
ာလဲ. . ."

"ကျွန်တော်က ပြိုင်ပွဲအတွက် တောရှုခင်းတွေကို
ာတ်ပုံရိုက်ဖို့ ပြင်ဆင်နေတုန်း. . လူတစ်ယောက် ခပ်သွက်
ွက်လာနေတာကို စိတ်ထဲမှာ သိပ်ပြီး မသင်္ကာတာနဲ့ ရိုက်ယူ
ိုက်တာပဲ ဆရာမင်းဆက်. . ."

"လှမျိုးမောင်ကတော့ ကျွန်တော်ထင်တဲ့အတိုင်း လူ
သတ်တရားခံ ဆိုတာတော့ သေချာသလောက်တော့ ရှိနေပါ
ြီ. . သူဆွဲလာတဲ့ တယောအိတ်ဟာ၊ သေနတ်ထည့်ယူလာ
ဲ့ အိတ်ပဲ ဖြစ်ရမယ်. . ."

"ဆရာမင်းဆက်. . သူ့ကို မြို့က မထွက်ခွာခင် ထိန်း
ိမ်းလိုက်ရမလား. . ."

"လှမျိုးမောင် ဟိုတယ်မှာ ရှိနေတယ်ဆိုတော့ ဝင်ပြီး
မ်းကြတာပေါ့. . ဒါပေမယ့် ကိုယ့်ဘက်ကတော့ ပိပိရိရိနဲ့
ပ်ဆောင်ရမယ်. . . အရပ်ဝတ်နဲ့ သွားပြီးဖမ်းကြမယ်"

"ကောင်းပြီ. . . ဆရာမင်းဆက်"

"ဘိုဘို. . . မကျေးဇူးပဲကွာ"

"ဆရာမင်းဆက်. . မလိုပါဘူး၊ ဒါဟာ တာဝန်သိ မယ့် ကိစ္စပါဗျာ. ."

စခန်းမှူး ကိုအောင်အောင် အရပ်ဝတ်နှင့် လိုက်ပါ လာခဲ့ပြီး. . ဟိုတယ်ဆီသို့ ပြန်ပြီး လာခဲ့ကြရသည်။

"ဒီလို လူမျိုးတွေက ခေါင်းမာပြီး. . ပရိယာယ်များ တယ်၊ လွယ်လွယ်နဲ့တော့ ဖြောင့်ချက်ပေးမှာ မဟုတ်ဘူး. . ကိုယ့်ဘက်က ထုတ်ဖော်နိုင်အောင်တော့ ကြိုးစားပြီး မေးမြန်း ရမယ်. . စခန်းမှူးကြီးရေ"

"သူပဲ တော်သလား၊ ကိုယ်ပဲ ညံ့သလားဆိုတာတော့ ကြည့်ရဦးမှာပေါ့. . ."

"တစ်ခုတော့ သတိထားရမှာက. . လှမျိုးမောင်ဟာ တစ်ဦးတစ်ယောက်တည်း လှုပ်ရှားနေတဲ့သူတော့ မဟုတ် ဘူး. . သူ့နောက်မှာ အလွန်ကြောက်စရာကောင်းတဲ့ အဖွဲ့ အစည်း ရှိနေတယ်. . ဒါကြောင့် သူ့ကြောင့် နောက်ဆက်တွဲ တွေပါ လိုက်ပြီး ပျောက်ကွယ်သွားနိုင်တယ်. . သတိတော့ ထားကြ. . ."

ဟိုတယ်ကို ရောက်တော့. . ဒေါ်ခင်မာလာကို

ကောင်တာတွင် တွေ့လိုက်ရသည်. . .

"ငါ့တူတွေ ဘယ်သူ့ဆီလာတာလဲကွဲ့. . ."

"ကိုလှမျိုးမောင် ဆီကိုပါ"

"ဩော်. . ဟိုမှာ ရေကူးနေတယ်၊ ဘာကိစ္စများ ရှိ လို့လဲ. . ."

"မင်းသမီး ပွင့်ဦးသဇင်နဲ့ ပတ်သက်ပြီး. . သိချင်တာ လေးတွေ ရှိလို့ လာခဲ့တာပါ. . ."

"အေး. . . အေး သွားတွေ့လိုက်ပါ"

ရေကူးကန်ထဲတွင် ရေကူးနေသော လှမျိုးမောင်. . သူတို့ကို မတွေ့ဘဲ တစ်ဖက်ဆီသို့ ကူးပြီးနားမှ တွေ့သွားသ ဖြင့် ပြန်ပြီးကူးလာခဲ့သည်. . .

မင်းဆက်တို့နားသို့ ရောက်တော့ မတ်တပ်ရပ်လိုက် သည်. . .

"ဒုတ်. . ."

"ဝုန်း. . ."

"ဟင်. . ."

"ဟာ. . ."

ရေကူးကန်ထဲတွင်. . သွေးချင်းချင်းနီသွားသည်။

လှမျိုးမောင်တစ်ယောက် ရှေ့သို့ မှောက်ရက်ကျသွားခဲ့ပြီး . . .
သွေးများက မြင်မကောင်းအောင်ပင် . . .

"ယဉ်မောင်နဲ့ ကိုအောင်အောင် ဒီမှာနေခဲ့ဦး . . ."

မင်းဆက် . . ကားဆီသို့ပြေးကာ ဟိုတယ်ထဲမှ
မောင်းထွက်ခဲ့သည် . . အဝေးဆီမှ ဆိုင်ကယ်တစ်စီး အတင်း
မောင်းပြေးသွားလေသည် . . . ။

မင်းဆက် ထွက်ပြေးသွားသော ဆိုင်ကယ်ကို မှီ
အောင်လိုက်ရင်း . . စက်ဖြင့် လုံခြုံရေးဂိတ်ကို အကြောင်း
ကြားလိုက်သည်။

ဆိုင်ကယ်သမားမှာ မောင်းပြေးရင်း . . ရှေ့မှ လုံခြုံ
ရေးတပ်ဖွဲ့များက ပိတ်ဆို့ထားပြီး ဖြစ်တာကြောင့် ဆိုင်ကယ်
ကို ဘေးဘက်သို့ ထိုးဆင်းရန်ပြင်လိုက်သည်နှင့် မင်းဆက်
သေနတ်နှင့် ဆိုင်ကယ်သမား . . ခြေထောက်ကို ပစ်ချလိုက်
သည် . . .

"ဒိုင်း . . ."

"အား . . ."

ဆိုင်ကယ်ရော လူပါဘေးသို့ ကျသွားသည်နှင့်
အပြေးကလေးသွားပြီး မင်းဆက်သေနတ်နှင့် ချိန်ရွယ်ထား

လိုက်သည် . . . ။

"အေးအေးဆေးဆေး လိုက်ခဲ့နော် . . နောက်တစ်
ချက်ကျည်ဆံက ခြေထောက်ကို ပစ်မှာမဟုတ်တော့ဘူး"

"ဟုတ်ကဲ့ . . . လိုက်ခဲ့ပါမယ်"

လုံခြုံရေး တပ်ဖွဲ့ဝင်များ ရောက်လာပြီး . . .

"ဆရာမင်းဆက် . . ."

"သူ့ကို အရင်ဆေးရုံမှာ ဆေးထည့်ပြီးတာနဲ့ ဌာနကို
ခေါ်ခဲ့ကွာ"

"ဟုတ်ကဲ့ . . ."

မင်းဆက် . . လှမျိုးမောင် လုပ်ကြံခံရသော ဟိုတယ်
ဆီသို့ ပြန်လာခဲ့တော့သည်။

အခြေအနေကတော့ ပိုပြီးတော့ ရှုပ်ထွေးနေပြီ . .
ဆိုတာတော့ မင်းဆက် သဘောပေါက် လိုက်လေသည်။

လှမျိုးမောင်ကို နှုတ်ပိတ်ခြင်းလား . . တစ်ခုခုမှားယွင်း
မှုကြောင့် အပြတ်ရှင်းသလားကိုတော့ ဖမ်းမိတဲ့သူဆီက . .
သိရမှာ ဖြစ်တော့သည် . . . ။

“မင်းနာမည်က. . .”

“အန်ထူးလို့. . ခေါ်ပါတယ်”

“ဘာလူမျိုးလဲ. . .”

“ရှမ်းလူမျိုးတစ်ဦးပါ. . .”

“မင်း လူမျိုးမောင်ကို ဘာကြောင့် သတ်ရတာလဲ. .”

“ပိုက်ဆံကြောင့်ပါ. . .”

“ဘာ. . . ပိုက်ဆံကြောင့် ဟုတ်လား”

“ဟုတ်ပါတယ် ဆရာ. . ကျွန်တော်က ကြေးစား တစ်ယောက်ပါ”

“မင်း. . ညာနေတာလား”

“မဟုတ်ပါဘူး. . အမှန်အတိုင်း ပြောနေတာပါ

ကျွန်တော့်ကို ငွေနဲ့ ခိုင်းလို့ လုပ်ကြံပေးရတာကလွဲပြီး. . ဘာမှ မသိပါဘူး. . .”

“ဒါဆို. . မင်းကို ဘယ်သူခိုင်းတာလဲ”

“အမျိုးသမီး တစ်ဦးပါ. . နာမည်တော့ မပြောဘူး”

“မင်းနဲ့ ဘယ်လိုဆက်သွယ်မိလဲ. . .”

“ဦးခွန်ဖဆိုင် ဆီက တစ်ဆင့် ဆက်သွယ်တာပါ”

“ဦးခွန်ဖဆိုင်ဆိုတာ လက်ဖက်ခြောက် ပွဲရုံပိုင်ရှင်ကို ပြောတာလား. . .”

“ဟုတ်ပါတယ်. . ဆရာ၊ ကျွန်တော့်စကားကို မယုံရင် သူ့ကိုသွားမေးကြည့်ပါ”

“ယဉ်မောင်. . .”

“ပြော. . . မင်းဆက်”

“မင်းနဲ့အတူ စခန်းမှူးကိုအောင်အောင် တပ်ဖွဲ့နဲ့ ဦးခွန်ဖဆိုင်ကို သွားပြီးခေါ်ခဲ့ကွာ. . .”

“အေး. . .”

“အမြန်ဆုံး. . ယဉ်မောင်၊ ဒီလူ ခုသတင်းကြားတာနဲ့ ထွက်ပြေးနိုင်တယ်. . .”

“စိတ်ချ. . .”

ယဥ်မောင်ထွက်သွားပြီ။ မင်းဆက် . . အန်ထွေး
သိချင်တာလေးတွေ ထပ်စစ်မေးပြီး . . .

"မင်းလည်း နားပါဦး . . ."

"ဟုတ်ကဲ့ဆရာ"

မင်းဆက် စိတ်ထဲတွင် . . ဒေါ်ခင်မာလာကို သံသ
ဖြစ်သွားပြီး ဟိုတယ်ဆီသို့ ဖုန်းဆက်တော့ . . .

"ဟဲလို . . . မန်နေဂျာ"

"ဟုတ်ကဲ့ . . ."

"ငါ . . မင်းဆက်ပါ"

"ပြော် . . . ပြောပါဆရာ၊ ဘာကိစ္စလဲ . . ."

"ဟိုတယ်မှာ ရုပ်ရှင်မင်းသမီးအဒေါ် ရှိသေးလား . ."

"ဟာ . . ဆရာ ခုလေးတင် ခရီးဆောင်အိတ်တွေ
ထွက်သွားပြီ . . ."

"ဘာ . . ပြန်တဲ့သဘောပေါ့"

"ဟုတ်တယ် ဆရာ . . အခန်းသော့တောင် ပြန်
အပ်သွားပြီ"

"သူ . . ဘာနဲ့ သွားလဲ"

"ဟိုတယ်က . . အငှားကားနဲ့ပဲ ဆရာ"

မင်းဆက် ထင်တဲ့အတိုင်း . . ဒေါ်ခင်မာလာ တစ်
ယောက် စတင်ပြီး ရှောင်ပြေးလေပြီ။

ဒေါ်ခင်မာလာ ထွက်လမ်းကို မင်းဆက်စဉ်းစားပြီး၊
ဝေးပြေးကားဂိတ်နှင့်လမ်းကြောင်းတွေကို အကြောင်းကြား
ာ ပိတ်ဆို့မှုတွေကို ပြုလုပ်ထားပေမယ့် . . ဖမ်းမိဖို့တော့
ပ်ပြီး မလွယ်ကူတော့မှန်း သိလိုက်လေသည်။

"ဟူး . . ."

မင်းဆက်တို့ထက် သူတို့ဘက်က ပိုပြီး . . လျင်နေ
ာကို တွေ့လိုက်ရတာကြောင့် အမှုနှင့်ပတ်သက်ပြီးတော့
မြဲ အာရုံစိုက် လုပ်ဆောင်ရမည် ဖြစ်တော့သည်။

"မင်းဆက် . . ဦးခွန်ဖဆိုင် ပါလာပြီ"

"ခေါ်ခဲ့ကွာ . . ."

မင်းဆက် . . အခန်းထဲသို့ ဦးခွန်ဖဆိုင် ရောက်လာ
သည်နှင့် . . .

"ကဲ . . ဦးခွန်ဖဆိုင် ခင်ဗျား ဘာပြောချင်လဲ"

"ကျုပ်က . . ဘာကိုပြောရမှာလဲ"

"ခင်ဗျား . . မသိသေးဘူးပေါ့၊ ဒါမှမဟုတ် မသိချင်
ယောင်ဆောင်နေတာလား . . ဦးခွန်ဖဆိုင်"

"မောင်ရင်ပြောနေတာကို ဘာမှမသိဘူး"

"ကောင်းပြီ . . သိရမှာပေ့ါ . . အန်ထူးကိုတော့ သိမှာပေ့ါ"

"ဟာ . . မသိဘူး"

"ဆက်ပြီး . . ခင်ဗျားငြင်းနေရင်၊ ခင်ဗျားအတွက် အကျိုး မရှိဘူး"

"ကျုပ်တကယ်ကို . . မသိတာပါ"

"ယဉ်မောင်ရေ . . အန်ထူးကို ခေါ်ခဲ့ကွာ"

"အေး . . ."

"ဦးခွန်ဖဆိုင် . . ခင်ဗျားက၊ လက်ဖက်ခြောက်ပွဲ အယောင်ပြပြီး . . အောက်လိုင်းက ကိစ္စတွေကို ပွဲစားလုပ် နေတာကို ကျုပ်တို့ဘက်က ခိုင်ခိုင်လုံလုံ သိထားပြီးပြီ . . ခင်ဗျား ပွဲရုံထဲမှာ တရားမဝင် ပစ္စည်းတွေကို သိမ်းဆည်းထား တာကအစ သိတယ် . . ."

"ဟင် . . ."

"ခုလောက်ဆို သိမ်းဆည်းနေပါပြီ"

"မင်းဆက် . . ရောက်ပြီ"

"ကဲ . . . အန်ထူး မင်းကို မသိဘူးတဲ့"

"ခင်ဗျား . . ဘာမသိရမှာလဲ၊ ဟိုအမျိုးသမီးကို ခင်ဗျား ခေါ်လာပေးတာလေ . . ."

"အန်ထူး . . . မင်း . . မင်း"

"ဦးခွန်ဖဆိုင် ဆက်ပြီး . . ငြင်းချင်ရင် ငြင်းလေ၊ ရပါ တယ်"

"ကျုပ် . . မငြင်းတော့ပါဘူး၊ ဟုတ်ပါတယ် . . ."

"အဲဒီအမျိုးသမီးက . . ရုပ်ရှင်မင်းသမီးရဲ့ အဒေါ် ဒေါ်ခင်မာလာ မဟုတ်လား . . ."

"ဟင် . . ဟုတ်ပါတယ်"

"သူနဲ့ ခင်ဗျားက ဘယ်လို ပတ်သက်လဲ"

"ရန်ကုန်မှာ ခင်မင်ခဲ့ကြတာပါ . . ဒီကိုရောက်တော့ က အကူအညီတောင်းတာနဲ့ . . အန်ထူးကို ငှားပေးလိုက် . . ."

"ခင်ဗျား . . ဒေါ်ခင်မာလာနဲ့ ပတ်သက်ပြီး၊ ခင်ဗျား သိတာရှိလဲ . . ."

"သိပ်ပြီး . . ထွေထွေထူးထူးတော့ မသိပါဘူး"

"ကောင်းပြီ . . ယဉ်မောင်၊ သူတို့နှစ်ယောက်ကို စခန်း လွှဲပေးလိုက်တော့ . . ."

"အေး. . ."

ဦးခွန်ဖဆိုင်ကို ခေါ်သွားမည် အပြု. . .

"ယဉ်မောင် နေဦး. . ."

ဦးခွန်ဖဆိုင် လက်မှ လက်စွပ်ကလေးဆီသို့ မျက်[illegible] ရောက်သွားပြီး. . .

"ယဉ်မောင်. . အန်ထူးကိုပဲ လွှဲပေးလိုက်၊ ဦးခွန်ဖဆို[illegible] နဲ့ စကားပြောစရာ ရှိသေးတယ်"

မင်းဆက်. . ဦးခွန်ဖဆိုင်ကို စိတ်လောပြီး မေးလို[illegible] နိုင်မှန်းသိတာကြောင့် အချိန်ယူကာ ပြင်ဆင်လိုက်သည်[illegible]

"ဦးခွန်ဖဆိုင်. . ကော်ဖီသောက်မလား"

"ကောင်းတာပေါ့ကွာ. . ကော်ဖီလေးနဲ့ စီးကရ[illegible] လေးသောက်ရရင် အဆင်ပြေတယ်"

"ဒါဆို ခဏလေးစောင့်ပါ. . စီစဉ်ပေးပါ့မယ်"

မင်းဆက်. . အပြင်သို့ထွက်ပြီး၊ ဦးခွန်ဖဆိုင်အတွ[illegible] ကော်ဖီနှင့် စီးကရက်ဗူးကို ချပေးလိုက်သည်။

ဦးခွန်ဖဆိုင်. . ကော်ဖီသောက်ရင်း-

"ဆရာမင်းဆက်. . တစ်ခုခုကို သိချင်နေတယ်နဲ့[illegible] တယ်. . ဒေါ်ခင်မာလာနဲ့ ပတ်သက်ပြီးတော့ ကျုပ်သိတာ[illegible]

[illegible]ော့ ဒီထက်မပိုပါဘူး. . ."

"ဒေါ်ခင်မာလာအကြောင်းက သိဖို့မလိုတော့ပါဘူး၊ [illegible]သာက်ဆို သက်ဆိုင်ရာအဖွဲ့တွေက ဖမ်းမိလောက်ပါပြီ"

"ဟင်. . ."

မင်းဆက် ခပ်တည်တည်ဖြင့် ပြောလိုက်သည့်စကား [illegible]ကြောင့် ဦးခွန်ဖဆိုင် မျက်နှာကွက်ခနဲ ပျက်သွားသည်. . .

"ဒါဆို. . ဘာကို သိချင်တာလဲ"

"ဦးခွန်ဖဆိုင်တို့ရဲ့ ဒြဂံလခြမ်း အဖွဲ့အကြောင်း. . ."

"ဘာ. . ."

ဦးခွန်ဖဆိုင် မျက်နှာတွင် သွေးမရှိသလိုပင် ဖြစ်သွား[illegible]သည်။

"ဟာ. . မသိဘူး၊ ဟိုကောင် အန်ထူး ပေါက်ကရတွေ [illegible]ာတာ. . ."

"အန်ထူးဆိုတဲ့ကောင်က. . ဒီလောက်ထိ မသိပါ[illegible] ဦးခွန်ဖဆိုင်၊ ကျုပ်သိနေတာ ကြာပြီ. . ဒါပေမယ့် ခုလို [illegible]ားကို ခိုင်လုံတဲ့ အထောက်အထားနဲ့ ဖမ်းဆီးမှုမရှိသေးလို့ [illegible]င့်ကြည့်နေ တာပါ"

"မင်းပြောတဲ့. . ဒြဂံလခြမ်းအဖွဲ့ဆိုတာကို ကျုပ်မ

သိဘူး . . ."

"ခင်ဗျား မဖော်လည်း . . ဒေါ်ခင်မာလာ ဖော်
လေ၊ ခင်ဗျား ငြင်းနေတာ အလကားဖြစ်နေမှာပဲ . . ကျ
ဘက်က ဘယ်ကိုစွမဆို သံသယနဲ့ မစစ်ဆေးဘူး
ဦးခွန်ဖဆိုင်တို့ကို ခိုင်လုံတဲ့ အထောက်အထားရှိလို့ စစ်ဆေး
တာ . . တြိဂံလခြမ်းအဖွဲ့ဝင် ယောက်ျားလေးတွေကို လက်
အဖြစ် ဝတ်ထားပေးပြီး . . မိန်းကလေးတွေကို ဆွဲပြား အ
ဆွဲတတ်ကြတယ်၊ ခင်ဗျား ဘာပြောချင်လဲ . . ."

မင်းဆက်က အားလုံးကို သိထားပြီးသော ပုံစံ
ပြောလိုက်တော့မှ . . ဦးခွန်ဖဆိုင် တွေဝေသွားသည်။

"ခင်ဗျားအတွက် အကျိုးရှိစေရမှာပါ . . ."

"ဘယ်လို အကျိုးရှိနိုင်မှာလဲ . . ."

"အစိုးရသက်သေ အဖြစ် . . ကျုပ်ကူညီပေးမယ်
ဒါဆို အမှုနဲ့ ပတ်သက်ပြီး သက်ညှာနိုင်တာပေါ့ . . ."

"ဒါဆို ကျုပ်ဝန်ခံပါ့မယ် . . ."

"ကျေးဇူးတင်ပါတယ် . . ဒါဆို ဦးခွန်ဖဆိုင်ပဲ
ပြောပါ . . ."

"ကျုပ်ဟာ ရွှေပန်းတြွာဘုရင်မရဲ့ တြိဂံလခြမ်း

တစ်ဦးဆိုပေမယ့် . . ခုထိ ရွှေပန်းတြွာဘုရင်မ ဆိုတာကို
ခါမှ မမြင်ဘူးခဲ့ပါဘူး . . ကျုပ်တို့ကို ဦးဆောင်တဲ့ သူက
ကုန် မှာနေတဲ့ ဦးခန့်မင်းပါ"

"ဦးခွန်ဖဆိုင် တာဝန်က ဘာလဲ"

"နယ်စပ်က ပစ္စည်းတွေကို ရောင်းဝယ်ပေးဖို့ပါပဲ"

"ပစ္စည်းဆိုတာ ဘာလဲ . . ."

"မူးယစ်ဆေးဝါးတွေ . . ."

"တြိဂံအဖွဲ့က မူးယစ်ဆေးဝါး အဖွဲ့တစ်ခုပေါ့ . . ."

"ဒါတော့ ကျုပ်မသိဘူး . . ကျုပ်တာဝန်က ရောင်းရ
ငွေတွေကို ဘဏ်ကနေ လွှဲပေးရပါတယ် . . ."

"မြန်မာဘက်ကလား . . ."

"မြန်မာဘက်ကနေ မြန်မာငွေကို လွှဲပေးပြီး . . အိန္ဒိယ
ဘက်ကနေ ဒေါ်လာကို လွှဲပေးရတယ် . . ."

"တြိဂံလခြမ်းအဖွဲ့ရဲ့ ရည်ရွယ်ချက်တွေကို ဘာသိ
သားလဲ . . ."

"ကျုပ်မညာပါဘူး . . ကျုပ်က ငွေရမယ်၊ သူခိုင်းတာ
ကို လုပ်မယ်ဆိုတာပဲ စိတ်ဝင်စားခဲ့တာ . . ဒီထက်ပိုပြီး ဘာမှ
သိဘူး . . ဒေါ်ခင်မာလာကတော့ ကျုပ်ထက်ပိုသိပါလိမ့်

မယ်. . သူက ဦးခန့်မင်းနဲ့ လူယုံတစ်ဦးဖြစ်သလို တိုက်ထိ
ပုန်း ဇနီးလည်း ဖြစ်တယ်. . . ”

“ရုပ်ရှင် မင်းသမီးရတုဒီပါနှင်းနဲ့ လှမျိုးမောင်ကို ဘ
ကြောင့် သတ်ခဲ့ရတာလဲ”

“ရတုဒီပါနှင်းကို သတ်ရတာက. . အိန္ဒိယ ထော
လှမ်းရေးတွေနဲ့ အပေးအယူ လုပ်ခဲ့လို့ပဲ. . ရတုဒီပါနှင်း
နယူးဒေလီသွားတုန်းက အိန္ဒိယထောက်လှမ်းရေးနဲ့ အ
ရှိခဲ့တာကို သိခဲ့ပြီး. . ရှင်းပစ်တဲ့ သဘောပါ။ ဒီလောက်ပဲ ကျ
သိတယ်. . . ”

“လှမျိုးမောင် ကျတော့ရော. . . ”

“ရတုဒီပါနှင်းကို လက်စဖျောက်တဲ့ နေရာမှာ မ
သပ်ယှက်လို့ပါ. . သူ့ကြောင့် သက်ဆိုင်ရာက ခြေရာခံမိတာ
သိပြီး. . ဆက်ရှင်းလိုက်တာ”

“သက်ဆိုင်ရာက ခြေရာခံမိတယ်ဆိုတာကို ဘယ်
သိလဲ. . . ”

“ဒီလိုပါ. . ဓာတ်ပုံဆရာ ဘိုဘိုရဲ့ သူငယ်ချင်းတ
ယောက်က ကျုပ်တပည့်တစ်ဦးလေ. . သူက ဓာတ်ပုံရို
ဝါသနာပါတယ်၊ တစ်နေ့ ဘိုဘိုဓာတ်ပုံကူးတဲ့ အခန်းထဲမှ

ဒီဓာတ်ပုံကို တွေ့ပြီး. . ကျုပ်ကို ပြောပြလို့ သိခဲ့ရတာပါ။
ဘိုဆီက ဓာတ်ပုံကို ရအောင်ယူဖို့ ကြိုးစားပေမယ့်. .
ခန်းကို သတင်းပေးလိုက်ပြီ ဆိုတာကိုသိလိုက်ရပြီး
ဖွဖြတ်လိုက်တာပါ. . . ”

“ဗြိုဂံလခြမ်းအဖွဲ့ဟာ မြန်မာပြည်ထဲမှာ အင်အား
ဘော်တော်များများ ရှိနေလား. . . ”

“ရှိနိုင်ပါတယ်. . တစ်ယောက်နဲ့ တစ်ယောက် ဘယ်
ဘယ်ဝါဆိုတာ လက်စွပ်၊ ဆွဲပြားနဲ့ပဲ ဆက်သွယ်ကြတာ”

“ဦးခန့်မင်းက အလုပ်ကိုစကလွဲပြီး. . တခြား ခင်ဗျား
နဲ့ တွေ့ဆုံတာမျိုးရှိဘူးလား”

“ရှိတတ်ပါတယ်. . သူ့ရဲ့ မွေးနေ့မျိုးဆိုရင် အဖွဲ့ဝင်
ဘော်တော်များများကို ဖိတ်ပြီး. . လက်ဆောင်ပေးတတ်ပါ
တယ်. . . ”

“လူသတ်တဲ့ ရွှေကျည်ဆံကို ဘယ်သူက. . ထုတ်ပေး
လဲ. . . ”

“ဒေါ်ခင်မာလာ ထုတ်ပေးတာများတယ်. . မြန်မာ
ပြည်မှာ ရတုဒီပါနှင်းဟာ ပထမဆုံး ရွှေကျည်ဆံနဲ့ ရှင်းခြင်း
ခံရသူပါ. . လှမျိုးမောင်ကိုတော့ ရွှေကျည်ဆံ မသုံးခဲ့ပါဘူး”

"ဒီဆုံးဖြတ်ချက်ကို ဦးခန့်မင်းက ဆုံးဖြတ်တာလား"

"ရတုဒီပါနှင်းကို ရှင်းပစ်ဖို့က ဦးခန့်မင်း ဆုံးဖြတ်ချက်၊ လူမျိုးမောင်ကိုတော့. . ဒေါ်ခင်မာလာ ဆုံးဖြတ်တာပါ"

"ဦးခန့်မင်း မွေးနေ့ပွဲက. . ဘယ်တော့လောက် ကျင်းပမလဲ. . ."

"ဖိတ်စာတွေ ပို့ထားပြီးပါပြီ. . ."

"ရန်ကုန်မှာလား. . ."

"မဟုတ်ပါဘူး. . အိန္ဒိယ ဘဟာရီဘုရားကျောင်းမှာ. ."

"ဦးခန့်မင်းက ဟိန္ဒူလူမျိုးတစ်ဦးလား. . ."

"မဟုတ်ပါဘူး. . . ဗမာလူမျိုးပါ"

"ဒီလောက်သိရတာ ပြည့်စုံပါပြီ၊ အေးအေးဆေးဆေး နားလိုက်ပါဦး. . ."

"ယဉ်မောင်ရေ၊ ဦးခွန်ဖဆိုင်ကို ခေါ်သွားတော့ကွာ"

ယဉ်မောင်နှင့် ဦးခွန်ဖဆိုင်ကို ထည့်လိုက်ပြီး. . မင်းဆက် အစီရင်ခံစာရေးကာ အထက်သို့ ချက်ချင်းတင်ပြီး. . လှုပ်ရှားမှုတွေကို အမြန်ဆုံး လုပ်ဆောင်ရတော့မည် ဖြစ်သည်။

ရန်ကုန်တွင် ဦးခန့်မင်းကို လက်ဦးမှုရဖို့အတွက်က ...နှုန်စွာ အရေးကြီးနေလေပြီ။ ဒေါ်ခင်မာလာသာ လွတ် ...မြောက်သွားရင်. . ဦးခန့်မင်း မြန်မာပြည်မှ တိမ်းရှောင်တော့ ...ာ သေချာနေလေပြီ. . ဖြစ်သည်။

"မင်းဆက်. . ."

"ယဉ်မောင်. . ငါတို့ ရန်ကုန်ဌာနချုပ်ကို သွားဖို့ပြင် ...တော့ဟေ့. . ."

"အရေးပေါ်ပြီလား. . ."

"ဟုတ်တယ်. . ခုတောင် နောက်ကျနေပြီလို့ ထင် ...ယ်. . ဒါနဲ့ ငါတို့လမ်းကြောင်းက သတင်းတွေ ဘာဝင်လဲ"

"ခုထိတော့. . ဘာမှ မဝင်သေးဘူး"

"သေချာပါတယ်. . ဒေါ်ခင်မာလာ လွတ်မြောက် ...သွားပြီ. . ယဉ်မောင်"

ရန်ကုန် ဗဟိုဌာနချုပ်သို့ မင်းဆက်နှင့် ယဉ်မောင်တို့ ရောက်သောအခါ. . .

"ဆရာမင်းဆက်တို့ နှစ်ယောက်ကို ရဲချုပ်ကြီးစောင့် နေတယ်. . ."

"အေး. . ခုပဲ သွားမယ်"

ခရီးဆောင်အိတ်တွေကို ချထားပြီး. . ရဲချုပ်ကြီး အခန်းထဲသို့ ဝင်ခဲ့ကြသည်။

"ထိုင်ကြကွာ. . ."

"ဟုတ်ကဲ့. . ."

ရဲချုပ်ကြီးကို အရိုအသေပေးပြီး ဝင်ထိုင်လိုက်သည်။

"ဆရာမင်းဆက် တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ပြီးပါ

ပြီ. . ဒီမှာလဲ တြိဂံလခြမ်း အဖွဲ့နဲ့ ပတ်သက်ပြီး ရှုပ်ထွေးနေ တယ်. . ."

"ဘာတွေ ဖြစ်လို့လဲ. . ရဲချုပ်ကြီး

"တစ်နေ့က (-x-+-x-)ဟိုတယ်မှာ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့တယ်. . အသတ်ခံရတာက အိန္ဒိယ လူမျိုးတစ်ဦးပဲ"

"ဟင်. . ."

"အသတ်ခံရတဲ့ ပုံစံက. . အနီးကပ် အသံတိတ် သေနတ်နဲ့ လုပ်ကြံသွားခဲ့တာပဲ၊ ရုပ်ရှင်မင်းသမီး ရတုဒီပါနှင်း ကို သတ်သလို ရွှေကျည်ဆံနဲ့ပဲ"

"ဒါဆို အသတ်ခံရတဲ့သူက. . တြိဂံလခြမ်း အဖွဲ့ဝင်ပဲ ဖြစ်မယ်"

"ဘာလို့ ပြောနိုင်တာလဲ. . ."

"သူတို့အဖွဲ့ဝင်တွေရဲ့ ဂုဏ်ကို မြင့်စေချင်လို့ ရွှေကျည် ဆံနဲ့ သတ်ဖြတ်တဲ့သဘောပါ. . ရဲချုပ်ကြီး"

"အင်း. . သေဆုံးတဲ့ အိန္ဒိယလူမျိုးဟာ ဒေါက်တာ တစ်ဦးဆိုတာတော့ သိခဲ့ရပြီ. . မြန်မာပြည်ကို အလည်လာ ခြင်းနဲ့ အသတ်ခံရတာပါ. . ကိုယ့်တိုင်းပြည်မှာ ဖြစ်နေ တော့ ကိုယ့်တာဝန်ဖြစ်လာပြီကွာ. . ဒီတော့ ဆရာမင်းဆက် တို့က

တြိဂံလခြမ်းအဖွဲ့အမှူးကို ကိုင်တွယ်နေတဲ့ သူတွေဆိုတော့ ဒီတာဝန် ကိုပေးပါရစေ. . ."

"ဟုတ်ကဲ့. . ဦးခန့်မင်း သတင်းရော ဘာတွေရသေးလဲ ရဲချုပ်ကြီး. . ."

"တို့ဘက်က တစ်ရက်နောက်ကျသွားတယ်. . ဆရာမင်းဆက်၊ ဦးခန့်မင်းကို ဖမ်းဆီးဖို့ ပြင်ဆင်ချိန်မှာ. . သူတ အိန္ဒိယကို လေကြောင်းလိုင်းနဲ့ ထွက်သွားပြီ. . . သူနဲ့ ဒေါ်ခင်မာလာပါ ပါသွားတယ်"

"သူ့ကို မမိတာ တကယ့်ကို နစ်နာတယ်. . ."

"ထပ်ပြီး ကြိုးစားရမှာပေါ့ကွာ. . ဆရာမင်းဆက်တို့ နားပြီးရင်၊ လူသတ်မှုဖြစ်တဲ့ ဟိုတယ်ကို သွားပြီး. . စုံစမ်းမှုတွေ ပြုလုပ်ပါဦး. တရားခံကို ဖော်ထုတ်နိုင်အောင် ကြိုးစားပေးဦး၊ ဒါမှ ကိုယ့်ဘက်က သံရုံးကို ရှင်းပြနိုင်မှာ. . ."

"ဟုတ်ကဲ့ မနားတော့ပါဘူး. . အခန်းမှာ ပစ္စည်းတွေထားပြီးတာနဲ့ တစ်ခါတည်း သွားလိုက်ပါမယ်"

"အေးကွာ. . ဟိုမှာတော့ ငါတို့ တပ်ဖွဲ့ဝင်တွေ ရှိနေတယ်. . ."

မင်းဆက်တို့ နှစ်ဦး. . ရဲချုပ်ကြီး အခန်းမှ ပြန်ထွက်

လာပြီး သူတို့အခန်းတွင် ခရီးဆောင်အိတ်တွေကို ထားကာ ဌာနချုပ်မှ ကားဖြင့် ဟိုတယ်ဆီသို့ ထွက်လာခဲ့ကြတော့သည်။

"မင်းဆက်. . ."

"ဘာလဲ. . . ယဉ်မောင်"

"မင်းသမီး ရတုဒီပါနှင်းက ဘယ်လိုလုပ်ပြီး၊ တြိဂံလခြမ်းအဖွဲ့ထဲကို ရောက်သွားရသလဲဆိုတာကို သိခဲ့လား"

"ဒီအကြောင်းကို သိနိုင်ဖို့အတွက်. . လူတစ်ယောက်ကို ရန်ကုန်မှာဖမ်းပြီးမှ သိရမယ်"

"ဘယ်သူလဲ. . ."

"ဘိုးတော်စိန်သောင်း. . သူက ဦးခန့်မင်းပြီးရင် ဒုတိယ အရေးပါတဲ့သူပဲကွ. . ."

"ခုလောက်ဆို. . လစ်ပြီပေါ့"

"မလစ်နိုင်ဘူး. . ."

"ဘာလို့လဲ. . ."

"ဘိုးတော်စိန်သောင်းကို ဦးခွန်ဖဆိုင်တောင် မသိဘူး. . ."

"မင်းက. . . ဘယ်လို လုပ်ပြီးသိတာလဲ"

"ရတုဒီပါနှင်း ပိုက်ဆံအိတ်ထဲက ရတဲ့. . အဲဆောင်

တစ်ခုနောက်မှာ ဘိုးတော်စိန်သောင်း နာမည်လေးကို တွေ့လိုက်တယ်. . ."

"ဒါနဲ့ အတိအကျသတ်မှတ်လို့ ရပါ့မလား. . ."

"သတ်မှတ်လို့တော့ မရနိုင်ဘူး. . ဒါပေမယ့် အရေးကြီးတဲ့ သဲလွန်စတစ်ခုအဖြစ်နဲ့ နောက်ဆက်တွဲတွေကို ဖော်ထုတ်ရမှာပဲ. . ဘိုးတော်စိန်သောင်းကို ရတုဒီပါနှင်း ယုံကြည်ကိုးကွယ်တဲ့သူ ဆိုတာကို. . ပွင့်ဦးသဇင်ဆီက သိရတယ်လေ၊ နောက်တစ်ခုက ဘိုးတော်စိန်သောင်းဟာ အိန္ဒိယပြည်ကို တစ်နှစ်ကို ငါးခေါက်လောက် သွားတယ်ကွ. . သူ့ကိုယုံကြည်ကိုးစားတဲ့ အိန္ဒိယနိုင်ငံသားတွေလည်း ရှိတယ်လို့ကြားတယ်. . ဒါကြောင့် တြိဂံလခြမ်းရဲ့ ကွင်းဆက်ကို ချိတ်ပြီး. . ဘိုးတော်စိန်သောင်းကို ပစ်မှတ်ထားရတာပဲ. . ."

"တြိဂံလခြမ်းအဖွဲ့ကတော့. . တကယ့်ကို ကြောက်စရာကောင်းတဲ့ အဖွဲ့တစ်ခုပဲ မင်းဆက်. . ."

"သေချာတာပေါ့. . မင်းနဲ့ငါတောင် အိန္ဒိယကို သွားရဖို့က များနေပြီ. . ."

"ဘယ်တော့လဲ. . ."

"ဒါတော့ မပြောတတ်သေးဘူး. . ဒီက အမှုတွေကို

အရင်ပြတ်အောင် ရှင်းပြီးမှ သွားကြရမှာ"

အိန္ဒိယလူမျိုး အီဂျာမူ. . အသတ်ခံခဲ့ရတဲ့ ဟိုတယ်သို့ ရောက်ခဲ့ကြသည်. . ။

လူသတ်မှုဖြစ်ပွားခဲ့သော အခန်းထဲတွင်. . ထူးထူးခြားခြား သဲလွန်စကို ရှာလို့ မတွေ့ခဲ့ကြပေ. . ဟိုတယ်မန်နေဂျာကို တွေ့ဆုံပြီး သိချင်တာတွေကို မေးခဲ့တော့. . .

"အသတ်ခံရတာကို ဘယ်လိုစပြီးတွေ့ခဲ့တာလဲ. . ."

"ဒီလိုပါဆရာ. . ဟိုတယ်ဝန်ထမ်းလေးက မနက်ဘိုင်း နွားနို့သွားပြီး ပို့ပေးနေကျဆိုတော့. . သွားပြီးပို့တော့ဘခါးကို ခေါက်လို့ မရတာနဲ့. . နောက်တစ် ကြိမ်ထပ်ပြီးခေါက်လည်း မထူးခြားလို့ ကျွန်တော့်ကို လာပြီး ပြောတာနဲ့လိုက်သွားပြီး. . အခန်းကို ဖွင့်ကြည့်တော့ သေဆုံး နေတာကိုတွေ့ရတာပါ. . ညက အသတ်ခံရတာလို့ ထင်ပါတယ်. . ."

"ညပိုင်း. . သူ့ဆီကို ဘာစားစရာ ပို့ရလဲ"

"ဘာမှ မပို့ရပါဘူး. . သူက ညနေ (၄)နာရီလောက်ဘားသောက်ပြီးတာနဲ့ အခန်းထဲမှာ နေတော့တာပဲ၊ အပြင်ကိုထွက်ဘူး. . ."

"သူ အပြင်သွားရင် ဘယ်က ကားနဲ့ သွားလဲ. . ."

"ဟိုတယ်က ကားနဲ့ သွားပါတယ်"

"ဒါဆိုရင်. . အဲဒီ ကားဒရိုင်ဘာကို ခဏလောတ် ခေါ်ပေးပါ"

"ဟုတ်ကဲ့. . ."

မင်းဆက်. . သေဆုံးသွားသူရဲ့ ဘေးအခန်းတွေကို လေ့လာပြီး အောက်သို့ဆင်းလာခဲ့သည်။

"သူပဲဆရာ. . မောင်နိုင်မိုးလို့ ခေါ်တယ်"

"မောင်နိုင်မိုး. . ."

"ပြောပါဆရာ. . ."

"ညှိသည်ကို ကားနဲ့ လိုက်ပို့ပေးရင်. . ဘယ်တို လိုက်ပို့ပေးရသလဲ"

"သူအများဆုံးသွားတာ. . ဘိုးတော်စိန်သောင်း ဆီ ကိုပါပဲ. . ဆရာ"

"ဟင်. . နောက်ရော"

"နောက်နေရာ တစ်ခုကတော့. . (x - x - +)ဘုရား ကျောင်းမှာ ဘုရားဝင်ပြီး ရှိခိုးတယ်. . ဒီနှစ်ခုက လွဲပြီးဘယ် မှ မသွားပါဘူး"

"ဘိုးတော်စိန်သောင်းဆီမှာ ကြာကြာ နေခဲ့တတ်သ သွား. . ."

"နေတတ်ပါတယ်. . ."

"ဘုရားကျောင်းမှာရော. . ဘယ်သူနဲ့ တွေ့တာလဲ"

"ဟာစင်ဆိုတဲ့ သူနဲ့တော့ စကားပြောတတ်ပါတယ်"

"ဟာစင်က. . ဘုရားလူကြီးလား. . ."

"မဟုတ်ဘူး ဆရာ. . ဒီကောင်က ဘုရားကျောင်း ရဝမ်လို့ ပြောတာပဲ. . တိတိကျကျတော့ မသိဘူး"

"ဒါလောက်ဆိုရပြီ. . ကွာ၊ ဩော် မန်နေဂျာ ဘေးအ ခန်း နှစ်ခန်းမှာ တည်းခိုနေသူ ရှိလား. . ."

"ခြေရင်းခန်းမှာတော့ လူမနေဘူး. . ခေါင်းရင်းခန်း မှာတော့ လူနေတယ်. . သူလည်း အိန္ဒိယလူမျိုးပဲ ဆရာ၊ သမတုန်းက အတူတူလို့ မှတ်နေတာ. . နောက်တော့ ဟုတ်ဘူး"

"ခုရော. . ."

"မရှိဘူး. . ဆရာ၊ အပြင်သွားနေတယ်"

"မန်နေဂျာ. . သူ့အခန်းသော့နဲ့ ခဏလိုက်ခဲ့ပေးပါ"

"ဟုတ်. . ဟုတ်ကဲ့"

မင်းဆက်တို့ အခန်းသို့ ဝင်ခဲ့ပြီး. . .

"ယဉ်မောင်. . ခြေရာလက်ရာ မပျက်စေနဲ့နော်"

"အင်း. . ."

မင်းဆက်. . အခန်းထဲမှ အခြေအနေတွေကို လေ့လာပြီး၊ ရှူးဖိနပ်အနက်အား ကောက်ပြီး ကိုင်ကြည့်သည်။

"မင်းဆက်. . ဒီဖိနပ်ထဲမှာ တစ်ခုခု ရှိရမယ်"

မင်းဆက်. . ဖိနပ်ကို လှန်ပြီးကြည့်တော့. . အံဝှက် သဖွယ် လုပ်ထားတာကြောင့် ခွာကြည့်လိုက်တော့. . တစ်စ စီ ဖြုတ်ထားသော ပစ္စတို သေနတ်အသေးစားလေး တစ် လက်ကို တွေ့လိုက်ရသည်. . .။

"သေချာပြီ. . လူသတ်တရားခံဟာ. . သူပဲ"

သေနတ်က ကျည်တစ်တောင့်သာ သုံးလို့ ရသော သေနတ်လေးပင် ဖြစ်သည်။ မင်းဆက် သေနတ်လေးကို သိမ်းဆည်းပြီး ပြန်ပြီးထွက်လာခဲ့ကြသည်။

"သူ့အပြန်ကို စောင့်ပြီး. . ဖမ်းရမှာပဲ"

မင်းဆက်တို့ ဟိုတယ်တွင် လူသတ်တရားခံ အပြန် ကို. . . စောင့်ခဲ့ကြသည်။

● ၃၈ ●

"အီမူလာ. . ဆိုတာ နာမည်အရင်းလား"

"ဟုတ်တယ်. . ."

"ဘာလို့. . အီဂျာမူကို သတ်ခဲ့ရတာလဲ"

"ကျုပ်သတ်တယ်ဆိုတာကို ဘာသက်သေနဲ့ ပြောနိုင် ာလဲ. . အီဂျာမူ ဆိုတဲ့သူကို ကျုပ်မသိဘူး၊ ခင်ဗျားတို့က ျုပ်ကို ဖမ်းတာလား. . ခေါ်ယူမေးမြန်းတာလား"

"ဖမ်းလိုက်တာပါ. . ."

"ဘာ. . ."

"ဟုတ်တယ်. . အီဂျာမူကို သတ်တဲ့တရားခံအဖြစ် မ်းလိုက်တာ"

"ဘယ်မှာလဲ. . . သက်သေ"

"ပြမှာပေါ့ . . ဗျာ"

အီမူလာ ရှေ့တွင် . . ရွှေကျည်ဆံ သေနတ်ကို ထုတ်ပြလိုက်သည် . . .

"ဟင် . . . မင်း - မင်းတို့ . . ."

"ဒီကျည်ဆံမျိုးက ဒီသေနတ်မှာပဲ သုံးလို့ရတာပါ . . အီမူလာ၊ မင်း ငြင်းလည်း အလကားပဲ . . မင်း ဘယ်လို သတ်ခဲ့လည်းဆိုတာကို ပြောပါ"

အီမူလာ . . မငြင်းနိုင်တော့ပေ။

"ဟုတ်တယ် . . ဒီကောင်ကို ငါသတ်ခဲ့တာပဲ၊ သော့တူနဲ့ဖွင့်ပြီး ဝင်သတ်ခဲ့တာပါ"

"ဘာကြောင့် သတ်ခဲ့ရတာလဲ . . ."

"ပုဂ္ဂိုလ်ရေးအရ မကျေနပ်လို့ သတ်တာ . . ဒီကောင်နဲ့ ငါက ကျောင်းတော်က ရန်စရှိတယ်၊ ငါ့ရည်းစားကို လုယူလို့ သတ်ခဲ့တာ . ."

"သေချာရဲ့လား . . ."

"သေချာတယ် . . ."

"တြိဂံဂိုဏ်းဝင် တစ်ယောက်ကို နှုတ်ပိတ်တာ မဟုတ်ဘူးလား . . ."

"ဟာ . . . မ . . မ ဟုတ်ဘူး . . ."

"အီမူလာ . . ခင်ဗျားလည်း တြိဂံလခြမ်းဂိုဏ်းဝင် တစ်ဦး ဖြစ်သလို . . သေသွားတဲ့ အီဂျာမူလည်း အဖွဲ့ဝင်ပဲ မဟုတ်လား . . ."

"မ . . မ . . ဟုတ် . . ဘူး"

"ခင်ဗျား လက်က . . လက်စွပ်က ငြင်းလို့ မရတဲ့ သက်သေပဲ၊ ခင်ဗျား ငြင်း မနေပါနဲ့တော့ . . ."

အီမူလာ . . ခေါင်းငုံ့ပြီး ငြိမ်သက်သွားတော့သည်။

"ခင်ဗျား . . သိပ်ပြီးတော်တဲ့ စုံထောက်ပဲ၊ ဟုတ်တယ် ဒီကောင်က သစ္စာဖောက်လို့ . . ဘုရင်မအမိန့်နဲ့ လာပြီး သတ်တာ"

"မြန်မာပြည်က အဖွဲ့ဝင်တွေကို ဘာလို့ မသတ်ခိုင်းတာလဲ . . ."

"ဒီကောင့် အဆင့်က မြင့်တယ်လေ . . ဒါကြောင့် ကျုပ်ကိုယ်တိုင် လိုက်လာပြီးသတ်တာပါ . . ."

"မြန်မာပြည်ကို . . အီဂျာမူ ဘာကြောင့်လာတာလဲ . . ."

"မြန်မာပြည်ကနေ တခြားနိုင်ငံကို ထွက်ပြေးနိုင်ဖို့

လာခဲ့တာ. . .”

“မြန်မာပြည်မှာ သူနဲ့. . သိပ်ရင်းနှီးတဲ့ မိတ်ဆွေ... ဦး ရှိတယ်. . .”

“ဘိုးတော်စိန်သောင်းလား. . .”

“ခင်ဗျား. . သိနေတယ်နော်... ဟုတ်တယ် ... ဘုရင်မပေါ်မှာ သစ္စာရှိတဲ့သူ. . ဒါကြောင့် ဒီမှာရောက်... တာကို သိရပြီး. . ချက်ချင်း လိုက်လာနိုင်တာပဲ”

“ဘုရင်မဆိုတာ. . ခင်ဗျားတို့ နိုင်ငံမှာပေါ့”

“ဟုတ်ပါတယ်. . တစ်ခါမှတော့ မတွေ့ဖူးဘူး”

“ခင်ဗျားတို့ကို ဘယ်သူက. . ညွှန်ကြားလဲ”

“မယ်လီမာ. . ဆိုတဲ့ ခေါင်းဆောင်က ညွှန်ကြား... တယ်. . .”

“တြိဂံလခြမ်းရဲ့ ရည်ရွယ်ချက်က. . ဘာလဲ”

“ဒီအထိ ကျုပ်မသိဘူး. . ကျုပ်အဆင့်က ကျုပ်... နယ်ကနေ စားစရာပစ္စည်းတွေကို တစ်လတစ်ခါဝယ်... ရတာ. . .”

“ဘာစားစရာတွေလဲ. . .”

“အာလူး၊ ပဲ၊ ဆန်နဲ့ ဆီတွေပါ. . ခုဒီကောင်တို့... အထူးတာဝန်ပေးလို့ လုပ်ဆောင်ခဲ့ရတာပဲ”

“ဦးခန့်မင်းနဲ့. . ဒေါ်ခင်မာလာတို့ကို ရင်းနှီးလား”

“မြန်မာပြည်က. . တြိဂံလခြမ်း ခေါင်းဆောင်တွေကို ...ား. . မြင်ဘူးတာပဲ ရှိတယ်၊ မရင်းနှီးဘူး. . ကျုပ်တို့တြိဂံ ...ခြမ်းအဖွဲ့ဝင်တွေဟာ တစ်ယောက်ကို တစ်ယောက် သိပ်ပြီး ...သိကြဘူးဗျ. . ခေါင်းဆောင်ပိုင်းလောက်ပဲ ဆက်သွယ်ကြ ...တာ. . ကျုပ်သိတာ ဒါအကုန်ပါပဲ”

“ကျေးဇူးတင်ပါတယ်. . .”

မင်းဆက်. . အပြင်ရောက်မှ သက်ပြင်းချနိုင်လေ ...ဘာ့သည်။

၇

ဟိုတယ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုနှင့် ပတ်သ
ပြီး. . မင်းဆက်တို့ ဘက်မှ ဖော်ထုတ်ပေးနိုင်ခဲ့သည်မို့. .
သက်သာရာ ရခဲ့ပေမယ့်. . ကြိုဂံလခြမ်းအဖွဲ့နှင့် ပတ်သက်
ဖော်ထုတ်ရမည့် တာဝန်က ရှိနေသေးသည်။

"ဘိုးတော်စိန်သောင်း. . ရှိပါဦးမလား"

"ရှိနေမှာပေါ့၊ ဘာလို့လဲဆိုတော့ ဘိုးတော်စိန်သော
ကို ပစ်မှတ်လုပ်ပြီး စောင့်ကြည့်ခိုင်းထားတယ်လေ. . ."

"ဘိုးတော်စိန်သောင်းကို ကိုးကွယ်နေကြတဲ့. .
တွေက နယ်နယ်ရရမဟုတ်ဘူး. . ဒိတ်ဒိတ်ကြဲ စီးပွား
သမားတွေ၊ အနုပညာအုပ်စုက နာမည်ကျော်တွေတော
ပါတယ်. . မင်းဆက်၊ ဘာတွေ ဘယ်လောက်စွမ်းနေသ

တော့ မသိဘူး. . ."

"နောက်တော့. . သိရမှာပေါ့"

"ချက်ချင်း ဝင်ပြီး. . မဖမ်းဘူးလား"

"သူ့ဘက်က အစွမ်းအစတွေကို ခဏလောက် လေ့
လာပြီးမှ ဖမ်းကြတာပေါ့. . သူလည်း ခုလောက်ဆို သိနေ
မှာပါ. . ."

"ဘာကိုလည်း. . မင်းဆက်"

"ကြိုဂံလခြမ်း အဖွဲ့ဝင်တွေ အဖမ်းခံရတာကို. . သူ့ကို
ဆက်နွယ်မယ်လို့တော့ ထင်ထားမှာ မဟုတ်ဘူး. . ဒါကြောင့်
သူ့ဘက်က ခပ်အေးအေးပဲ. . နေ နေတာပေါ့"

"အီမူလာဆီက ဘာတွေ ထပ်ပြီး. . သိရသေးလည်း
မင်းဆက်. . ."

"ထပ်ပြီး ထူးထူးခြားခြား မသိခဲ့ရဘူး. . အီမူလာ
အဆင့်နဲ့ လုပ်ဆောင်ရတဲ့ တာဝန်လေးပဲ သူသိတာ. . ကြိုဂံ
လခြမ်း အဖွဲ့ကြီးရဲ့ အဓိကကျတဲ့ လျှို့ဝှက်ချက်တွေကို. .
ဒီကောင်လည်း မသိဘူး"

"မယ်လီမာဆိုတဲ့ မိန်းမကို ဖမ်းမိရင်တော့. . ပြည့်
ပြည့်စုံစုံ သိနိုင်မလား. . ."

"သိနိုင်တယ်. . ဒါပေမယ့် မယ်လီမာကို ဖမ်းမိ
မလွယ်ဘူး. . ."

"ဘာလို့. . ."

"အီမူလာဆီက နောက်ဆုံးသိရတာက. . မယ်လီ
ဟာ မျက်နှာအပြောင်းအလဲ ပဥ္စလက်ပညာရှင်လို့ဆေ
ပြောနိုင်တယ်. . သူ့ကို ဖမ်းမိဖို့ အချိန်တစ်ခု ပေးပြီး ဖမ်
ရမှာ. . ဒီအပိုင်းက အိန္ဒိယအစိုးရဘက်က အပိုင်းပါ။ တို့ဘ
ပိုင်းက တာဝန်ကျေဖို့ပဲလိုတယ်. . ."

"ငါတို့ အိန္ဒိယကို သွားရမယ်ဆိုတာ. . ဘာကို
နိုင်လဲ. . ."

"အီမူလာကို လွှဲပြောင်းပေးရေးနဲ့. . မြန်မာပြည်
ဖြစ်စဉ်ကို တင်ပြပေးဖို့ ကိစ္စပါပဲ"

"တို့ဘက်က ဘယ်လိုဖြစ်စဉ်ကို တင်ပြရမှာလဲ. . ."

"ပထမ အချက်က အီမူလာ ကျူးလွန်ခဲ့တဲ့ မြ
ဒုတိယအချက်ကတော့ တြိဂံလခြမ်းအဖွဲ့ထဲမှာ ပါဝင်ဆ
သက်နေတဲ့ မြန်မာလူမျိုးတွေကိစ္စပဲ. . ."

မင်းဆက်တို့ကားလေး. . ဘိုးတော်စိန်သောင်း
ဝန်းနားသို့ ရောက်ရှိလာခဲ့လေပြီ. . .

"ရှေ့က ခြံမဟုတ်လား. . ."

"ဟုတ်တယ်. . ."

ကားကို ခြံဝန်းထဲသို့ မဝင်ခင်. . အပြင်မှ ပစ်မှတ်
တာဝန်ယူထားသော တာဝန်ကျရဲဘော်လေးကို မင်းဆက်. .
ဘိုးတော်စိန်သောင်း လှုပ်ရှားမှုကို မေးလိုက်သည်။

"ခုလေးတင် ပြန်ရောက်လာတယ်. . . ဆရာ"

"အပြင်ကို သွားတာပေါ့. . ."

"ဟုတ်ကဲ့. . ရုပ်ရှင်မင်းသမီး တစ်ဦးရဲ့ အိမ်ကို သွား
တာပါ. . ."

"အေး. . . ငါတို့ဝင်တော့မယ်"

မင်းဆက်တို့ကား ခြံဝသို့ရောက်တော့ ခြံစောင့်က
ထွက်လာပြီး. . .

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ. . ."

"ဆရာကြီး စိန်သောင်းနဲ့ပါ"

"ဒါဆိုရင်တော့. . ပြန်ပါ"

"ဘာလို့လဲကွ. . ."

"ဘဘက. . ဒီနေ့ကစပြီး၊ အဓိဋ္ဌာန်စခန်းဝင်ပြီ. .
ဘယ်ဧည့်သည်နဲ့မှ အတွေ့မခံတော့ဘူး. . ."

"ဟုတ်လား . . ငါတို့က အထူးစည့်သည် အဖြစ်...
တွေ့မှာလေ"

"အထူးဧည့်သည်လည်း အတွေ့မခံဘူးလို့ မှာထား...
တယ် . . ."

"သူက မတွေ့ချင်ရင် . . ငါတို့က တွေ့ရမှာပဲ"

"ခင်ဗျားတို့က ဘယ်လိုလူတွေလဲ . . ပြောရခက်...
ချည်လား"

"ငါတို့က . . ဒီလို လူတွေ"

"ဟာ . . ."

ယဉ်မောင် ခါးကြားမှ လက်ဘိတ်ကို ပြလိုက်သည်။

"ကဲ . . တံခါးဖွင့်၊ မင်းပါ မင်းတို့အဘနဲ့ အတူလိုက်...
ချင်တယ်နဲ့ တူတယ် . . ."

"မ . . . မ . . ဟုတ်ပါဘူး၊ ဖွင့်ပေးပါ့မယ် . . ."

ခြံစောင့် ကြောက်လန့်စွာ တံခါးကို ဖွင့်ပေးလေသည်။

မင်းဆက်တို့ကား . . ခြံထဲသို့ မောင်းဝင်လာပြီး၊ အိမ်...
ပေါက်ဝရောက်တော့ . . မိန်းကလေးတစ်ဦး အပြင်တွင်ရပ်ပြီး...

"ရှင်တို့ ဘာဝင်လုပ်တာလဲ . . ."

"မင်းတို့ . . အဘဆီကို လာတာ"

"ခြံဝက ကိုတက်တူ . . ဘာမှ မပြောလိုက်ဘူးလား"

"ပြောလိုက်ပါတယ် . . အိမ်ထဲမှာ ခုလောက်ဆို အိပ်
နေတယ်တဲ့ ဝင်တွေ့လို့ရပါတယ်ဆိုပြီး . . တံခါးဖွင့်ပေးလိုက်
တာ . . ."

"ဒီတက်တူ အလုပ်ပြုတ်ချင်ပြီနဲ့ တူတယ် . . မှာထား
...အတိုင်း မလုပ်ဘူး၊ အဘ ဘယ်သူနဲ့မှ မတွေ့နိုင်ဘူး . .
...တို့ ပြန်ကြပါ"

"သူမတွေ့ချင်လည်း . . မရဘူးလေ၊ ပြီးတော့ တစ်ခါ
...ည်းတောင် ပင့်သွားရမှာပါ"

"ဘာရှင့် . . ."

"ကဲ အမီ . . ကျုပ်တို့က မင်းအဘကို လာပြီးကန်
...တော့ဖို့ လာကြတဲ့သူတွေ မဟုတ်ဘူး . . ဒါဆို မင်းသဘော
...ပေါက်၊ ဘယ်မှာလည်း ပြော . . ."

"ဟို . . ဟို . . . နတ်မယ်တော် အခန်းထဲမှာ ရှိပါ
...ယ်"

"မင်းတို့အားလုံး . . ခြံစန်းထဲမှာ နေနေကြပါ . .
...းတော်စိန်သောင်းနဲ့ ပတ်သက်ပြီး . . သက်ဆိုင်ရာက သိချင်
...လေးတွေကို အမှန်အတိုင်းပြောဖို့ပဲ စဉ်းစားထားကြ . . "

"ဟုတ်ကဲ့. . ."

မင်းဆက်. . အပေါ် ထပ်သို့ တက်လာပြီး မီးခိုးတွေ ထွက်နေသော အခန်းရှေ့တွင် ရပ်ကာကြည့်နေလေသည်။ ဘိုးတော်စိန်သောင်း တစ်ယောက်. . ဟိန္ဒူနတ်ရုပ် တစ်ခုရှေ့ တွင် အမွှေးနံ့သာများ ပူဇော်ပြီး ထိုင်နေသည်ကို တွေ့လိုက် ရသည်။

"အဟမ်း. . ."

"မင်း. . မင်းတို့ ဘာလာ လုပ်တာလဲ. . ဘယ်သူက ဝင်ခွင့်ပြုလို့လဲ. . ."

ဘိုးတော်စိန်သောင်း မျက်နှာပျက်စွာဖြင့် ပြောလိုက် လေသည်. . .

"ဘယ်သူမှတော့ခွင့်ပြုတာ မဟုတ်ပါဘူး. . ဟောဒီ က အဘဆရာကြီးကို လာပြီးပင့်တာပါ"

"ငါ ဘယ်ကိုမှ မလိုက်ဘူး. . ခုရက်က အမိဋ္ဌာန်ဝင် ရက်. . ."

"မလိုက်လို့တော့ မရဘူး. . ဘိုးတော်ရေ ယဉ်ယဉ်မောင် လက်ထိတ်ခတ်လိုက်. . ."

"ဘာကွ. . ."

"ကျုပ်တို့ ဘာကြောင့် လာခေါ် ရတယ်ဆိုတာကို. . သဘောပေါက်လောက်မှာပါ၊ ဘြိဂ်လခြမ်းကြီးရယ်. . ."

"ဟင်. . ."

ဘိုးတော်စိန်သောင်း. . မင်းဆက်စကားကို တကယ် သဘောပေါက်သွားခဲ့သည်။

"ကောင်းပြီ. . ခဏလေးတော့ စောင့်ပါ၊ မယ်တော့် ကို အမွှေးနံ့သာလေး ပူဇော်ပြီးတာနဲ့ လိုက်ခဲ့မယ်"

မင်းဆက်. . ခေါင်းပဲ ညိတ်ပြလိုက်သည်။

ဘိုးတော်စိန်သောင်း အမွှေးနံ့သာတစ်ခုကို မီးခဲခွက် ထဲသို့ ထည့်စဉ်. . .

"ကဲ. . ကွာ"

"ဖြောင်း. . ."

"အင့်. . . ."

ဘိုးတော်စိန်သောင်း လက်ကိုရိုက်ချပြီး. . လက်ကို ပင်မ်ချုံးလိုက်သည်။

"ခင်ဗျား. . . အမွှေးနံ့သာဆိုတာ မေ့ဆေးငွေ့တွေ ဟုတ်လား"

"မဟုတ်ပါဘူး. . ."

“ဘာမဟုတ်ရမှာလည်း. . ဒီဆေးငွေ့တွေက မူးယ… ဆေးဝါးတစ်ခုရဲ့ အမှုန့်တွေပဲ၊ နည်းနည်း ရှူလိုက်ရင် ရီဝေ… များများရှူလိုက်ရင် မေ့နိုင်တယ်. . ခင်ဗျား လူတွေကို ဒီအငွေ့… နဲ့ လှည့်စားနေတာ ကြာပြီ. . ဘိုးတော်စိန်သောင်း”

“ချောက်. . .”

ယဉ်မောင်. . ဘိုးတော်စိန်သောင်းကို လက်ထိတ်… ခတ်ပြီး၊ တစ်ခါတည်းခေါ်လာခဲ့တော့သည်။ ဘိုးတော်… စိန်သောင်း အခန်းထဲမှ အိန္ဒိယနိုင်ငံတွင် အသုံးပြုသော… မျက်လှည့်အတတ်ပညာ ပစ္စည်းတွေကိုပါ. . တစ်ခါတည်း… သိမ်းဆည်းခဲ့ လေသည်။

“ခင်ဗျားကတော့. . လူတွေကို အစွမ်းပြတာ… မဟုတ်တာ. . မျက်လှည့်ပညာနဲ့ ရိုက်စားလုပ်နေတာ… ဟား. . ဟား. . ဟား. . ပီရိသေသပ်မှုတော့ ရှိပါတယ်… ဟုတ်တယ် မဟုတ်လား. . . စိန်သောင်း”

“ဟုတ်ပါတယ်. . .”

“ခင်ဗျားကို ဘာကြောင့် ဖမ်းတာရော သိလောက်… ပြီပေါ့. . .”

“တြိဂံလခြမ်းအဖွဲ့ကြောင့် ဆိုတာ. . ကျုပ်သဘော…

…ါက်လိုက်ပါပြီ. . .”

“ဖြောင့်ချက်ပေးဖို့ရော စဉ်းစားထားလား. . .”

“ပေးမှာပါ. . ကျုပ် ခုလိုအဖမ်းခံရတာ ကံကောင်း …ာပါ”

“ဘာလို့. . .”

“ကျုပ်ဆီကို ရွှေပန်တွာဘုရင်မရဲ့ သေမင်းစေတမန် … မကြာခင် ရောက်လာတော့မယ်. . .”

“ခင်ဗျား. . ဘယ်လို သစ္စာဖောက်ခဲ့လို့လဲ”

“တာဝန်မကျေလို့ပါ. . .”

“ဘယ်လိုတာဝန်တွေ မကျေတာလဲ. . စိန်သောင်း”

“အိန္ဒိယနိုင်ငံမှာ ရှိတဲ့. . အဆိုတော်တစ်ဦးကို သတ် …င်းခဲ့တာကို ကျုပ်က မသတ်ခဲ့ဘူးလေ. . သူဟာ ကျုပ်ရဲ့ …စ်သူ ဖြစ်နေလို့”

“သြော်. . ကဲပါလေ၊ ခင်ဗျားဆီက တြိဂံလခြမ်းအဖွဲ့ …တ်သက်ပြီး ပြည့်ပြည့်စုံစုံ သိရရင်. . သိပ်ပြီးကောင်းမှာပဲ”

“သိရပါမယ်ဗျာ. . ပြီးတော့ ဆရာတို့အနေနဲ့တစ်ခု …ညီပါ. . .”

“ဘာ ကူညီရမှာလဲ. . ပြောလေ”

"အိန္ဒိယမှာ ရှိတဲ့. . ကျုပ်ချစ်သူကို ကယ်ပေးပါ"

"ကောင်းပြီ. . ကျုပ်တို့ ဘက်က ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . ဆရာတို့ရယ်"

ဘိုးတော်စိန်သောင်းကို ရဲစခန်းဝန်းထဲသို့ ခေါ်ဆောင်လာခဲ့တော့သည်။

"ယဉ်မောင်. . သူ့ကို လော့လော့ဆယ် အနားပေးလိုက်ပါ. . ပြီးမှ သူ့ရဲ့ထွက်ချက်တွေကို ရေးကြတာပေါ့"

"အေး. . ."

"ငါ. . ရဲချုပ်ကြီးဆီကို သွားလိုက်ဦးမယ်"

ယဉ်မောင်နှင့်အတူ. . ဘိုးတော်စိန်သောင်းကို ထားခဲ့ပြီး၊ မင်းဆက် ထွက်လာခဲ့တော့သည်။

"ကျွန်တော်နာမည်အရင်းက. . ဇေယျာနိုင်ပါ။ အိန္ဒိယပြည်ဘက်ကို အောက်လမ်းကနေ ဝင်ပြီး. . အလုပ်သွားလုပ်ရင်း. . ဟယ်ရီမာဆိုတဲ့ ဟိန္ဒူအမျိုးသမီးနဲ့ ချစ်သူဖြစ်ခဲ့တယ်. . ကျွန်တော် လုပ်ကိုင်တဲ့အလုပ်က သိပ်ခေါင်တဲ့နေရာက သတ္တုကြောတူးတဲ့ လုပ်ငန်းတစ်ခုပါ. . ဒီမှာဟယ်ရီမာတို့ မိသားစုက မုန့်ရောင်းစားကြရတယ်. . ဆင်းရဲနွမ်းပါးကြတယ်။ ဟယ်ရီမာနဲ့ ချစ်သူဖြစ်ပြီး တစ်နှစ်လောက်မှာ သတ္တုတွင်းပိုင်ရှင် သူဌေးမကြီးနဲ့ စတင်ပြီး ခင်မင်ရာကနေ. . သူက တြိဂံလခြမ်း အဖွဲ့ထဲကို ဝင်ဖို့ စည်းရုံးခဲ့တယ်. . ကျွန်တော်တို့က အဖွဲ့ထဲကိုဝင်ရင် ကိုယ့်အတွက် ဘာတွေအကျိုးရှိနိုင်မလဲ လို့မေးတော့. . ခုဘဝထက် အဆပေါင်း

များစွာ ချမ်းသာတဲ့ ဘဝကို ပိုင်ဆိုင်နိုင်မယ်. . ဒါပေမယ့် မြန်မာပြည်ကို ပြန်ပြီး တြိဂံလခြမ်း အဖွဲ့ဝင်တွေကို စုဆောင်း ပေးရမယ်လို့ တာဝန်ပေးတယ်. . ကျွန်တော်လည်း သဘော တူလက်ခံပြီး. . ဟယ်ရီမာကို ပြောပြတော့ သူလည်းစိတ်ဝင် စားခဲ့တယ်။ ဒါနဲ့ သူဌေးမကြီးနဲ့ တွေ့ပေးပြီး. . ဟယ်ရီမာ အတွက် အိန္ဒိယမှာ ကျော်ကြားတဲ့ အဆိုတော်တစ်ဦးဖြစ် အောင် လုပ်ပေးခဲ့တယ်. . ဆိုရမှာပေါ့ဗျာ”

“သူဌေးမကြီးအမည်က ဘယ်သူလဲ. . .”

“ကျွန်တော်သိခဲ့တာကတော့. . ဟာနီမူယာပဲ ဒ တယ်”

“အသက်အရွယ်ကရော. . .”

“(၄၀)ဝန်းကျင်လောက်တော့ ရှိမယ်. . .”

“ကဲ. . ဆက်ပါဦး၊ ခင်ဗျား မြန်မာပြည်ကို ပြန်ဝင်ပြီး ဘိုးတော်အလုပ်ကို လုပ်ခဲ့တယ်ပေါ့. . .”

“ဟုတ်ပါတယ်. . အိန္ဒိယပြည်မှာ ရှေးရိုးရာ ပဥ္စလ အတတ်ခေါ်တဲ့ မျက်လှည့်ပညာတွေကို သင်ယူပြီး. . မြန် ပြည်မှာ မှော်လိုလိုဘာလိုလိုနဲ့ လိမ်ညာပြီး လူတွေကို လှည့် စားခဲ့တာပါ. . .”

“ခင်ဗျား. . ဦးဆုံး ဘယ်သူ့ကို စည်းရုံးခဲ့သလဲ. . .”

“ဦးခန့်မင်းပါ. . သူက စီးပွားရေးကျပြီး၊ အကြွေးတွေ ဒုက္ခရောက်နေချိန်မှာ ကျွန်တော့်ဆီကို ရောက်ခဲ့တယ်. . ကျွန်တော်က ဒါကို အခွင့်ကောင်းယူပြီး. . သူ့ကို တြိဂံလခြမ်း အဖွဲ့ရဲ့ မြန်မာပြည် တာဝန်ခံအဖြစ် တာဝန်ပေးလိုက်တယ်။ သူ့အတွက် လိုအပ်တဲ့ ငွေကြေးတွေကိုလည်း ကူညီပေးခဲ့ တယ်. . .”

“တြိဂံလခြမ်း အဖွဲ့က. . တော်တော်လေးကို ချမ်း သာတယ်ပေါ့”

“ဟုတ်တယ်. . ဆရာ၊ ဘယ်ကနေ ဘယ်လို ငွေတွေ နေသလဲဆိုတာတော့ မသိဘူး. . အဲ ငွေထက် ရွှေတပိုပြီး ပါတယ်. . ကျွန်တော့်ဆီကို ငွေပို့တာကနည်းတယ်၊ ရွှေ ချောင်းတွေပဲ ပို့တယ်. . .”

“အင်း. . စိတ်ဝင်စားဖို့တော့ ကောင်းတယ်၊ တြိဂံ ခြမ်းအဖွဲ့ရဲ့ ရည်ရွယ်ချက်က ဘာလဲ. . .”

“အမှန်အတိုင်းပြောရရင်. . . ကျွန်တော်လည်း မသိ ။ မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်နေတာတော့ သိတယ်. . ခန့်မင်းတ တစ်ဆင့် ဦးခွန်ဖဆိုင်တို့ကို ထပ်ဆင့်တပည့်မွေး

ပြီး. . လုပ်ကိုင်နေတာပဲ”

“ရတုဒီပါနှင်းက ဦးခန့်မင်းကို စည်းရုံးခဲ့သူလား. . ခင်ဗျားက သူ့ကို စည်းရုံးခဲ့တာလား”

“ရတုဒီပါနှင်းက ကျွန်တော့်တပည့်လေးပါ. . ရတုဒီပါနှင်းနဲ့ ကျွန်တော်ဆုံခဲ့တုန်းက ရတုဒီပါနှင်းဟာ မိခင်နောက်အိမ်ထောင် ပြုပြီး. . စိတ်လေလွင့်ပြီး လမ်းပေါ် ပျက်စီးခါနီး ဆုံခဲ့ပြီး. . သူ့ဘဝကို ခုလို ရုစ်ရှင်မင်းသမီး အောင် ကူညီပေးခဲ့တယ်”

“သူ့ကို ဘာကြောင့် ရှင်းပစ်ရတာလဲ. . . ”

“ဒါဟာဦးခန့်မင်းရဲ့လက်ချက်ကြောင့်ပါ၊ ရတုဒီပါနှင်း ကို ရန်ကုန်နယ်နိမိတ်မှာ မူးယစ်ဆေးဝါးကို ဖြန့်ဖြူးပေးဖို့ ဝန်ပေးတာကို ရတုဒီပါနှင်းက. . လက်မခံလို့ အိန္ဒိယမှာ ခေါင်းဆောင်တွေဆီ အကြောင်းကြားပြီး. . သေမိန့် တာပါ. . ကျွန်တော်လည်း ဘာမှမတတ်နိုင်ခဲ့ဘူး”

“လှမျိုးမောင်နဲ့ ဒေါ်ခင်မာလာ. . ကရော”

“လှမျိုးမောင်က ဦးခန့်မင်းရဲ့တပည့် ဒေါ်ခင်မာလာ ကတော့ ရတုဒီပါနှင်းနဲ့ ပတ်သက်ပြီး အဖွဲ့ထဲကို ရောက် တာ. . ”

“ရတုဒီပါနှင်းရဲ့ အဒေါ် အရှင်း. . မဟုတ်ဘူးလား”

“မဟုတ်ပါဘူး. . ဘေးမှာ ရတုဒီပါနှင်းအတွက် လို အပ်တာတွေကို လုပ်ကိုင်ပေးရတဲ့ အမျိုးသမီးပါ. . နောက် ဦးခန့်မင်းနဲ့ ငြိစွန်းပြီး အဖွဲ့ဝင်ဖြစ်ခဲ့တယ်. . . နောက်ဆုံး ရတုဒီပါနှင်းကို သတ်ဖို့ လှမျိုးမောင်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ တာပဲလေ. . . ”

“ခင်ဗျား. . . ရွှေပန်တြွာဘုရင်မဆိုတာ မြင်ဘူးလား”

“မျက်နှာကိုတော့ မမြင်ဖူးခဲ့ဘူး. . အသံကိုတော့ ကြားဖူးခဲ့တယ်. . ”

“ဘယ်လို ကြားခဲ့ရတာလဲ. . လုပ်စမ်းပါဦး”

“တြိဂံလခြမ်းအဖွဲ့ကြီး အနှစ်(၅၀၀)ရာပြည့်ပွဲတစ်ခု ကို အိန္ဒိယပြည်မြောက်ပိုင်း. . ဘုရားကျောင်းတစ်ခုမှာ ပြုလုပ် တုန်းက သက်ဆိုင်ရာခေါင်းဆောင်တွေ မဖြစ်မနေ သွားခဲ့ကြ ရတယ်. . ဒီတုန်းက ကျွန်တော်တို့ကို ဇာလွှာခုနှစ်လွှာ နောက်ကွယ်ကနေ ဆုတောင်းမှုတစ်ခုနဲ့ သစ္စာဆိုခိုင်းခဲ့တယ်”

“သစ္စာဆိုတာ. . ဘာကို ဆိုခိုင်းတာလဲ”

“တြိဂံလခြမ်းအဖွဲ့ကြီးနဲ့ ရွှေပန်တြွာဘုရင်မ ပေါ်မှာ အသက်နဲ့ခန္ဓာတည်သရွေ့ သစ္စာစောင့်သိရမယ် ဆိုတာပါ”

"ဒါဆို. . ခင်ဗျားတို့ ခေါင်းဆောင်တွေကို တွေ့မ ကြမှာပေါ့. . ."

"စစ်မှန်တဲ့ မျက်နှာတွေနဲ့ မတွေ့ရပါဘူး. . ."

"ဘာလို့လဲ. . ."

"ဘုရားကျောင်းထဲကို မရောက်ခင်အဆင့် သတ်မှတ် ထားတဲ့ မျက်နှာဖုံးတွေကို တပ်ပြီးမှ ဘုရားကျောင်းထဲကို ဝင် ရတယ်. . ."

"ဩော်. . အဆင့်ဆိုတာ ဘယ်လို ခွဲခြားထားလဲ"

"ပထမ အဆင့်ဆိုတာ. . ဘုရင်မရဲ့ အနီးကပ်နေရ တဲ့ လူတွေ၊ ဒုတိယအဆင့်က ဘုရင်မရဲ့ ဘဏ္ဍာရေးဆိုင်ရာ ကို တာဝန်ယူပြီး လုပ်ကိုင်တဲ့သူတွေ. . တတိယအဆင့်က တော့ ကျွန်တော်တို့လို လူတွေပေါ့"

"ဒီတုန်းက ဦးခန့်မင်း. . ခင်ဗျားနဲ့ ပါသွားခဲ့တာလား"

"ပါခဲ့ပါတယ်. . အဲဒီကို ရောက်မှ ဘုရင်မက သူ့ကို အထူးတာဝန်ပေးခဲ့ပြီး. . အဆင့်မြင့် ခေါင်းဆောင်တစ်ဦး အဖြစ် အသိအမှတ်ပြုခဲ့တယ်. . အရင်က ကျွန်တော့် ဆီက တစ်ဆင့် လုပ်ကိုင်ရပေမယ့်. . ခုနောက်ပိုင်းတော့ တိုက်ရိုက် လုပ်ကိုင်ခွင့်ရတယ်၊ ဒါကြောင့် ကျွန်တော့်တပည့် မလေး

သူသတ်ခဲ့တာပါ. . ."

"ခင်ဗျားဆီကို. . အသတ်ခံရတဲ့ အီဂျာမူ လာတွေ့ ခဲ့တယ် မဟုတ်လား. . ."

"ဟုတ်တယ်. . သူ့ကို မြန်မာပြည်မှာ ဖွက်ပေးဖို့ ကျွန် တော့်ဆီလာပြီး အကူအညီတောင်းခဲ့တာပါ. . ကျွန်တော် လည်း ကူညီဖို့ ပြင်ပြီးမှ ဦးခန့်မင်းရဲ့ တပည့်တွေက တွေ့သွား တာနဲ့ မျက်နှာလွှဲခဲ့ရတယ်"

"ခင်ဗျားချစ်သူကို ဘာကြောင့်. . ရှင်းချင်တာလဲ"

"ရတုဒီပါနှင်းလိုပဲ. . သူ့ကို မူးယစ်ဆေးဝါး ဖြန့်ဖြူး ရေးအတွက် တာဝန်ပေးတာကို ရှောင်ဖယ်နေလို့ဆိုပြီး အပြတ်ရှင်းခိုင်းတာ. . ဘယ်လို လုပ်ပြီး ကျွန်တော်က သတ် ရက်မှာလည်းဗျာ. . ဒါနဲ့ သူ့ကို ရှောင်ခိုင်းပြီး၊ ကျွန်တော်မသိ ချင်ယောင် ဆောင်နေတာ. . ဒါကြောင့် ကျွန်တော့်ကိုပါ သူတို့ ရှင်းတော့မယ်ဆိုတာကို သိနေတာပါ. . ."

"ခင်ဗျား. . . မယ်လီမာကို သိလား"

"သိတယ်. . သူက အိန္ဒိယမှာ ထိပ်တန်းအဆင့် ခေါင်းဆောင်ပဲ၊ သူ့ကို ပဥ္စလက်မင်းသမီးလို့ ခေါ်တယ်. . ."

"ဘာလဲ. . ရုပ်ပြောင်းရုပ်လွှဲ တော်လို့လား"

"ဟုတ်တယ်. . သူ့ရုပ်ရည် အမှန်ကို သိတဲ့သူဆိုတာ ရှားပါတယ်. . သိနိုင်သူတစ်ဦးကတော့ ရှိတယ်"

"ဘယ်သူလဲ. . ."

"စာရီဆိုတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦး၊ ခုအိန္ဒိယ အထက် လွှတ်တော်အမတ် တစ်ဦးနဲ့ ညားနေပြီး. . သူက မယ်လီမာရဲ့ သမီးတစ်ယောက်လို့တော့ သိတယ်. . ."

"မယ်လီမာမှာ ယောကျာ်းရှိတယ်ပေါ့. . ."

"ရှိခဲ့တယ်. . အစိုးရကို ဆန့်ကျင်တဲ့ သူပုန်အဖွဲ့ဝင် တစ်ဦး ဖြစ်ပြီး၊ တိုက်ပွဲတစ်ခုမှာ သေသွားတယ်လို့ ကြားရ ခဲ့ပါတယ်. . ."

"ဩော်. . ."

"အိန္ဒိယပြည်ကို ခင်ဗျားသွားတဲ့အခါ. . ဆက်သွယ် တဲ့နေရာရော သတ်မှတ်ထားလား"

"သတ်မှတ်ထားတယ်. . (- × + - ×)ဘုရားကျောင်း ဝန်းပဲ၊ ဒါပေမယ့် ဒီထဲကို ဝင်ဖို့ဆိုတာ မလွယ်ဘူး. . အချင်း ချင်း ဆက်သွယ်တဲ့ သင်္ကေတမရှိဘဲနဲ့တော့. . မရနိုင်ဘူး"

"ခင်ဗျားဆီက ခုလိုသိရတာ ကျေးဇူးတင်ပါတယ်"

"ဆရာမင်းဆက်. . ကျွန်တော့်အတွက် ဥပဒေဘောင်

က သက်သာစေတဲ့ အခွင့်အရေးကို မတောင်းဆိုချင်ပါဘူး။ ကျွန်တော့် ကောင်မလေးကိုတော့ အမြန်ဆုံးကယ်တင်ပေးပါ"

"ခင်ဗျား ကောင်မလေးက ဘယ်မှာရှောင်နေလဲ. ."

"ကျွန်တော်လိပ်စာ ပေးလိုက်ပါ့မယ်. . ."

"ကောင်းပြီလေ. . ကျုပ်တို့ ကူညီပေးမယ်၊ ခင်ဗျား သည်း ပင်ပန်းပြီဆိုတော့ နားလိုက်ပါဦး. . ."

အခန်းအပြင်သို့ ပြန်ထွက်လာကြရင်း. . .

"မင်းဆက်. . ရဲချုပ်ကြီးက ဘာပြောလဲ"

"မနက်ဖြန်. . လေကြောင်းနဲ့ အိန္ဒိယကို လိုက်သွား ရမယ်. . ယဉ်မောင်"

"ဒီက ဗြိဂံလခြမ်း ဂိုဏ်းသားတွေကိုရော. . ."

"သက်ဆိုင်ရာ နယ်မြေခံတွေကို ဖမ်းဆီးဖို့ ညွှန်ကြား လိုက်ပြီလေ. . တစ်ခါတည်း အမြစ်ပြတ်အောင် လုပ်ဆောင် ရမှာပဲ ယဉ်မောင်၊ ခုထွက်ချက်အရတော့ ကုန်သလောက် ရှိနေပါပြီ. . ရှေ့ဆက်ပြီး အိန္ဒိယပြည်မှာ ဘာတွေကို ရင်ဆိုင် ရဦးမလဲ မသိဘူးဟော့. . ."

ရွှေပန်ကြာ နယ်နိမိတ်...

အိန္ဒိယပြည် ဗဟိုထောက်လှမ်းရေး ဌာနချုပ်တွင်ရှိ အရေးပေါ်ခန်းထဲတွင်. . မင်းဆက်၊ ယဉ်မောင်နှင့် အိန္ဒိယ သက်ဆိုင်ရာ ထောက်လှမ်းရေးအကြီးအကဲတွေ . . တြိဂံ လခြမ်းအဖွဲ့နှင့် ပတ်သက်ပြီး ဆွေးနွေးမှုများကို ပြုလုပ်နေ ကြသည်။

အိန္ဒိယ အကြီးအကဲမှ. . .

"တြိဂံလခြမ်းအဖွဲ့ဟာ ရှေးဟောင်း သမိုင်းကြောင်း တစ်ခုကို အစွဲပြုပြီး ပေါ်ပေါက်ခဲ့တဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပေမယ့် သူတို့ရဲ့ လှုပ်ရှားမှုတွေက တော်တော်လေးကို အန္တရာယ်ကြီး ထွားနေတယ်. . တစ်ကမ္ဘာလုံး ကို ဒုက္ခပေးတဲ့ မူးယစ်ဆေးဝါး ကို ရောင်းချနေတဲ့ အဖွဲ့တစ်ခုဖြစ်သလို အိန္ဒိယ အစိုးရတို

န်ကန်ဖို့ကြိုးစားနေတဲ့ အဖွဲ့တစ်ဖွဲ့လည်း ဖြစ်တယ်. . ခုရရှိ ထားတဲ့ သတင်းတွေအရ အိန္ဒိယပြည် မြောက်ပိုင်းဒေသ တစ်ခုမှာ ခြေကုတ်ယူပြီး၊ လုပ်ဆောင် နေတယ်လို့ သိထားပေ ယ်. . အိန္ဒိယမြို့ကြီးတွေပေါ်မှာ သူတို့အဖွဲ့သားတွေက နေရာယူပြီးသားဖြစ်တယ်၊ ဒါကြောင့် အမြန်ဆုံး ဖော်ထုတ် နိုင်ဖို့တော့ ပြင်ဆင်ရမယ်. . ကျွန်တော်တို့နဲ့အတူ မြန်မာ အရာရှိနှစ်ယောက်လည်း ပူးပေါင်းပါဝင် ပေးမယ်ဆိုတော့ များစွာအားရမိပါတယ်"

မင်းဆက်တို့က လွတ်မြောက်သွားသော. . ဦးခန့်မင်း နှင့် ဒေါ်ခင်မာလာတို့ကို ပြန်လည်ဖမ်းဆီးနိုင်ရေး ကြိုးစားဖို့အ တွက်. . တာဝန်ပေးခြင်းခံရသူ နှစ်ဦး။

"မစ္စတာမင်းဆက်တို့နဲ့ လုပ်ဆောင်ရမယ့် ကိစ္စတွေ ကို ဒီက အီမာဆင်ကပဲ. . အနီးကပ်တာဝန်ယူပေးပါ"

"ဟုတ်ကဲ့. . ."

"မစ္စတာမင်းဆက်တို့အတွက် နေထိုင်ရေးကိုပါ. . စီစဉ်ပေးပါ၊ ဒီနေ့ဆွေးနွေးပွဲကို ရုပ်သိမ်းပါပြီ. . ."

အားလုံးအခန်းထဲမှ ထွက်သွားကြသဖြင့်. . မင်းဆက်၊ ယဉ်မောင်တို့နှင့်အတူ အီမာဆင် နောက်ဆုံးမှထွက်ခဲ့ကြသည်။

"မစ္စတာ မင်းဆက်တို့အတွက် . . သီးသန့်အိမ်တစ်လုံးကို စီစဉ်ထားပါတယ် . . သွားကြရအောင်"

"မစ္စတာ . . အီမာဆင်"

"ပြောပါ . . ."

"ကျုပ်တို့ မနက်ဖြန် ရွာလေးတစ်ရွာကို . . သွားချင်တယ်၊ ပို့ပေးနိုင်မလား . . ."

"ပို့ပေးရမှာပေါ့ . . ဟယ်ရီမာ ပုန်းနေတဲ့ ရွာကိုလား"

"ဟုတ်တယ် . . သူ့ဆီက သတင်းသဲလွန်စကို ရနိုင်သလို သူ့အတွက် ကာကွယ်ပေးနိုင်အောင်လို့ပါ"

"ကောင်းပြီလေ . . သွားကြတာပေါ့"

ကားလေးတစ်စီးဖြင့် ထွက်လာကြရင်း . . .

"မယ်လီမာသမီးနဲ့ ပတ်သက်ပြီး . . ဘယ်လိုစီစဉ်ထားလဲ အီမာဆင် . . ."

"သူ့ကို ကိုင်တွယ်ဖို့ဆိုတာ မလွယ်လှဘူးဗျ . . ကိုယ့်ဘက်က သူ့အမေကို အပိုင်မချုပ်ကိုင်နိုင်ဘဲနဲ့ သွားပြီး ဖမ်းရင် ကိုယ့်လည်ပင်း ကြိုးကွင်းစွပ်သလို ဖြစ်သွားမယ်၊ သူ့ယောက်ျားက အထက်လွှတ်တော်ဥက္ကဋ္ဌလေ . . ."

"ဒါဟာ ခင်ဗျားတို့ အစိုးရအတွက် အရမ်းကို အရေး

ကြီးနေတယ်နော်"

"သေချာတာပေါ့ဗျာ၊ အစိုးရရဲ့ ထိပ်တန်းသတင်းတွေ သူပုန် လက်ထဲကိုရောက်နိုင်တဲ့ လမ်းကြောင်းတစ်ခုဖြစ်ပေမယ့်၊ ကိုယ့်ဘက်က ဘာမှ သက်သေမပြနိုင်တာခက်တယ်"

"လွှတ်တော်ဥက္ကဋ္ဌရဲ့ ယောက္ခမဆိုတာကို ချဉ်းကပ်ပြီး . . လိုက်ရင်ရော"

"ခက်နေတာက ဥက္ကဋ္ဌရဲ့ဇနီးမှာ မိဘနှစ်ပါးမရှိဘူး"

"ဟင် . . ."

"သူ့ဘေးမှာ အဖော်လုပ်ပေးနေတဲ့ အဘွားကြီးတစ်ယောက်ပဲ ရှိတာ . . ဒါကြောင့် တော်တော်လေးကို ခက်နေတာ မစ္စတာမင်းဆက်၊ ကျုပ်တို့ မယ်လီမာကို ခြေရာခံ နေတာကြာပြီ . . ခုထိ ဘာမှသဲလွန်စ မရသေးဘူး။ အရှင်း ဆုံးပြောရရင် အရှုံးလုပ်ခံနေရတာများတယ် . . သတင်းရပြီး သွားဖမ်းရင် တခြားဟာတွေ ဖြစ်နေပြီး၊ ခဏခဏထုချေလွှာ တင်နေရတာနဲ့ . . ခုဆိုရင် မယ်လီမာ့ သတင်းဆိုရင် ကြောက်နေရတယ်ဗျာ။ တကယ်တော်တဲ့ မိန်းမတစ်ယောက်ပဲ၊ သူ့တောင် ဒီလောက်တော်နေရင် သူတို့ ဘုရင်မဆိုတာတော့ မြေလျှိုးမိုးပျံ နေမလားမသိဘူး . . ."

"ကျွိ. . ."

"ဟာ . . ."

"ဟင် . ."

မင်းဆက်တို့ ကားရှေ့တွင် ဆိုင်ကယ်တစ်စီး မောင်း
ဝင်လာသဖြင့် ဘရိတ်ကို အမြန်နင်းလိုက်ရ၍ မတိုက်မိသဲ
ဆိုင်ကယ်ရှေ့တွင် ကားက ရပ်သွားပေမယ့်. . .

ဆိုင်ကယ်ပေါ်မှ သူက အောက်သို့ပြုတ်ကျကာ. .
မထနိုင်ပေ။

မင်းဆက်တို့ (၃)ယောက်လုံး ကားပေါ်မှ ဆင်းပြီး
ကြည့်တော့. . မိန်းကလေးတစ်ဦး ဖြစ်နေသည်. . .

"မင်း. . ဘာဖြစ်သွားသေးလဲ"

"အီး. . ခြေထောက်နာသွားတယ်"

မိန်းကလေးကို တွဲပြီး. . ကားပေါ်သို့ တင်ခဲ့ကြသည်။

"ရှင်တို့မှာ အပြစ်မရှိပါဘူး. . ကျွန်မ အပြစ်ပါ။ ကို
လေး အရေးကြီးပြီး ဖြတ်ထွက်လာလို့ ခုလို ဖြစ်ရတာပါ. ."

"တော်သေးတာပေါ့ကွာ. . ကားက အရှိန်နဲ့ မောင်
တာ မဟုတ်လို့. . ဆေးရုံကို သွားမယ်လေ"

"နေပါစေရှင်. . ဖြစ်ကာစမို့ နာနေတာပါ. . ခုတော့

. .ပြီ"

သူမ ကားပေါ်မှ ပြန်ပြီးဆင်းကာ ဆိုင်ကယ်လေးကို
. .ာ်နိုးပြီး. . လက်ပြကာ မောင်းထွက်သွားသည်။

"တကယ့် မိန်းကလေးတွေပဲ. . "

အီမာဆင်. . ကားကို ဆက်ပြီး၊ မောင်းထွက်ခဲ့သည်။

"ဩော်. . မစ္စတာမင်းဆက်"

"ဟုတ်ကဲ့. . ပြောပါ"

"ခု ခင်ဗျားတို့ နေမယ့်အိမ်မှာ လုပ်ကိုင်ပေးမယ့် လူ
. .ဘွက တပ်ဖွဲ့ဝင်တွေချည်းပဲ. . ဘာမှ သံသယမရှိနဲ့ စိတ်
. .အချရဆုံး လူတွေကို ရွေးပြီးပို့ထားတာပါ. . မနက်ဖြန် ခရီး
. .သွားဖို့ကို ကျုပ်လာပြီး ခေါ်ပါ့မယ်"

"ကောင်းပြီ. . "

"ရောက်တုန်း အေးအေးဆေးဆေး အနားယူပေါ့ဗျာ"

မင်းဆက်တို့ကိုပို့ပေးပြီး အီမာဆင် ပြန်သွားပြီးနောက်-
အခန်းထဲတွင်. . .

"ယဉ်မောင်. . "

"ဘာလဲ. . မင်းဆက်"

"လမ်းမှာ ဖြစ်ခဲ့တဲ့ကိစ္စကို မင်းဘယ်လို မြင်လဲ. . . "

"မတော်တဆကိစ္စ တစ်ခုပဲ. . ဖြစ်မှာပါ"

"မဟုတ်ဘူး ယဉ်မောင်. . ဒါသက်သက် အကွက်

ဆင်တဲ့ ကိစ္စ. . ."

"ဟင်. . ."

"ငါတို့ကားက မီးပွိုင့်အစိမ်းကို ဖြတ်ပြီးကွေ့တာ

ဆိုင်ကယ်ကို ရှေ့ကနေဖြတ်ဝင်တာ. . ."

"ဘာကွာ. . အသက်နဲ့နှီးပါပေ့. . ."

"မနီးဘူး ယဉ်မောင်. . ကားထွက်လာတဲ့ အရှိန်

လူကို မသေနိုင်ဘူးဆိုတာ တွက်ချက်ပြီး၊ ဝင်တဲ့ သဘော

"ဘာကြောင့် ဒီလို လုပ်တာလဲ. . ."

"ငါတို့ နှစ်ယောက်ကို အသေအချာလေ့လာသွား

အပြင် အမျိုးသမီးလက်ထဲက ဖုန်းလေးတွေ့လား. . ."

"အေးတွေ့တယ်"

"အေး. . ဒါနဲ့ ငါတို့ကိုဓာတ်ပုံ ရိုက်ယူသွားတာ"

"ငါတို့ ဘယ်သူဘယ်ဝါဆိုတာကို သိနေလို့ပေါ့. ."

"သေချာတယ် ယဉ်မောင်. . ရွှေကျည်ဆံ ပြောင်း

ကို. . ငါတို့ စပြီးရောက်နေပြီဆိုတာ မှတ်ပေတော့"

ကားကို မြစ်ဆိပ်မှာ ထားပြီး. . စင်းလုံးငှားစက်လှေ

စ်စီးဖြင့် မင်းဆက်တို့ ရွာလေးဆီသို့ ခရီးဆက်ခဲ့ကြသည်။

"ရွာက ကမ်းနံဘေးကနေ နာရီဝက်လောက် သွားရင်

ာက်တယ် မစ္စတာမင်းဆက်. . ."

"မြို့နဲ့ တော်တော်ကို အလှမ်းဝေးတယ်. . နော်"

"ဟုတ်တယ်. . ဒါကြောင့် ဒီရွာလေးမှာ လာပြီးထား

ာ ဖြစ်မှာပေါ့. . မနေ့ကကိစ္စကို မစ္စတာမင်းဆက် သုံးသပ်

 သဘောပေါက်တော့တယ်. . ဒါဆိုရင်တော့ ဘြိဂ်လခြမ်း

ဖွဲ့ဝင်တွေက နေရာအနှံ့မှာ ဝင်ရောက်နေပြီလို့ ဆိုရမှာ

ာ. . ."

"ကျုပ်တစ်ခု စိုးရိမ်တယ်. . ."

"ဘာများလဲ. . ."

"ဟယ်ရီမာရဲ့ အသက်လုံခြုံရေးကို အချိန်မီပါ့မလား"

"အင်း. . ပြောမရဘူး၊ မီပါစေလို့ပဲ ဆုတောင်းရ မှာပေါ့"

စက်လှေကလေးမှာ မြစ်တစ်ဖက်ကို ဖြတ်ပြီးကူးရင်း မြစ်ဆုံ နေရာတစ်ခုကို ရောက်သည့်အချိန်တွင်. . .

"မစ္စတာ အီမာဆင်. . သေနတ်ထုတ်ထား"

"ဟင်. . ဘာဖြစ်လို့လဲ"

"ကျုပ်တို့ကို ရှေ့ရော နောက်ရော ပိတ်ပြီး. . လိုက် လာကြပြီ"

"ဟာ. . ."

မြစ်ဆုံထဲမှ စက်လှေ (၃)စီး ညှပ်ပြီး မောင်းဝင်လာ တာကြောင့် မင်းဆက်တို့ ချောင်ပိတ်မိသလို ဖြစ်နေလေ၏။

"ဒိုင်း. . ဒိုင်း. . . ဒိုင်း"

သေနတ်သံတွေက ဆက်တိုက်ပေါ်ထွက်လာပြီး. . မင်းဆက်တို့ ခေါင်းပင်မဖော်နိုင်အောင် ဖြစ်နေလေသည်။

"ဒိုင်း. . ."

အီမာဆင်. . စက်လှေပေါ်မှ ပြန်လည်ခုခံပေမယ့်၊ အင်အားချင်းက မမျှပေ. . မင်းဆက်တို့ကို လက်နက်ကိုင် ဆောင်ခွင့် မပေးသေးတာကြောင့် အီမာဆင်တစ်ယောက် ာည်း. . ခုခံရသလို ဖြစ်နေလေပြီ. . .

"ဆရာတို့ ဝပ်သာနေ. . ကျွန်တော် မောင်းထွက်ပြ ယ်. . ."

စက်လှေသမားက စက်လှေထဲတွင် ဝပ်လျက်မောင်း င်း လှမ်းပြောကာ. . စက်လှေစက်ကို စက်ကုန်တင်ပြီး မောင်းထွက်ခဲ့သည်-

"ဝူး. . ."

"ဒိုင်း. . ."

"ဒီရေလက်ကြားကို ဖြတ်ကျော်ရဲတဲ့ စက်လှေဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိတာဗျ. . ဒီကောင်တွေ ဆက်ပြီး လိုက်ရဲဘူး. . စောင့်ကြည့်နေ"

စက်လှေသမားလေး ပြောသလို. . ညှပ်ပြီးလိုက် ာတဲ့ စက်လှေတွေ ဆက်ပြီး၊ မလိုက်ရဲဘဲ ပြန်လှည့်ထွက် ွားကြသည်။

"ကျေးဇူးပါပဲဗျာ. . ."

"ဘာလို့ ဆက်ပြီး . . မလိုက်ရဲကြတာလဲ"

"ဆက်ပြီးလိုက်ရင် . . မြစ်ထဲကို ရေဆင်းပြီး ငုပ်
ရမှာပေါ့ . . ဟိုမှာတွေ့လား ဆရာတို့ရဲ့ . . ."

"ဟာ . . . ဝဲဂယက်ကြီးတွေ"

လှေဝမ်းထဲမှာ ဝပ်ပြီး လာခဲ့ကြသဖြင့် မြစ်ထဲက
အခြေအနေကို သတိမထားမိခဲ့ကြပေ၊ ခုမှသာ တွေ့
အံ့အားသင့်သွား ခဲ့ရသည်။

"မင်းကတော့ ဖြတ်ရဲတယ်ပေါ့ . . ."

"ကျွန်တော်နဲ့ ဒီဝဲဂယက်တွေက ငယ်ငယ်ကတည်း
က . . ဆော့ကစားနေတဲ့ အဖော်လို ဖြစ်နေတာ၊ သူတို့အခြေ
ကို သိနေပြီးသား . . ဒါကြောင့် ဒီကောင်တွေကို ထားခဲ့
တာပေါ့ . . ဆရာ"

"အေးကွာ . . မင်းရဲ့ ကူညီမှုကို မမေ့ပါဘူး ဒါ
ဒီစက်လှေတွေကို မင်းသိလား . . ."

"သိတယ် . . ဆရာ၊ ခုမောင်းလာတဲ့ (၃)စီးလုံး
ဆရာတို့သွားမယ့် ရွာက ရွာသူကြီးပိုင်တဲ့ စက်လှေတွေပဲ . .
သူကြီးမှာက တပည့်တွေက ပေါမှပေါ . . ခုလိုက်လာ
အထဲမှာ သူ့တပည့်တွေလည်းပါတယ် . . သူစိမ်းတွေလည်း

ပါတယ်"

"ရွာသူကြီး နာမည်က . . ."

"မွတ်တားဘိုင်လို့ ခေါ်တယ် . . တကယ့်ခနရှင်ပါ၊
မိန်းမတွေ ယူထားတာလည်း ပွနေတာပဲ . . ခုတောင် မြို့က
နေလာပြီးနေတဲ့ အဆိုတော်မလေးတစ်ဦးကို လက်ထပ်ဖို့
အတွက် ပြင်ဆင်နေတယ်"

"ဟင် . . ."

"ဟာ . . ."

"အမျိုးသမီးက သဘောတူလို့ လက်ထပ်တာလား"

"ဘယ်ကလာ ဆရာရယ် . . ဒီလူကြီးက ဘာတွေနဲ့
ခြိမ်းခြောက်ပြီး ယူသလဲမှ မသိတာ . . သူနဲ့ တန်တောင်
မတန်ဘူး"

"ဒါနဲ့ မင်းနာမည်က . . ဘယ်လို ခေါ်လဲ . . ."

"ရာဂျူးလို့ ခေါ်ပါတယ်"

"မင်းလည်း . . ဒီရွာကပဲလား"

"မဟုတ်ပါဘူး၊ ဒီရွာရဲ့ တစ်ဖက်ကမ်း ရွာလေးကပါ"

"မင်းဆီက . . ငါတို့ အကူအညီတွေ တောင်းရဦးမယ်
ထင်တယ် . . ."

"ရပါတယ်. . ကျွန်တော်လည်း ကူညီနိုင်သလော
ကူညီမှာပါ၊ ရှေ့ချောင်းနားဆိုရင်. . ရွာကို ရောက်ပြီဆ
စက်လှေကလေး ရွာရဲ့ ကမ်းခြေကို ကပ်ချိန်မှာ. .
ကမ်းပေါ်က လူတွေရဲ့ မျက်လုံးတွေကို. . သတိ
မိလိုက်သည်။

"အီမာဆင်ရေ. . ရန်သူတွေက အနီးကပ်မှာ ရှိ
နော်. . ."

"ဟုတ်တယ်. . သိပ်ပြီး စိတ်မပူပါနဲ့ မကြာခင် ပုလိ
အဖွဲ့တွေ ရောက်လာပါလိမ့်မယ်. . ."

အီမာဆင်က ဆိပ်ကမ်း ပုလိပ်အဖွဲ့ကို လှမ်းပြီး
ခေါ်ထားခဲ့ခြင်းဖြစ်သည်။

"ဒီကောင်တွေ အတင့် မရဲလောက်ပါဘူး. . ."

"မစ္စတာအီမာဆင်. . မွတ်တားဘိုင်တို့ကို ဘယ်
လုပ်မလဲ. . ."

"တစ်ခါတည်း ဖမ်းသွားမယ်. . ."

"ကောင်းတယ်. . သူဟာ တြိဂံလခြမ်းအဖွဲ့နဲ့ ပ
သက်နေသူ ဆိုတာတော့ သေချာတယ်. . ."

ကမ်းပေါ်သို့ စတင်ပြီး တက်တော့. . အသားမည်

ည်း ဗိုက်ရွဲရွဲနှင့် လူကြီးတစ်ယောက်နှင့် ဘေးတွင် တပည့်
)ယောက်ခြံရံပြီး၊ လျှောက်လာခဲ့ကြသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ. . . စုံထောက်မင်း"

"ခင်ဗျားတို့ရွာမှာ. . ရောက်နေတဲ့ မိန်းကလေးတစ်
ယောက်ကို လာပြီးခေါ်တာပါ"

"ဘယ်သူများပါလိမ့်. . ."

"ဟယ်ရီမာ. . ."

"ဩော်. . ဒီမိန်းကလေးလား သူက ကျုပ်နဲ့လက်ထပ်
တော့မှာ. . ဘာတွေဖြစ်လို့လည်း ပြောပါဦး"

"သူဘာတွေဖြစ်လို့ ဆိုတာကို မပြောနိုင်ဘူး. . တာ
န်အရ လာပြီးခေါ်ရတာ. . ခုဘယ်မှာလဲ"

"ရှိပါတယ်. . ဟေ့ကောင် ဘာဘူ၊ သွားပြီးခေါ်ပေး
လိုက်. . ."

"ဟုတ်ကဲ့. . ."

"ကဲ. . စုံထောက်မင်းကြီးတို့ အိမ်ကို ကြွပါဦး"

မွတ်တားဘိုင် ခေါ်ဆောင်ရာအိမ်သို့ လိုက်ခဲ့ပေမယ့်
င်းဆက်. . မျက်လုံးတွေကို အနားမပေးပေ။

"မိန်းကလေးက မင်္ဂလာဆောင်ခါနီးခါမှ. . ကောက်

ခါငင်ခါ ဖျားနေလို့ ဆေးပါထိုးပေးထားရတယ်"

"မွတ်တားဘိုင်. . ."

"ပြောပါ. . စုံထောက်မင်း"

"ခင်ဗျား. . . စက်လှေ(၃)စီး မတွေ့ပါလား"

"ဟင်. . ."

မွတ်တားဘိုင် မျက်နှာ ကွက်ခနဲ ဖျက်သွားပြီး. . ချက်ချင်းမင် ဟန်ဆောင်ကာ. . .

"အငှားလိုက်သွားတယ်. . ဆရာ"

"သေချာရဲ့လား. . ."

"သေချာပါတယ်. . ဘာများ ဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး. . မတွေ့လို့ မေးကြည့်တာပါ"

"စုံထောက်မင်းကြီးက ကျုပ်စက်လှေ. . ဘယ်နှစီး ပိုင်တာကို သိထားလို့လဲ. . ."

"မသိထားပါဘူး. . ."

"ဒါနဲ့များ စက်လှေ(၃)စီး မတွေ့ပါလားလို့ မေး တယ်လို့ဗျာ. . ကဲ သုံးဆောင်ပါဦး"

စားစရာ မုန့်အချို့တွေကို ချပြီးကျွေးပေမယ့်. . ဘဲ နေကြစဉ် ဟယ်ရီမာကို ဘေးမှ နှစ်ယောက်က တွဲပြီး

သာခဲ့ကြသည်. . .။

"ဒီလောက်တောင်. . ဖြစ်နေလား"

"ဟုတ်တယ်. . . စုံထောက်မင်းကြီး"

ဟယ်ရီမာမှာ မင်းဆက်တို့ကို စကားပြောနိုင်ပုံ မရ တော့ပေ. . .။

ဒါဟာ မွတ်တားဘိုင်ရဲ့ မရိုးသားမှုကို စတင်တွေ့ သိက်ရခြင်း ဖြစ်သည်။

"တခါတည်း ခေါ်သွားတော့ မလား. . ."

"ခေါ်သွားမှာပါ. . ပုလိပ်အဖွဲ့ကို စောင့်နေတာ"

"မိန်းကလေးတစ်ယောက်ကို ခေါ်သွားဖို့များ ပုလိပ် အဖွဲ့ကြီးက လိုအပ်လို့လား"

"လိုအပ်တာပေါ့. . ."

အီမာဆင်. . စကားမဆုံးခင် ပုလိပ်တပ်ဖွဲ့မော်တော် ာတ် ဆိုက်ကပ်လာပြီး. . ရွာပေါ်သို့ တက်ခဲ့ကြသည်။

"ဆရာအီမာဆင်. . ."

"ကဲ. . ရဲမင်းကြီး ဒီက မွတ်တားဘိုင်ကို တစ်ခါတည်း ခေါ်ခဲ့ပါ. . ."

"ဘာ. . ကျုပ်က ဘာအပြစ်တွေ ကျူးလွန်လို့ ခေါ်

တာလဲ. . .”

“ခင်ဗျား. . ဘာအပြစ်တွေ ကျူးလွန်တယ် ဆိုတာ
ဟိုရောက်တော့ သိရမှာပေါ့ဗျာ၊ သွားကြမယ်. . .”

“ချောက်. . .”

မွတ်တားဘိုင်ကို လက်ထိတ်ခတ်ပြီး. . ခေါ်ဆောင်
လာခဲ့ရင်း. . .

“မစ္စတာအီမာဆင်. . .”

“ပြောပါ. . . မစ္စတာမင်းဆက်”

“ဟယ်ရီမှာ အခြေအနေက တော်တော်လေးကို ဆိုး
ဝါးနေပြီ. . .”

“ဟာ. . ဗျာ”

“ကျုပ်အထင်တော့. . မူးယစ်ဆေးတွေကို အတိုး
အဆမရှိ ထိုးသွင်းထားတဲ့ပုံပဲ”

“တောက်. . .”

အီမာဆင် ဒေါသဖြစ်သွားပြီး. . မွတ်တားဘိုင်
ကြည့်တော့ သူဘာမှ မလုပ်သလိုပင်. . ခပ်အေးအေး

“မင်းနဲ့ ငါ တွေ့ကြသေးတာပေါ့ကွာ”

“မစ္စတာအီမာဆင် ဟိုစက်လှေသမားလေးကိုပါ

ုံခြုံရေးအတွက် ခေါ်သွားရမယ်. . .”

“ဟုတ်တယ်. . ဒီကောင်တွေ၊ ဒီကလေးကို မဲမှာသေ
ချာတယ်. . .”

စက်လှေသမား. . ရာဂျူးလေးကိုပါ မင်းဆက်တို့နဲ့
ာစ်ခါတည်း ခေါ်ဆောင်သွားခဲ့ရလေတော့သည်။

စက်လှေသမား ရာဂျူးတစ်ယောက်တော့. . .
မင်းဆက်တို့ဆီတွင် ခိုလှုံနေရလေပြီ။ အိန္ဒိယထောက်လှမ်း
ရေး ဌာနချုပ်ဆီမှ မင်းဆက်ပြန်ရောက်တော့. . .

"မင်းဆက်. . ဘာတွေ ထူးခြားလဲဟေ့"

"သိပ်ပြီး ထူးထူးခြားခြားတော့ မရှိပါဘူး. . .
မွတ်ထားဘိုင်ဆိုတဲ့ ကောင်ကလည်း အောက်အဆင့်ဆို
တော့. . ငါတို့ သိထားတာထက် မပိုပါဘူး။ အဓိက. . .
မယ်လီမာရဲ့ အောက်ကအဆင့်နိမ့် ကောင်တွေပါ"

"ဟယ်ရီမာ အခြေအနေကရော. . ."

"ဆရာဝန်တွေရဲ့ ဆေးစစ်ချက်အရတော့ အနည်း
ဆုံး (၃)လလောက်တော့ ကုသရမယ်ကွ. . သူ့ရဲ့ပုံမှန် အသိ

ဘ်ကို ရအောင် ကုရမှာပဲ. . ."

"တကယ် ရက်စက်တဲ့ကောင်ပဲ. . မွတ်တားဘိုင်
က်ချက်ပေါ့"

"ဟုတ်တယ်. . မယ်လီမာက အပြတ်ရှင်းခိုင်းတာ၊ သူ
က မယ်ရီမာကို သဘောကျပြီး. . မရှင်းဘဲ ထားရာက ငါတို့
ဘာပြီးခေါ်တာကို သတင်းရတာနဲ့ ခုလိုလုပ်ပစ်လိုက်ကြတာ
. . . ရာဂျူးရော"

"ရှိတယ်. . . ငါတို့အတွက် ချက်ပြုတ်နေတယ်"

"ကောင်လေးလည်း ငါတို့ကြောင့် အန္တရာယ်ရောက်
နေရတယ်ကွာ. . ."

"ရပါတယ်. . ဆရာရယ်၊ ကျွန်တော်က အပူအပင်
တဲ့ သူမှ မဟုတ်တာ. . တစ်ကောင်ကြွက်ပဲ၊ ဘယ်နေရာမှာ
နေရနေရ နေတတ်ပါတယ်၊ ဆရာတို့စားမယ်ဆိုရင် စားလို့
ပြီ. . လက်ရာကတော့ စွဲသွားစေရမယ်"

"စားကြတာပေါ့. . ."

ရာဂျူးပြင်ဆင်ထားသော နေ့လယ်စာစားရန် စား
သောက်ဝိုင်းဆီသို့ လာခဲ့ကြရင်း. . .

"အီမာဆင်က ရာဂျူးနဲ့ ပတ်သက်ပြီး၊ ဘာပြောလဲ

ယဉ်မောင်. . .”

“ငါတို့ မြန်မာပြည်ကို ပြန်သွားရင်တောင် အလှ
တစ်ခုပေးပြီး ခေါ်ထားမှာလို့ ပြောတယ်. . .”

“ကောင်းတာပေါ့ကွာ၊ ယဉ်မောင် ငါတို့ဒီမှာ ဆက်
နေရရင် လက်နက်တော့ ကိုင်ဆောင်ခွင့် တောင်းထားတယ်

“ဘာပြောလဲ. . .”

“ခွင့်ပြုတယ်. . အီမာဆင်ယူလာလိမ့်မယ်၊ ဒါနဲ့ လုံ
ခြုံရေးရဲဘော်လေးတွေ နည်းနေသလိုပဲ. . .”

“ဟုတ်တယ်. . ဒီနေ့ မယ်တော်ဘုရားပွဲကို လုံခြုံရေ
တာဝန်ကျလို့ ခေါ်သွားတယ်”

“သြော်. . .”

“ဆရာတို့ ဒီဘုရားပွဲကို သွားစေချင်တာ. . .”

“ဘာလို့လဲ. . ရာဂျူး”

“အရမ်းကို စည်တယ်. . ဆုတောင်းလည်း ပြည့်
တယ်၊ အိန္ဒိယ ပြည်နယ်တချို့ကတောင် လာတယ်. . လွှတ်
တော်ဥက္ကဋ္ဌဇနီးဆိုရင်. . အထူးအစီအစဉ်နဲ့ လာတာ”

“မင်းပြောတဲ့ လွှတ်တော်ဥက္ကဋ္ဌဆိုတာ အထက်လွှတ်
တော်ဥက္ကဋ္ဌကို ပြောတာလား”

“ဟုတ်တယ်. . . ဆရာ”

“ရာဂျူး. . ဒီကနေသွားရင် ဝေးလား”

“ကားနဲ့ သွားရင်. . (၃)နာရီလောက်သွားရတယ်၊
လမ်းက သွားရင်တော့ (၄)နာရီလောက် ကြာတယ်”

“အီမာဆင် ရောက်လာရင် ပြောပြီးသွားကြရအောင်၊
ဘ်တော်ဥက္ကဋ္ဌဇနီးကို တွေ့ဘူးတာပေါ့. . .”

“မင်းဆက်. . ငါတို့ကသီးခြားလူမျိုးကွဲ ဖြစ်နေမလား”

“ဒါတော့. . မဖြစ်ဘူးဆရာ”

“ဘာလို့လဲ. . . ရာဂျူး”

“ဒီဘုရားပွဲကို အိန္ဒိယမှာ ရောက်နေတဲ့ မြန်မာတွေ
. . တခြားလူမျိုးတွေပါ လာကြတာ”

“ဒါဆိုရင်. . မဆိုးဘူးပဲ”

မင်းဆက်တို့ စားသောက်ပြီး. . အချိုမုန့်တွေကို စား
ချိန်မှာ အီမာဆင်ကားဖြင့် ရောက်လာခဲ့သည်။

“စားပြီးကြပြီလား. . .”

“ပြီးပြီ. . . မစ္စတာအီမာဆင်”

“ကဲ. . သေနတ်တွေကို ကြည့်ဦး၊ ဒီသေနတ်တွေက
သောက်လုံခြုံရေး လက်နက်တီထွင်တဲ့ အဖွဲ့ကနေ အထူး

ပြုလုပ်သားတာ. . ."

အီမာဆင်. . ပစ္စတိုသေနတ် တစ်လက်ကို ထုတ်
လိုက်ပြီး. . .

"ကျည်ပစ်အားက အတော်င့် (၃၀)ထိ ပစ်လို့ရတာ
ကျည်တွေက လူကိုသေစေနိုင်တဲ့ ကျည်မျိုးမဟုတ်ပေမယ့်
ထိသွားရင် ပြန်ပြီးထနိုင်ဖို့ မလွယ်ဘူး. . မေ့ဆေး ခတ်
ပြုလုပ်ထားတဲ့ ကျည်ကိုအသုံးပြုထားတာ"

အီမာဆင်က ကျည်ဗူးများကိုပါ ချပေးလိုက်သည်

"ဒီသေနတ်မှာ ခလုတ်(၂)ခု ရှိတယ်. . ဒီခလုတ်
ကျည်အတွက်ပစ်တာ၊ ဒီအောက်ကခလုတ်က သံမဏိ
တန်းတစ်ခု ပစ်လွှတ်နိုင်တယ်. . အောက်ဆုံးခလုတ်က အ
လှိုင်းအတွက် အသုံးပြုတာ၊ တချို့သံမဏိတွေတောင် ပြ
သွားနိုင်တဲ့အထိ စွမ်းတယ်. . ."

"တကယ်အသုံးဝင်တဲ့ သေနတ်ပဲနော်. . ."

"ဒီသေနတ်ကို ပထမဦးဆုံး ကိုင်ခွင့်ရတာ. . မစ္စတ
မင်းဆက်တို့ နှစ်ဦးပဲ၊ ကျုပ်တို့တောင် မကိုင်ရဘူး"

"ကံထူးတာပေါ့ဗျာ. . ဩော် ဒါနဲ့ မစ္စတာအီမာဆ
ကို ခွင့်တစ်ခုတောင်း ချင်တယ်. . ."

"ဘာများလဲ. , မစ္စတာမင်းဆက်"

"(× - + × - +) မယ်တော်ဘုရားပွဲကို သွားချင်တယ်
. . . "

"သွားရမယ်. . ညွှန်ချုပ်က မစ္စတာမင်းဆက်တို့
ဦးကို ခေါ်သွားဖို့ တာဝန်ပေးထားတယ်၊ အဲဒီကို လွှတ်
ဥက္ကဋ္ဌဇနီး လာပြီးဘုရားရှိခိုးမယ်ဆိုတော့. . အကဲခတ်
ဘာပေါ့. . ."

"ဒါဆိုရင်. . အဆင်ပြေပြီ၊ ဘယ်အချိန်သွားမလဲ"

"ကျုပ်ဌာနချုပ်ကို ခဏပြန်ပြီး သွားကြမယ်၊ ပြင်ဆင်
းလိုက်ကြပေါ့ဗျာ. . ."

"ဆရာ. . ကျွန်တော်လည်း လိုက်ချင်တယ်"

"လိုက်ရမှာပေါ့. . . ရာဂျူးရယ်"

အီမာဆင်. . ဌာနချုပ်ဆီသို့ ကားလေးနှင့် ပြန်ပြီး
သွားပြီးနောက်. . မင်းဆက်နှင့် ယဉ်မောင်တို့ သေနတ်
ကို ကိုင်တွယ်ကြည့်ပြီး. . .

"ကိုင်ဆရတာ. . ပစ်လို့ကောင်းမယ့် သေနတ်တွေပဲ
. . ."

"ဟုတ်တယ်ကွာ၊ မြန်မာပြည်တောင် ယူသွားချင်

တယ်. . ."

မင်းဆက်တို့ အဝတ်အစားလဲကာ. . သွားဖို့ပြင်

နေချိန်တွင်. . .

"ဆရာ. . မင်းဆက်"

အပြင်တွင် တာဝန်ကျနေသော ရဲဘော်လေး

လာပြီး. . .

"ဘာလဲကွ. . ."

"လူတစ်ယောက်က စာတစ်စောင် လာပြီးပေး

တယ်. . ."

မင်းဆက် စာရွက်ခေါက်ကလေးကို ယူပြီးကြည့်လို

တော့၊ အင်္ဂလိပ်စာဖြင့် ရေးထားသော. . စာလေးကို

လိုက်ရသည်။

"မစ္စတာမင်းဆက်...

အိန္ဒိယပြည်မှာ မင်းတို့ဝိညာဉ်တွေ မထားခဲ့ချင်ရင်

အိန္ဒိယပြည်ကနေ အမြန်ဆုံးထွက်သွားပါ..."

"ရွှေပန်းတြွာဘုရင်မ၏ စေတ

"မင်းဆက်. . . ဘာလဲဟ"

"ငါတို့ကို စပြီးစိန်ခေါ်တဲ့ စာကွ. . ."

"ခြိမ်းခြောက်နေပြီပေါ့. . ."

"သိပ်ဟုတ်တာပေါ့ကွာ. . ."

"တြိဂံလခြမ်း အဖွဲ့လို့ မရေးဘဲ. . ရွှေပန်းတြွာဘုရင်မ

၏ စေတမန်ဆိုတော့ ကိုယ်စားလှယ်နဲ့ တွေ့ရမှာပေါ့. . ."

"ငါကတော့. . ဘုရင်မနဲ့သာ တွေ့ချင်တာ၊ ဟား. .

ဟား. . ဟား. . ."

"မင်းဆက်. . ငါတို့တော့ တကယ့်အန္တရာယ်ဇုံထဲကို

ရောက်နေပြီ. . ."

"သိပ်ကောင်းတာပေါ့ကွာ၊ ဒါမှ အိန္ဒိယမှာ အဓိပ္ပါယ်

ရှိတဲ့ လှုပ်ရှားမှုတွေ ဖြစ်လာမှာပေါ့ကွ. . ."

မင်းဆက်တို့ ပြင်ဆင်ပြီးချိန်တွင်. . အီမာဆင်

ရောက်လာပြီး၊ မင်းဆက် စာခေါက်လေးကို ပေးလိုက်သည်။

"ဒင်းတို့ဘက်က စပြီဆိုတော့ ပိုကောင်းတာပေါ့ဗျာ။

မစ္စတာမင်းဆက်တို့အတွက် လုံခြုံရေးကို ပိုပြီး တိုးမြှင့်ပေးရ

မယ်. . ."

"မစ္စတာအီမာဆင်. . ကျုပ်တို့ဒီကိုရောက်တာ ချစ်

ကြည်ရေးခရီးစဉ်လာတာ မဟုတ်ဘူး၊ တြိဂံလခြမ်းအဖွဲ့ကို

ဖော်ထုတ်ဖို့ ရောက်လာတာ. . ကျုပ်တို့မှာ သေနတ်ရှိရင်

ကိုယ့်လုံခြုံရေးကို ကာကွယ်နိုင်တယ်၊ ဒါမှ ဒီကောင်တွေ ရှားမှုကို သိနိုင်မှာပါ. . ကိုယ်ညံ့ရင် ကိုယ်ခံရမှာပေါ့

"မစ္စတာမင်းဆက်. . သတ္တိနဲ့ ဉာဏ်ရည်ကို တယ်. . ."

ခြံဝန်းထဲမှ ကားလေးမောင်းထွက်ခဲ့သည်. . .

"ဘယ်လိုလဲ. . . နောက်ကြောင်း ရှင်းရဲ့လား"

"ခုထိတော့. . . ရှင်းနေဆဲပဲ"

"မရှင်းနဲ့ အီမာဆင်. . ကျုပ်တို့ ထွက်လာတော့ ဝန်းရှေ့နား က တွန်းလှည်းလေးက ခုလောက်ဆို သတင်း လောက်ပြီ. . ."

မင်းဆက်တို့ကားလေး မောင်းနှင်လာနေဆဲ. . .

ဘေးဘက်တွင်. . တောင်တန်းကြီးများနှင့် လယ် ကွင်းပြင်ကြီးတွေကို တွေ့နေရသည်။

"တကယ်သာယာတဲ့ နေရာလေးပဲ. . အီမာဆင်"

"မြန်မာပြည်လောက် သာယာမယ်၊ မထင်ပါဘူး. ."

"မစ္စတာအီမာဆင်ရယ်. . ဘယ်တိုင်းပြည်မဆို သူ့ သဘာဝ သူ့အလှနဲ့တော့ လှပနေကြတာပါပဲ. . သူကပို တယ်၊ ကိုယ်က ပိုတယ်ဆိုတာ မရှိကြပါဘူး. . ဟုတ်တယ် ဟုတ်လား. . ."

"ဟုတ်ပါတယ်. . ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး တစ် ဘည်း ကြည့်ပြီး အတ္တထားလို့ မရပါဘူးဗျာ. . ယခုကမ္ဘာ

ကြီးက ရွာလေးတစ်ရွာလို ဖြစ်နေပြီမဟုတ်လား၊ လူ
အချင်းချင်းကြားမှာ စာနာမှုတွေထားကြပြီး . . တချို့က
ရာဇဝင်ကြွေးတွေကို ယခုခေတ်ကြီးမှာ တေးမှတ်ထားလို့
တော့ပါဘူး . . နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ
ပြုလုပ် နေကြတာပဲ . . . ”

အီမာဆင်မှ ကားမောင်းပြီး ပြောနေသလို၊ ထ
နောက်ခန်းတွင် ယဉ်မောင်နှင့် ရာဂျူးကတော့ ဘေး
တန်းတွေကို ငေးကြည့်ပြီး လိုက်ခဲ့ကြသည်။

“ဒါနဲ့ . . ရွှေပန်းတြွာဘုရင်မနဲ့ ပတ်သက်ပြီး၊ မစ္စ
အီမာဆင် ဘာတွေ သိထားတာရှိလဲ . . . ”

“ရွှေပန်းတြွာဘုရင်မ မျိုးဆက်ဟာ အိန္ဒိယနိုင်ငံထဲ
မျိုးနွယ်ဝင်ထဲကတော့ မဟုတ်ဘူး . . မြန်မာနိုင်ငံဘက်
ဆင်းသက်ခဲ့တယ်လို့ သမိုင်းသုတေသီတွေက ဆိုခဲ့ကြတာ

“မြန်မာနိုင်ငံမှာ ပျူခေတ် ပျက်သုဉ်းသွားပြီးနော
ဆုံး ကြွင်းကျန်တဲ့ မျိုးနွယ်စုတစ်ခုကနေ အိန္ဒိယနယ်မြေထဲ
တည်ထောင်ခဲ့တယ်လို့တော့ ပြောတာပဲ . . သမိုင်းသက်
တွေထဲမှာ သိပ်ပြီး မခိုင်လုံခဲ့ပါဘူး၊ ရွှေပန်းတြွာဘုရင်မ နေ
တဲ့ နေရာကို ခုထိရှာဖွေလို့ မတွေ့ဘူးဆိုတာတော့ အံ့သြ

ပဲနော် . . . ”

“ဟုတ်တယ် . . မစ္စတာမင်းဆက် နှစ်တော်တော်ကြာ
က သမိုင်းသုတေသီတွေ တွေ့ရှိခဲ့တဲ့ ဂူကြီးကလည်း လုံးလုံး
ကို ပျောက်ကွယ်သွားတာဆိုတော့ ဘယ်လိုမှ ဆက်စပ်လို့
မရဘူး . . . ”

“နောက်ထပ် ရှာဖွေမှုတွေရော ပြုလုပ်သေးလား”

“လုပ်ခဲ့တယ် မစ္စတာမင်းဆက် . . လွန်ခဲ့တဲ့ (၃)နှစ်
လောက်က အိန္ဒိယသမိုင်း ပညာရှင်တွေနဲ့ ဂျပန်သုတေသန
ပညာရှင်တွေ ပျောက်ဆုံးသွားတဲ့ အံ့ဖွယ်ဂူကြီးကို ရှာဖွေခဲ့ကြ
တယ် . . အန္တရာယ်မျိုးစုံနဲ့ တွေ့ပြီး၊ သေတဲ့သူက သေ၊ ဒဏ်ရာ
ရတဲ့သူ ရပြီး . . ပြန်လာတာပဲ အဖတ်တင်ခဲ့တယ်၊ ဘာမှ မရ
ခဲ့ဘူး . . . ”

“နေရာက တော်တော်လေးကို ဝေးလို့လား . . . ”

“အိန္ဒိယပြည်မြောက်ပိုင်း အစွန်ဆုံးဒေသတစ်ခု ဆိုရ
မှာ . . ကျွန်တော်တို့ ခု နေထိုင်တဲ့ မြောက်ပိုင်းဒေသကတောင်
သွားမယ်ဆိုရင် တစ်လလောက်သွားယူရတယ် . . တောင်
(၁၈)လုံးကို ကျော်ပြီး ရေခဲမြစ်ကို ဖြတ်သွားရတာ . . . ”

“တောင် (၁၈)လုံးဆိုတော့ နည်းတဲ့ခရီးမှ မဟုတ်

တာဘဲ"

"အင်း ပြောရမယ်ဆိုရင်. . ဂြိုဟ်တုကနေ ဓာတ်
တစ်ပုံကို လွန်ခဲ့တဲ့နှစ်က ရခဲ့တာရှိတယ်. . ."

"ဘာဓာတ်ပုံလဲ. . ."

"ခုထိတော့ ပညာရှင်တွေ ဝေခွဲပိုင်းခြား နေကြတုန်း
အများဆုံးဖြစ်နိုင်တာက ရွှေတောင်တစ်ခုလို့ သတ်မှတ်ထား
တယ်. . ဂြိုဟ်တု ကင်မရာနဲ့ ရိုက်ယူခဲ့တာပါ၊ အရောင်
ဖြာထွက်ပြီးနေတယ်. . ရေပြင်လား၊ မြေပြင်လား မသိ
တောင်ငူကြီးတစ်ခုကို တွေ့ခဲ့ရတာ"

"နေရာကျတော့ရော. . . ."

"ရွှေပန်းတွာဘုရင်မ နေထိုင်ခဲ့တဲ့ ကျောက်ဂူကြီး ပ
ဝန်းကျင်လို့ ဆိုရမှာပေါ့. . ."

"အစိုးရဘက်က ဒီနေရာကို မရှာဖွေဘူးလား. . ."

"ရှာဖွေတာပေါ့. . ဘယ်လိုမှ မတွေ့နိုင်ဘူးဖြစ်
လက်လျှော့လိုက်ကြပါပြီ. . ."

"တချို့ ပညာရှင်ကြီးတွေကတော့. . ထပ်ပြီး ရှာ
နိုင်အောင်တော့ ပြင်ဆင်နေကြပေမယ့်. . ဘယ်သူမှ ဒီနေ
ကို မသွားဝံ့ဘူးဗျ. . ."

"ကျုပ်တစ်ခု တွေးမိတယ်. . ."

"ဘာများလဲ. . . မစ္စတာမင်းဆက်"

"ခု လှုပ်ရှားနေတဲ့ တြိဂံလခြမ်းအဖွဲ့ရဲ့ ငွေကြေးတွေ
ဟာ မူးယစ်ဆေးဝါးတစ်ခုတည်းတင် မဟုတ်ဘူး. . ရွှေတွေပါ
ပါနေတယ်ဆိုတော့ ဒီရွှေတောင်ကြီးကို သူတို့တွေ့ထားတာ
ဖြစ်နိုင်ဘူးလား. . ."

"ဖြစ်နိုင်ပါတယ်. . ခက်နေတာက ဒီလောက်ခေတ်မီ
တဲ့ နည်းပညာတွေနဲ့ ရှာတာတောင် မတွေ့ဘဲဖြစ်နေတာ
ဆိုတော့. . ဘာပြောရမှန်းတောင် မသိဘူးဖြစ်နေတယ်"

ကားလေးမှာ တောင်ကို ဖောက်ပြီးလမ်းလုပ်ထား
သော. . နေရာသို့ ရောက်လာသဖြင့် အီမာဆင်ကားကို ဂရု
စိုက်ပြီး မောင်းနေရသည်. . .

"ဒီနေရာက သတိထားရတယ်. . မကြာခဏ ယာဉ်
မှောက်မှုတွေ ဖြစ်တယ်၊ ပြီးတော့ ဓားပြတိုက်မှုတွေကလည်း
ပါတယ်ဗျ. . မြို့နဲ့က အလှမ်းဝေးတော့ တောကြောင်
တွေအတွက် အလုပ်ဖြစ်နေတာပေါ့"

"ရဲစခန်းနဲ့ အရမ်းဝေးလို့လား. . ."

"(၁၀)မိုင်လောက်သွားမှ ရဲစခန်းတစ်ခုကို ရောက်

တာ. . ."

"ဩော်. . ."

"ဟာ. . ရှေ့မှာ ကောက်ရိုးတင်တဲ့ နွားလှည်း
ဘယ်နှယ့်ကြောင့် လမ်းမပေါ် တက်ပြီး. . မောင်းနေရတာ

"တီ. . တီ. . . တီ"

အီမာဆင်. . အဝေးကနေ ကားဟွန်းသံပေး
လည်း နွားလှည်းက ဘေးသို့ မချပေးဘဲ. . မောင်းနေ
သည်။

"တောက်. . ."

"အီမာဆင် ကားကို ခဏရပ်လိုက်"

"ဘာဖြစ်လို့လဲ. . မစ္စတာမင်းဆက်"

"ရှေ့က သွားနေတဲ့ နွားလှည်းကို စိတ်ထဲမှာ မသ
ဘူး. . ."

"ဟင်. . ."

"နွားလှည်းပေါ်မှာ တင်ထားတဲ့ ကောက်ရိုး
သဏ္ဌာန်တွေက ပုံစံမကျဘူး. . တစ်ခုခုကို ဖုံးပြီးတင်ထား
သလို ဖြစ်နေတယ်. . ကောက်ရိုးသက်သက် တင်မယ်ဆိုရင်
ဒီပုံစံ မဟုတ်ဘူး. . ."

မင်းဆက်. . စကားကို အီမာဆင်နားထောင်ပြီး၊
ကြည့်တော့. . .

"ဟုတ်တယ်. . ဒါတစ်ခုခုကို ဖုံးလာတဲ့ပုံပဲ၊ ဘေးက
နေသွားရင် ကားတစ်စီး လွတ်လွတ်ကျွတ်ကျွတ်သွားလို့ ရတာ
ကို သိလျက်နဲ့ တမင်လမ်းလယ်က မောင်းနေတာ. . ဘယ်လို
ပ်မလဲ. . ."

"ခင်ဗျားသေနတ်ကို စပြီး အသုံးပြုရမှာပဲ. . လေဆာ
ပစ်ပြီး ကောက်ရိုးကို မီးရှို့လိုက်မယ်. . ."

"ကောင်းတယ်. . ကျုပ်တို့ အသင့်ပြင်ထားမယ်"

အီမာဆင်နှင့် ယဉ်မောင် သေနတ်ကိုယ်စီထုတ်ပြီး၊
ပြင်ထားလိုက်သည်နှင့် မင်းဆက်. . လေဆာခလုတ်ကို နှိပ်
ပြီးပစ်ချလိုက်သည်. . .

"ရှဲ. . ."

"ဝုန်း. . ."

ကောက်ရိုးတွေကို ထိမှန်ပြီး. . မီးတွေ လောင်ကျွမ်း
သည်နှင့်. . .

"ထွက်လာကြပြီ. . ."

နွားလှည်းပေါ်မှ လူ(၅)ယောက် မီးထဲမှ ရှန်းထွက်

ပြီး. . အောက်သို့ခုန်ဆင်းသည်နှင့်-

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

အီမာဆင်တို့ ပစ်ခတ်လိုက်သည့် နှစ်ယောက်မှာ တော့. . ခြေထောက်ကို ထိမှန်ပြီး လဲကျသွားသည်။ ကျန်သုံး ယောက်ကတော့ လှိုလမ်းအတိုင်း ဆင်းပြေးသွားကြသည်။

"ဟော့ကောင်တွေ ထစမ်း. . ."

"အား. . . ထပါ့မယ်"

"ဒီကောင်နှစ်ကောင်ကို ဘယ်လို လုပ်မလဲ. . . အီမာဆင်"

"ရှေ့က စခန်းမှာ အပ်ပြီး. . ဌာနချုပ်ကို ခေါ်သွား ရမှာပေါ့"

"ဒါဖြင့် ဒီနှစ်ကောင်ကို လက်ထိတ်ခတ်ပြီး. . ခေါ်သွားကြမယ်"

ဒဏ်ရာရသည့် နှစ်ယောက်ကို ကားပေါ်သို့ ခေါ် ဆောင်ပြီး၊ မောင်းထွက်ခဲ့လေသည်။

"မင်းတို့ ဘယ်အဖွဲ့ကလည်း ပြောစမ်း"

"ပင့်ကူနီအဖွဲ့ကပါ. . ."

"ပင့်ကူနီအဖွဲ့ဆိုတာ. . ဟို မူဆလင်ခွဲထွက်အဖွဲ့ရဲ့ ...က်အောက်ခံ မဟုတ်လား. . ."

"ဟုတ်ပါတယ်. . ."

"တြိဂံလခြမ်းနဲ့ ပတ်သက်လား. . ."

"ပတ်သက်ပါတယ်. . သူတို့က ငွေနဲ့ ငှားထားတာ"

"ငါတို့ကို လုပ်ကြံဖို့ မဟုတ်လား. . ."

"ဟုတ်တယ်. . ."

"မင်းတို့ကို ဘယ်သူက. . ငှားတယ်ဆိုတာရော၊ မင်း ...်လား. . ."

"ဒါတော့ ကျွန်တော်တို့ မသိဘူး. . ကျွန်တော်တို့ ...ေါင်းဆောင် မာမွတ်ပဲ သိတယ်"

"မာမွတ်ဆိုတာ. . မူးယစ်ဆေးဝါးမှုနဲ့ ပြေးနေတဲ့ ...ာင်မဟုတ်လား. . ဒီကောင် ဘယ်မှာနေလဲ"

"ဟာမီ တောင်ကြားစခန်းမှာ နေတယ်. . အဲဒီ ...ခန်းမှာ မြန်မာပြည်ကလာတဲ့ လင်မယားနှစ်ယောက်လည်း ...ာက်နေတယ်. . ."

"ဟင်. . ."

"နာမည်တွေ မင်းသိလား. . ."

"ယောကျ်ားနာမည်က ဦးခန့်မင်း. . မိန်းမနာမည်က

ဒေါ်ခင်မာလာ၊ သူတို့က တြိဂံလခြမ်း အဖွဲ့ရဲ့ကိုယ်စားလှ
အဖြစ်နဲ့ ရောက်နေတာ. . ."

"တြိဂံလခြမ်းအဖွဲ့မှာ လက်နက်ကိုင်တပ်ဖွဲ့တွေ
ရှိလား. . ."

"သူက. . ကြေးစားတပ်ပဲ ငှားရမ်းသုံးတာများတယ်
ဒါပေမယ့်. . သူတို့ကို တခြားတပ်ဖွဲ့တွေအားလုံးက ဘုရား
ကြောက်နေရတယ်"

"ဘာလို့လဲ. . ."

"သူတို့က လက်နက်နဲ့ မူးယစ်ဆေးဝါးကို အားကိုး
နေရတာ အရမ်းချမ်းသာတဲ့ အဖွဲ့တစ်ခု. . ပြီးတော့ သိ
လျှို့ဝှက်တယ်၊ သူတို့စခန်း ဘယ်မှာရှိတယ် ဆိုတာကို ဘယ်
သူမှ မသိရဘူး. . ခုမြန်မာ လင်မယားနှစ်ယောက်
ကျွန်တော်တို့တွေ ဘုရင်ခံလို ထားထားရတာ. . ."

"မင်းတို့က တြိဂံလခြမ်းအဖွဲ့ကို သိမ်းပိုက်ပြီး. .
သူတို့ ချမ်းသာမှုတွေကို ယူကြပေါ့. . သူတို့မှာ လက်နက်ကိုင်
အဖွဲ့မှ မရှိတာ"

"မရနိုင်ပါဘူး၊ တစ်ခါ အဖွဲ့တစ်ခုက တြိဂံလခြမ်း
အဖွဲ့ဆီက လက်နက်တွေ ဝယ်ပြီး. . ပိုက်ဆံမပေး

နေလို့. . အဲဒီတစ်ဖွဲ့လုံး တစ်ယောက်မှ မကျန်ဘူး၊ အသေဆိုး
နဲ့ သေတာပဲ"

"ဟ. . လုပ်စမ်းပါဦး၊ ဘယ်လိုသေကြတာလဲ. . ."

"အဲဒီအဖွဲ့. . တြိဂံလခြမ်းအဖွဲ့ဆီက လက်နက်တွေ
ဘရားယူပြီး (၃)ရက်မြောက်နေ့မှာပဲ. . ဒီကောင်တွေ စခန်း
ကို ဘယ်ကလာမှန်း မသိတဲ့ မြွေတွေရောက်လာပြီး. . တစ်
ယောက်မကျန် ပေါက်သတ်တော့တာပဲဗျာ. . မြွေတွေက
တ်လေ မကုန်လေ မကုန်လို့ ပြေးတော့လည်း မလွတ်ဘူး၊
ကတည်းက တြိဂံလခြမ်းအဖွဲ့ဆိုရင် ဘယ်အဖွဲ့ကမှ မထိရဲ
တော့ဘူး. . ကြောက်ဖို့ကောင်းတယ်။ တြိဂံလခြမ်းအဖွဲ့ထဲက
အဖွဲ့ဝင်တစ်ယောက်ကိုတောင် မထိရဲဘူး. . သူတို့ ဘုရင်မ
က တန်ခိုးကြီးတယ်"

"ဟုတ်ရဲ့လားကွာ. . မင်းတို့ အကြောက်လွန်လို့ ဖြစ်
တာပါ"

"အကြောက်လွန်တာ မဟုတ်ဘူး. . တကယ့်ကို
ကိုယ်တွေ့ကြုံခဲ့တာပါ"

"လုပ်စမ်းပါဦး. . မင်းဆီက နားထောင်ရတာပေါ့"

"ဒီလို တြိဂံလခြမ်းအဖွဲ့ရဲ့ ကိုယ်စားလှယ် မိန်းက

လေးတစ်ဦး. . မှုးယစ်ဆေးဝါး ကိစ္စတစ်ခုနဲ့ ရောက်လာ
ဒါကို အဖွဲ့ထဲက ဒု-ခေါင်းဆောင် အီမွတ်ဆိုတဲ့ တော
အမမှုကြဲခဲ့ပြီး ဒီမိန်းကလေးကို အပြတ်ရှင်းဖို့ လုပ်တဲ့အ
မိန်းကလေးက. . လွတ် မြောက်သွားတယ်၊ အီမွတ်
တောထဲမှာ ဆက်ပြီးမနေရဲ တော့ဘဲ. . ရွာတစ်ရွာမှာ
ဖျောက်ခဲ့တယ်၊ ဒါပေမယ့် မလွတ်ပါဘူး. . အီမွတ်ကို
နေတဲ့ရွာမှာ ရစရာမရှိအောင် သတ်ဖြတ်ခဲ့ကြတယ်
ပြီးတော့ အီမွတ်တပ်ဖွဲ့ကိုလည်း သုတ်သင်ခဲ့ပြန်
လေ. . ."

"မင်းပြောသလိုဆို. . တြိဂံလခြမ်းအဖွဲ့ကို
မရနိုင်ဘူးပေါ့. . ."

"ဟုတ်ပါတယ်. . အနံ့ခံသိပ်ပြီး ကောင်းတယ်
ပြောတဲ့စကားအရဆိုရင်. . မြွေမရှိတဲ့ နေရာမှာနေရင်
မယ်တဲ့. . မြွေမရှိတဲ့နေရာဆိုတာ ရှိမှ မရှိတာဘဲဗျာ၊ မြွေ
က သတင်းပေးတာလို့ ပြောတာပဲ"

မင်းဆက် နားထောင်ရင်း ပြုံးမိလိုက်သည်။

"မစ္စတာမင်းဆက်. . ဘယ်လိုလဲ"

"နားထောင်လို့တော့ ကောင်းတယ်. . သူစကာ

င်းဆိုရင်၊ မြွေပန်တြွာဘုရင်မ ဟာ မြွေဘုရင်မ ဟစ်ဆူလို့
ဘောင် ဖြစ်နေပြီ. . ကျုပ်တို့လည်း မြွေဘုရင် သတ်ထားရ
ဘော့မယ်"

"ဟုတ်တယ်ဗျို့. . ."

အီမာဆင် မြို့အဝင် စခန်းတစ်ခုမှာ သူပုန်နှစ်
ယောက်ကို အပ်ထားခဲ့ပြီး၊ ခရီးဆက်ခဲ့ကြလေသည်။

"ဟိုကောင်ပြောတဲ့ ကိစ္စတွေကို ဘယ်လိုမြင်လဲ. .
စ္စတာ မင်းဆက်"

"စဉ်းတော့ စဉ်းစားစရာပဲဗျ၊ ခင်ဗျားတို့ အိန္ဒိယ
ာမျိုးတွေက မြွေကို အရမ်းနိုင်ကြတာဆိုတော့. . ဟုတ်ချင်
ာည်း ဟုတ်မှာပေါ့။ တစ်ခုတော့ ရှိတယ်. . အကြွင်းမဲ့ယုံလို့
ဘော့ မရဘူး. . သူတို့ဘက်မှာ မြွေကို အယောင်ပြပြီး လုပ်
ဆောင်ထားတာတော့ ရှိရမယ်. . ."

"သေချာတယ်. . မြွေက သတင်းပေးတယ်ဆိုတာ
ဘော့ ယုတ္တိမရှိဘူးဗျာ. . ပြီးတော့ မြွေတွေနဲ့ သတ်တဲ့ကိစ္စ
ာည်း မဖြစ်နိုင်ဘူး. . သိပ်ပြီး ဒဏ္ဍာရီဆန်နေတယ်"

"ဒီကောင်ပြောတဲ့ ပုံစံက. . တကယ်ဖြစ်ပျက်ခဲ့လို့
ပြောနေတဲ့ အနေအထားဗျ"

"ဒါကြောင့် လျို့ဝှက်ချက်တစ်ခုတော့ ရှိရမယ်လို့ထ[illegible]
နေတာဗျ. . ."

"ကျွန်တော်တို့ အတွက်တော့ တြိဂံလခြမ်းအဖွဲ့ဟာ
ခေါင်းစားစရာ အဖွဲ့တစ်ဖွဲ့တော့ ဖြစ်နေပြီ. . ."

"ဟုတ်တယ်. . မစ္စတာမင်းဆက်ရေ ရှေ့နားကျရင်
တော့ ကားထားပြီး လှေနဲ့ ဘုရားကျောင်းကို သွားရတော့
မယ်. . ."

မင်းဆက် လှမ်းပြီးကြည့်လိုက်တော့. . ရောင်စုံတား
တွေ တန်းစီပြီး ရပ်ထားသည်ကို တွေ့နေရလေသည်။

"ဘုရားကျောင်းက တစ်ဖက်ကမ်းမှာဆိုတော့. . လှေ
နဲ့ပဲ ကူးပြီးသွားကြရတာ. . ."

"လူတွေ မနည်းပါလားဗျ. . ."

လှေဆိပ်တွင် လှေများစွာရှိနေတာတောင် စီးမ[illegible]
လူတွေကို မနိုင်အောင် ဖြစ်နေရလေသည်။

မင်းဆက်တို့ ကမ်းနံဘေးတွင် ရပ်ပြီးကြည့်နေ[illegible]
ရသည်. . .

"မစ္စတာမင်းဆက်တို့ ဒီကစောင့်ပြီး. . ကျုပ်လှေသွား
ပြီး စီစဉ်လိုက်ဦးမယ်၊ ဒီကနေ ကူးရင် မိုးချုပ်တောင်ရောက်

[illegible]ာ မဟုတ်တော့ဘူး. . ."

"သွားလေ. . ."

အီမာဆင်ထွက်သွားပြီး. . မင်းဆက်တို့ နားကို ဆာရီ
[illegible]အနီရောင်လေး ဝတ်ဆင်ထားသော ဟိန္ဒူအမျိုးသမီးတစ်ဦး
ရောက်လာသည်. . .

"ကျွန်မကို မှတ်မိလား. . ."

"မှတ်မိပါတယ်. . ငါတို့ကားနဲ့ တိုက်မိမလို ဖြစ်သွား
တဲ့ မိန်းကလေး မဟုတ်လား. . ."

"ရှင့် မျက်လုံးက အရမ်းကို မှတ်ဉာဏ်ကောင်းတယ်၊
[illegible]ုတ်ပါတယ်. . ဘုရားလာဖူးတာလား"

"ဟုတ်တယ်ပဲ ဆိုရမှာပေါ့ဗျာ. . မင်းရော ဘုရားဖူး
[illegible]ဘား. . ."

"ဟုတ်တယ်. . မိသားစုနဲ့ လာတာ၊ ရှင့်ကို တွေ့လို့
[illegible]ာပြီးနှုတ်ဆက်တာပါ. . ကျွန်မနာမည် ဆူနာလီလို့ ခေါ်ပါ
[illegible]တယ်"

"ကျုပ်က မင်းဆက်၊ သူက ယဉ်မောင်၊ ဘေးက
[illegible]ာဂျူးပါ. . ."

"မှတ်ထားမယ်နော်. . ဘုရားကျောင်းကျမှ ပြန်ပြီး၊

ဆုံကြတာပေါ့. . မစ္စတာမင်းဆက်"

"ကောင်းပါပြီ. . ."

ဆူနာလီ. . ပြန်ပြီးထွက်သွားသည်။

"ယဉ်မောင်. . ."

"ဘာလဲ. . မင်းဆက်"

"ငါတို့နားမှာ ရွှေကျည်ဆံတွေက ကပ်နေတယ်...
သတိထား. . ."

"အေးပါကွ. . ."

အီမာဆင် ပြန်ရောက်လာပြီး၊ သူတို့ကို ခေါ်...
လုံခြုံရေးလှေဖြင့် တစ်ဖက်ကို ကူးနေစဉ်. . .

ချောင်းထဲတွင်. . လှေများ ရှုပ်ထွေးနေသည်။

"အီမာဆင်. . . ဝပ်လိုက်"

"ဖောင်း. . ."

"ဟာ. . ."

လှေ၏ ဘေးဘက် သစ်သားပွင့်ထွက်သွားသည်...

ပစ်ခတ်သွားတဲ့ စက်လှေဆီကို လိုက်ဖို့. . ရှေ့တွင်...
စက်လှေတွေက ပိတ်ဆို့နေတာကြောင့် လိုက်ရန်မလွယ်...

"အန္တရာယ်ကတော့ စပြီ. . မစ္စတာမင်းဆက်...

...ကောင်တွေ အရမ်းကို အတင့်ရဲနေပြီ. . တောက်"

"ကျုပ်တို့ကို သတိကြိုပြီးပေးနေတယ်လို့. . သဘော...
...ားလိုက်ဗျို့. . တစ်ချက်လေး ဟာသွားတာနဲ့ ဘဝပြောင်း...
...ားမယ်နော်. . ."

"သတိလစ်လို့တော့ မရဘူး. . ဒီကောင်တွေ ဘယ်...
...ရောက်လျှင်သလဲဆိုတာကို အဖြေရှာရမယ့် ပွဲတစ်ခုပဲ"

စက်လှေကလေးမှာ ကမ်းဆီသို့ ကပ်သည်နှင့် မျက်...
...ပဲ၊ နားတို့ကို စွင့်လျက်နှင့် တက်ခဲ့ကြရသည်။

❂ ❂ ❂

မင်းဆက်တို့ နားခိုသည့်နေရာ ပတ်ဝန်းကျင်တွင် ပုလိပ်များကို ကင်းချထားရသည်။

"တော်သေးတာပေါ့. . ဟို လွှတ်တော်ဥက္ကဋ္ဌဇနီး လာမယ်ဆိုလို့ ပုလိပ်တွေကို လုံခြုံရေး ချထားတာ၊ ကျုပ်တို့ အတွက် အဆင်ပြေသွားတယ်. . ."

"ဟို ရဟတ်ယာဉ်ကွင်းက ဘယ်သူ့အတွက်လဲ. . ."

"ဘယ်သူရှိရမလဲ. . ဥက္ကဋ္ဌဇနီးအတွက်လေ၊ သူက မနက်မိုးလင်းတာနဲ့ ကိုယ်ပိုင်ရဟတ်ယာဉ်နဲ့ ရောက်လာမှာ"

"အစိုးရပိုင် မဟုတ်ဘူးလား. . ."

"မဟုတ်ဘူး. . ဘယ်လောက် ချမ်းသာသလဲတော့ မပြောတတ်ဘူး၊ ကိုယ်ပိုင် ရဟတ်ယာဉ်တောင် ဝယ်စီးနိုင် တယ်. . ."

"ဒါဆို လွှတ်တော်ဥက္ကဋ္ဌပေါ်မှာ အမြင်မစောင်းကြ ဘူးလား. . ."

"မစောင်းကြပါဘူး. . ဥက္ကဋ္ဌက ပိုင်တာမှ မဟုတ် တာ၊ သူ့ဇနီး ပိုင်တာ. . ."

"ဥက္ကဋ္ဌဇနီး အမည်က. . ဘယ်သူလဲ"

"ဟိန္ဒူနာမည်က. . မာဆင်းလာနီလို့ ခေါ်တယ်၊ သူ့ ကိုအများဆုံး ခေါ်ကြတာကတော့. . ရွှေနှင်းဆီလို့ ခေါ် တယ်. . ."

"ဘာလို့ ခေါ်ကြတာလဲ. . ."

"တစ်ကိုယ်လုံး ရွှေမချထားရုံ တမယ်ပဲလေ. . မနက် ဖြန်ရင် တွေ့မှာပါ. . ရွှေရောင်တွေ တဖျပ်ဖျပ်နဲ့ တစ်ခုတော့ ရှိဘယ်နော်. . စည်းရုံးရေးက ကောင်းတယ်"

"လုပ်စမ်းပါဦး. . ."

"သူရောက်လာပြီဆိုရင်. . ရှုပီးပိုက်ဆံတွေက မိုးရွာ သလားတောင် မှတ်ရတယ်၊ ဒီထဲမှာ လက်စွပ် လက်ကောက် နားကပ်တွေတောင် ပါသေးတယ်. . ."

"ဘာလဲ. . . ကြဲတာလား"

"ဟုတ်တယ်. . မစ္စတာမင်းဆက်"

"ခင်ဗျားတို့ သူ့နောက်ကြောင်းကို မလိုက်ဘူးလား"

"လိုက်တာပေါ့ဗျာ. . ဘိုးဘွားအစဉ်အဆက်က ချ
သာတာဆိုတော့ ဘာမှ ပြောလို့မရဘူး. . သူ့မိဘတွေ
အိန္ဒိယပြည်သမိုင်းကြောင်းထဲမှာ တကယ်မီလျံနာအဆင့်
လောက်ကို ရှိခဲ့တယ်. . တစ်ခုတော့ လွဲချော်နေတယ်"

"ဘာများလဲ. . ."

"ရွှေနှင်းဆီရဲ့ ဘိုးဘွားတွေဆီမှာ မျိုးဆက်မရှိတော့
ဘူးလို့ သိထားပြီးမှ ဘယ်လိုလုပ်ပြီး. . ရွှေနှင်းဆီက ပေါ်လာ
လဲ မသိဘူး၊ စုံစမ်းတော့လည်း ဟုတ်နေပြန်တယ်. . ."

"အင်း. . ဒါဟာ စဉ်းစားရာ ကိစ္စတစ်ခုပဲ အီမာဆင်
ဒီကောက်ကြောင်းကို လိုက်နိုင်ရင် အဖြေတစ်ခုရမယ်. . ."

"ဒီကောက်ကြောင်းကို လိုက်ဖို့ဆိုတာ. . အတော်
လေးကို စွန့်စားရမယ့် ကိစ္စတစ်ခုပဲ၊ ခင်ဗျားသိတဲ့အတိုင်း
အစိုးရအဖွဲ့ထဲမှာ ရွှေနှင်းဆီယောက်ျားက ဩဇာအရှိဆုံး ဖြစ်
နေတာ ဆိုတော့. . တစ်ချက်လေး ဟာသွားတာနဲ့ ရာထူး
တင်မကဘူး. . ဘဝပါ ပျက်ရမှာ တစ်ခုတော့ စဉ်းစားပြီးပါ
ပြီ. . အမှန်တရားအတွက် ခုလိုမှ မစွန့်စားရင် တိုင်းပြည်အ
တွက် ရင်လေးစရာ ဖြစ်နေမှာ. . . မဟုတ်လား"

"ဟုတ်တယ်. . မစ္စတာအီမာဆင်၊ ကျုပ်တို့ အိန္ဒိယ
မှာ ရှိနေစဉ် ဒီကိစ္စကို ရအောင်ဖော်ထုတ်ချင်တယ်. . ."

"ကောင်းတာပေါ့ဗျာ. . ကျုပ်က အထက်ညွှန်ချုပ်ကို
တင်ပြဘူးတယ်၊ လက်မခံဘူး. . ကိုယ့်ဘက်က ခိုင်လုံမှုရှိဖို့
ကို အရင်လုပ်လို့ပဲ ပြောတယ်. . ခုတော့ လုပ်သင့်တာကို
လုပ်ရမှာပဲ၊ ညွှန်ချုပ်လည်း တဖြည်းဖြည်း သိလာပါပြီ. . ."

"ကျုပ်တို့ အပြင်သွားကြရင် ကောင်းမလား. . ."

"မစ္စတာမင်းဆက်. . ကျုပ်က အပြင်ကို မထွက်စေ
ချင်ဘူး. . မိုးချုပ်နေပြီ၊ အန္တရာယ်ကြီးတယ်။ မနက်မှပဲ ထွက်
ကြရင်ကောင်းမယ်. . ."

"ကျုပ်ကတော့ အပြင်ထွက်ပြီး အဖြေတစ်ခုကို ရှာ
ချင်တာ. . ဒါမှ သဲလွန်စ ရမှာပေါ့ဗျာ"

"ဒါဆိုရင် အုပ်စုခွဲပြီး. . ထွက်မယ်၊ ဒါမှ တစ်ယောက်
ကို တစ်ယောက် ကာကွယ်နိုင်မှာ. . ရုပ်တော့ဖျက်ထားမယ်"

"ရုပ်ဖျက်လည်း ဒီကောင်တွေက ကျုပ်တို့ကို အလွတ်
ပေးမှာ မဟုတ်ဘူး. . အိမ်က ထွက်တာနဲ့ နောက်ကကပ်ပြီး
ပါလာမှာ သေချာတယ်. . မစ္စတာအီမာဆင်"

"ဒါဆိုလည်း ဘုရားတပြီး ထွက်တာပေါ့၊ နှစ်ယောက်

တစ်တွဲထွက်မယ်. . . ”

မင်းဆက်နှင့် ရာဂျူးတစ်တွဲ၊ အီမာဆင်နှင့် ယဉ်မော[illegible] တစ်တွဲ. . အပြင်သို့ ထွက်ခဲ့ကြသည်။

ဘုရားကျောင်း လမ်းမကြီးတလျှောက်တွင် မီးရောင် စုံတွေလင်းပြီး. . ပွဲလမ်းသဘင်ကြီး ကျင်းပနေသည်။ လူတွေ က ကျပ်ညပ်ပြီး. . မနည်းကို တိုးနေရသည်. . .

တစ်ယောက်နှင့် တစ်ယောက် လူချင်းမကွဲအောင် သွားနေရင်းမှ ရာဂျူး. . မင်းဆက်နှင့် ကွဲထွက်သွားသလို အီမာဆင်တို့ နှစ်ယောက်ကိုလည်း မတွေ့ရတော့ပေ. . .

လူများ အလွန်ကျပ်လာသောကြောင့်. . မင်းဆက် အနေဖြင့် ရှေ့သို့ဆက်သွားရန် မသင့်ဟု သဘောပေါက်ထ[illegible] ထွက်ပေါက် ရှာလိုက်သည်။

လူသွားလမ်းဘေးဘက် နားတွင်. . သစ်ပင်ကြီးတွေ[illegible] နေရာမှာ လူမရှိသဖြင့် ဘေးဘက်သို့ထွက်လိုက်စဉ်. . .

“ဟင်. . . ”

လူနှစ်ယောက် မင်းဆက်ကို ညှပ်လိုက်ပြီး. . .

“မလှုပ်ရှားနဲ့နော်. . ကျုပ်တို့လက်ထဲမှာ သေနတ်

မင်းဆက် ခါးနှစ်ဖက်ကို သေနတ်နှင့် ထောက်ထား

[illegible]ါက်သည်။

“မင်းတို့ ဘာလုပ်ချင်လဲ၊ သတ်ချင်ရင် သတ်လိုက်”

မင်းဆက် သေနတ်ပြောင်းဝကို သဘောပေါက်လိုက် သည်. . အသံတိတ် တပ်ထားခြင်း မရှိတာကြောင့် ဒီကောင် တွေ လူကြားထဲတွင် ပစ်ခတ်ဖို့ မလွယ်ပေ. . ဘေးဘက်တချို့ တွင် ပုလိပ်တွေက စောင့်ကြည့်နေသည်. . .

“ခင်ဗျား. . အေးအေးဆေးဆေး လိုက်ခဲ့ရင် ဘာမှ ဖြစ်ဘူး. . . ”

“ကောင်းပြီ. . လိုက်ခဲ့မယ်”

မင်းဆက် ခပ်အေးအေးပင် လိုက်ခဲ့ရင်း. . လှုပ်ရှား ဖို့ကို အခွင့်ကောင်း စောင့်နေသည်။

လူအုပ်ကြားထဲမှ တိုးထွက်ပြီး. . နတ်စင်လိုနေရာဆီ သို့ ခေါ်ဆောင်လာခဲ့စဉ်. . .

မင်းဆက်ရှေ့တွင်. . မီးရောင်နှင့် လူတစ်စုကို တွေ့ လိုက်ရသည်။

မင်းဆက် ဘေးမှ နှစ်ယောက်ရဲ့ အနေအထားကို ကြည့်လာလိုက်ပြီး၊ လှုပ်ရှားလို့ ရပြီဆိုတာကို သဘောပေါက်ကာ-

“ရော့. . . ”

"ဖြောင်း. . ."

"ဟာ. . ."

ဘေးမှ တစ်ယောက်ကို အလစ်ကန်လိုက်သည်နှင့် ကျန်တစ်ယောက်က သေနတ်နှင့် ပစ်မည်အပြု. . မင်းဆက် ကပ်ပြီး မျက်နှာကို ရိုက်ချလိုက်သည်။

"ဒုတ်. . ."

"အား. . ."

မင်းဆက် လက်မောင်းကို ဓားမြှောင်တစ်ချက် စိုက် ဝင်သွားပြီး. . .

လူတွေ ဝင်လာသဖြင့်. . ဘေးဘက်လမ်းကို ပြေး ထွက်ခဲ့သည်။

"ဒုတ်. . . ဒုတ်"

အနောက်မှ အသံတိတ်သေနတ်နှင့် လှမ်းပြီးပစ် တာကြောင့်. . သစ်ပင်ဘေးတွင် ကပ်ပြီး၊ ခါးကြားမှ သေနတ် ကို ထုတ်ကာ ပစ်မည်လုပ်တော့ လက်တစ်ခုလုံး ထုံကျင်ပြီး လှုပ်ရှားလို့ မရ. . .

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"အား. . ."

"ဟာ. . ."

အရှေ့ဆုံးမှ ပြေးလာတဲ့သုံးယောက် မှောက်ပြီး. . ကျသွားသဖြင့် နောက်မှကောင်တွေ ဆက်ပြီးမလိုက်ဝံ့ဘဲ၊ ဘေးဘက်သို့ နေရာယူကုန်သည်. . .

"ကိုမင်းဆက်. . ဒီကိုလာ"

"ဟင်. . ."

အမှောင်ထဲမှ မိန်းကလေး တစ်ယောက်အသံကို ကြားလိုက်ရပေမယ့်. . ဘယ်သူဘယ်ဝါ ဆိုတာကို မသိဘဲ၊ သူမခေါ်ရာကို ပြေးခဲ့သည်. . .

"လာ. . . လာ ဒီလမ်းကနေ ထွက်မယ်"

သူမ ခေါ်ဆောင်ရာနောက်ကို ပြေးလိုက်ခဲ့ရင်း ဘုရား ကျောင်းပျက် တစ်ခုထဲသို့ ရောက်သွားသည်။

"ရပြီ ဒီလောက်ဆို ဒီကောင်တွေ မလိုက်ရဲတော့ဘူး"

သူမက နံရံမှ မီးခွက်တစ်ခုကို မီးထွန်းညှိလိုက် တော့မှ. . .

"ဆူနာလီ. . ."

"ဟုတ်ပါတယ်. . ကျွန်မ ဆူနာလီပါ၊ ရှင် အံ့ဩသွား ဘား. . ."

"ဟုတ်တယ်. . မင်း ဘယ်အဖွဲ့အစည်းကလဲ"

"ရှင့် စကားကို နောက်မှပြော ရှင့်ဒဏ်ရာကို အ ကုရမယ်. . ကြာရင် အဆိပ်က ကိုယ်ထဲရောက်သွား တယ်၊ ဒီကောင်တွေ ဓားမြှောင်ထဲမှာ အဆိပ်သုတ်ပြီး ပစ် တာ. . . ဝိဇ္ဇာပဲ"

သူမ မင်းဆက်ဒဏ်ရာထဲမှ သွေးများကို ညှစ်ထုတ် ပြီး. . သူမအိတ်ထဲမှ အဝါရောင်အရွက်များကို ဝါးကာဒဏ် ရာဝတွင် သိပ်၍ လက်ကိုင်ပဝါနှင့် စည်းထားလိုက်သည်. . .

"တော်သေးတာပေါ့. . ကျွန်မဆီမှာ ဒီအဆိပ်ဖြေ ရွက်တွေ အသင့်ပါလို့"

"ကျေးဇူးပါပဲ. . . ဆူနာလီ"

"ရှင့်လို လူမျိုးဆီက ကျေးဇူးတင်စကား ကြားရတာ ဂုဏ်ယူစရာပါပဲ၊ရှင်ကအရမ်းကို သတ္တိကောင်းတဲ့ ယောက်ျား ပဲ. . ."

"မင်းက. . . ဘာကို ကြည့်ပြီး ပြောတာလဲ"

"ရှင့်ရဲ့ လှုပ်ရှားမှုတွေကို သတင်းကြားပြီး၊ ပြောတာ ပါ. . ."

"မင်းက. . . ဘာသတင်းတွေ ကြားခဲ့လို့လဲ"

"တြိဂံလခြမ်းအဖွဲ့ကြီးကို အိန္ဒိယထိလိုက်ပြီး၊ ဖမ်း းနေတဲ့ သတင်းကြောင့်ပါ. . ."

"ဒါကတော့ တာဝန်အရပဲ. . . ထားပါလေ၊ မင်း ယ်လို အဖွဲ့ကလည်းဆိုတာကို သိချင်တယ်"

"ကျွန်မပြောရရင်. . ရှင်အံ့ဩသွားမယ်၊ ဒီမှာလေ"

"ဩော်. . မင်းက တြိဂံလခြမ်းအဖွဲ့ဝင် တစ်ဦးပဲ ာလို့ ငါ့ကို ကယ်ခဲ့တာလဲ. . မင်းမှာ ဘာအစီစဉ်တွေ သေးလို့လဲ. . ."

"ကျွန်မ အစီအစဉ်ကတော့. . တြိဂံလခြမ်းအဖွဲ့ကြီး ် လက်စားချေချင်တဲ့ အစီအစဉ်ပဲ"

"ဟင်. . ."

"ဒါကြောင့်အဖွဲ့ထဲကို ဝင်ပြီး. . လူတစ်ယောက်ကို နေတာပဲ"

"ဘယ်သူလဲ. . ."

"မယ်လီမာဆိုတဲ့ မိန်းမ၊ သူ့ကြောင့် ကျွန်မခင်ပွန်း ည်ဟာ အသေဆိုးနဲ့ သေခဲ့ရတယ်. . ."

"မင်းခင်ပွန်းဟာ သူတို့အဖွဲ့ဝင်လား. . အစိုးရဘက် လား. . ."

"သူတို့အဖွဲ့ဝင်တစ်ဦး. . သူတို့အဖွဲ့ဝင်ဆိုပေမယ့်
တို့လိုတော့ မဟုတ်ဘူး. . သမိုင်းပညာရှင်တစ်ဦး၊ ရှေး
ဘုရင်မ သမိုင်းကြောင်းနောက်ကို လိုက်ရင်း သူတို့နဲ့
သွယ်မိပြီး. . အဖွဲ့ဝင်ဖြစ်ခဲ့တာပါ။ နောက်ဆုံး သူတို့ခိုင်း
ကို မလုပ်လို့ဆိုပြီး. . ရှင်းပစ်လိုက်ကြတာ၊ ဒီတုန်းက ကျွန်မ
အီတလီမှာ ပညာသွားသင်နေတော့ ကျွန်မခင်ပွန်း အသ
ခံရပြီး. . နောက်နှစ်ကျမှ အကြောင်းစုံကို သိခဲ့ရတာပဲ"

"မင်းနဲ့ ပတ်သက်တာကို သူတို့ မသိကြဘူးလား"

"မသိကြဘူးလေ. . ."

"မယ်လီမာဘတင်း ဘာရထားလဲ. . ."

"ခုထိ သူဘယ်မှာ ရှိတယ်ဆိုတာကို မသိရသေး
ရှင့်ကို သတ်ဖို့တာဝန်ပေးထားသူက ကျွန်မကိုပါ. . ဒါကြော
ရှင့်အကြောင်းကို ကြားတော့ တကယ်လေးစားပြီး ရှင်နဲ့
မယ်လီမာကို ဖော်ထုတ်နိုင်မယ်လို့ ယုံကြည်တယ်၊ ဒါကြော
ကယ်ခဲ့တာ. . ."

"မင်းဖြစ်ချင်တဲ့ ဆန္ဒကို ငါကူညီမှာပါ. . ."

"ကျေးဇူးတင်ပါတယ်. . ကဲ ရှင်လည်း သွားလို့ရ
တော့ ကျွန်မ လမ်းပြမယ်၊ အဲဒီက သွားလေ. . မြို့ကို ပြ

ရောက်မှ ကျွန်မ ဆက်သွယ်ပါ့မယ်. . ခုချိန်မှာ သူတို့လူတွေ
က မျက်လုံးများစွာနဲ့ ရှိနေတယ်. . သူတို့ မရိပ်မိအောင် ပြန်
သွားရမယ်"

သူမ. . ပြသည့်လမ်းအတိုင်း ပြန်လာခဲ့တော့-

"မစ္စတာမင်းဆက်. . ."

"မင်းဆက်. . ."

"ဆရာ. . ."

အီမာဆင်နှင့် ယဉ်မောင်တို့ကို တွေ့လိုက်သည်နှင့်-

"မင်းလက်မှာ ဒဏ်ရာ ရထားလား. . ."

"ဟုတ်တယ်. . အဆိပ်ဓားမြှောင်ထိထားတာ"

"ဟာ. . ဒါဆို ဆေးခန်းသွားမယ်"

"ရတယ်. . မစ္စတာအီမာဆင်၊ ဆရာကောင်းနဲ့တွေ့
ပြီးသက်သာနေပြီ. . ကဲ အိမ်ပေါ်ရောက်မှ ရှင်းပြမယ်"

မင်းဆက်. . ဆူနာလီနှင့် တွေ့ဆုံခဲ့ပုံကို ပြောပြလိုက်
လေသည်။

"အင်း. . ဒါဆိုရင် တို့အတွက်တော့ ကံကောင်းတာ
ပေါ့. . ."

"ဟုတ်တယ်. . . ဆူနာလီကို ငါတို့ရလိုက်တာ၊ တြိဂံ

လခြမ်းအဖွဲ့ကြီးရဲ့ လှုပ်ရှားမှုတွေကို ခြေရာခံနိုင်ပြီ. . ”

“ကျုပ်တော့ ခင်ဗျားတော့ သွားပြီထင်လိုက်တာ”

“ဘုရားသခင်က ကျုပ်ကို သေခွင့်မပြုသေးဘူး. . ဘာလို့လဲဆိုတော့ ရွှေပန်းတွာဘုရင်မကို မမိသေးလို့ဘဲ”

“ကဲ. . . မစ္စတာမင်းဆက်၊ ကျုပ်ဆရာဝန်သွားခေါ်ပြီ ခေါ်မယ်. . ဒါမှ စိတ်ချရမှာ”

“ကောင်းပြီ. . . ”

အီမာဆင်. . ပုလိပ်ရဲဘော်တစ်ဦးကို ဆရာဝန်သွား ပင့်ခိုင်းကာ အိမ်ပေါ်သို့ ပြန်တက်ပြီး. . .

“ပုလိပ်အဖွဲ့က အလောင်း(၃)လောင်းနေရာကို သတင်းရလို့ သွားကြပြီ၊ ဟိုကောင်(၃)ကောင်ပဲ နေမှာပေါ့”

“ဟုတ်တယ်. . ဆူနာလီ ပစ်ခဲ့တာနေမှာ”

မင်းဆက်. . ဒဏ်ရာအရှိန်ကြောင့် မျက်လုံးလေး မှိတ်ပြီး မှေးနေလိုက်တော့သည်. . . ။

❁ ❁ ❁

မနက်မိုးလင်းတော့. . မင်းဆက်ဒဏ်ရာမှာ အတော် လေး သက်သာနေပြီဖြစ်သည်။

“ဘယ်လိုနေသေးလဲ မင်းဆက်. . . ”

“အကောင်းအတိုင်း ဖြစ်နေပါပြီ. . မစ္စတာအီမာဆင် ရော. . . ”

“ရှိတယ်. . ဘာတွေ အလုပ်ရှုပ်နေသလဲ မသိဘူး၊ ပုလိပ်တွေ လုပ်နေတာတော့ တွေ့တယ်. . . ”

မင်းဆက်. . နံနက်ခင်း ရာဂျူးလာပေးသော နို့နှင့် ပေါင်မုန့်တချို့ကို စားသောက်ပြီး. . အီမာဆင်တို့ဘက်သို့ လျှောက်လာခဲ့သည်။

"မစ္စတာမင်းဆက်. . သက်သက်သာသာ ရှိရဲ့

"ရှိပါတယ်. . ဘာတွေလုပ်နေတာလဲဗျ"

"အရေးပေါ် ဗျာ. . ဥက္ကဋ္ဌဇနီးက သူ့ရဲ့ အသက်(

ပြည့်မွေးနေ့ပွဲကို ကံစမ်းမဲ ဖောက်ပြီး၊ ပေါက်တဲ့သူနဲ့ ည

စားပွဲလုပ်ပေးရမှာ. . တကယ်အလုပ်ရှုပ်တဲ့ ကိစ္စပဲဗျာ၊

တယ်. . ချမ်းသာတယ်ဆိုပြီး. . စိတ်ကူးပေါက်ရာ လုပ်

တာက အရေးမကြီးဘူး. . ကျန်တဲ့လူတွေ အလုပ်ရှုပ်တယ်

"မစ္စတာအီမာဆင်. . ."

"ပြော. . . စေ. . ဗျာ"

"ကျုပ်ကို တစ်ခုကူညီပါဦး. . ."

"ဘာကူညီရမှာလဲ. . ."

"ရွှေနှင်းဆီနဲ့ ညစာအတူတူစားချင်တယ်. . ."

"OK ကျုပ်စီစဉ်မယ်. . ."

"ဆရာ. . . ဆရာ"

"ဘာလဲ. . . ရာဂျူး"

"ဟဲ. . ဟဲ ကျွန်တော့်ကိုလည်း. . ."

"အေးပါကွာ. . သုံးယောက်စာ မဲလိပ်ကို ငါအ

နှန်လုပ်ထားပါမယ်. . ."

"ဘယ်အချိန်လာမှာလဲ. . ."

"နေ့လယ်လောက်ဆိုရောက်ပြီ. . ရှေ့ပြေး ကိုယ်ရံ

ဘက်တွေတောင် ရောက်နေပြီ. . ."

"ညက. . အလောင်း(၃)လောင်းနဲ့ ပတ်သက်ပြီး

ဘာထူးခြားလဲ. . ."

"မသာကောင်တွေ မသေဘူး. . မစ္စတာမင်းဆက်၊

ဆေးရုံကို ပို့ထားရတယ်၊ စစ်ကြောရေးတော့ မလုပ်ရသေးဘူး၊

ဒီဓာ ပြန်မှပဲ ဂါတ်က နှစ်ယောက်ကို တစ်ခါတည်းခေါ် သွား

ပြီး. . စစ်ကြောရေး လုပ်ရမယ်၊ ခဏလေးဗျာ. . မဲလိပ်ကိစ္စ

ပြီးရင် ဘုရားကျောင်းထဲမှာ ညစာအတွက် သွားပြီးစီစဉ်ပေး

ရဦးမယ်. . ."

အီမာဆင် ခိုင်းစရာရှိတာတွေကို ခိုင်းခဲ့ပြီး. . ဘုရား

ကျောင်းဘက်သို့ ထွက်လာခဲ့ကြသည်။

လမ်းတွင်. . ဆူနာလီနှင့် ဆုံခဲ့ပေမယ့် မသိသလိုဘဲ

နေလိုက်ကြသည်. . .

ဘုရားကျောင်းတံခါးကို လူအဝင်မခံတော့ဘဲ. . .

လုံခြုံရေး တပ်ဖွဲ့တွေက ပိတ်ထားလိုက်ကြပြီ ဖြစ်သည်။

ရွှေနှင်းဆီရဲ့ ဘုရားဝတ်ပြုမှုအတွက် ပြုလုပ်ထား…
ပင် ဖြစ်၏။

"အင်း သူ့ဘုန်းတန်ခိုးကလည်း မသေးလှဘူးဘဲဗျ"

"ဒါကြောင့်လည်း ကျုပ်တို့ စုံထောက်တွေ သူ့ရဲ့ ခိုင်းဖတ်ဖြစ်ပြီး. . ဘာမှ မလုပ်နိုင်တဲ့ အခြေအနေကို ရောက် နေရတာပေါ့"

"လူဘယ်နှစ်ယောက်စာ ပြင်ရမှာလဲ. . ."

"သူ့ရဲ့ မွေးနေ့သက်အတိုင်း. . အယောက်(၂၀)စာ ပြင်ရမှာ. . ."

"လူတွေက သောင်းနဲ့ချီပြီးထဲက အယောက်(၂၀)ခဲ ရွေးတာဆိုတော့ တော်တော့်ကို ကံကောင်းမှဗျို့. . ."

"ညစာဖို့. . တစ်ခုတည်းပဲလား"

"မဟုတ်ဘူး. . မစ္စတာယဉ်မောင်၊ အထူးလတ် ဆောင်တောင် ပါသေးတယ်. . ဘာတွေလည်း ဆိုတာတော့ မပြောတတ်ဘူး"

ဘုရားကျောင်းဝန်းထဲရှိ. . ရွှေနှင်းဆီ ဘုရားဝတ်ပြု

မည့် နေရာကို ရောက်တော့. . ကိုယ်ရံတော် တစ်ဦးက အီမာဆင်ကို လှမ်းပြီး နှုတ်ဆက်သည်။

"စုံထောက်ကြီး အလုပ်များနေလား. . ."

"ဟာ. . ဂျာကြီး၊ မင်းက ဘယ်လို လုပ်ပြီးကိုယ်ရံ တော်ဘဝကို ရောက်သွားရတာလဲကွ. . ."

"မပြောချင်ဘူး. . အီမာရေ၊ ငါဆိုတဲ့ကောင် အ ကြောင်းလည်း မင်းသိသားပဲ. . အထက်လူကြီးတွေနဲ့ သင့် မြတ်အောင် နေဖို့ဇာတာက မပါဘူး၊ သူတို့မျက်မုန်းကျိုးတဲ့ လူအဖြစ်နဲ့ ရောက်လာတဲ့ လူလိုပါပဲကွာ. . ငွေရှိတယ်ဆိုပြီး၊ လူတွေကို ခိုင်းချင်ရာ ခိုင်းနေတဲ့ လူတန်းစားတွေကိုတော့ ငါ ဘယ်တော့မှ အကောင်းမြင်မိမှာ မဟုတ်ဘူး. . အီမာ ရေ. . ."

"ရှူး. . ဂျာကြီး တော်ကြာ မင်းဒီနေရာကနေ ထပ်ပြီး လွင့်သွားဦးမယ်. . ."

"လွင့်လွင့်ကွာ. . ငါလည်း သိပ်မနေချင် တော့ဘူး၊ သူ့ကြောင့် လွှတ်တော်ဥက္ကဋ္ဌလည်း ဘယ်နေ့ရာထူး ပြုတ်မ လဲ. . စောင့်သာကြည့်"

"ဒါနဲ့ . . ဒီမှာ လစာ ကောင်းကောင်းပေးတယ်ဆို"

"ပေးတာတော့ ပေးပါတယ် . . ငါမနှစ်မြို့ဘူး၊ ငါက စစ်ထဲကို စပြီးဝင်ကတည်းက တိုင်းပြည်အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ စိတ်ဓာတ်နဲ့ ဝင်ခဲ့တာ . . ငါ့အကြောင်းကို မင်း အသိဆုံးပါကွာ . . ."

"ဂျာကြီး . . ."

"ဘာလဲ . . . အီမာ"

"မင်းနဲ့ငါ . . မြို့ရောက်ရင် ဆုံချင်တယ်"

"ရတယ်လေ . . စနေနေ့ဆို ငါအပြင်ထွက်တယ်"

"ဒါဆို . . ငါ့ဆီကို ဖုန်းဆက်"

မင်းဆက်တို့နှင့် မိတ်ဆက်ပေးပြီး . . ဘုရားကျောင်း ဝန်းထဲမှ ပြန်ပြီး ထွက်လာခဲ့ကြသည်။

"ဂျာကြီးနဲ့ ကျုပ်က စစ်တပ်မှာ အတူတူလုပ်ကိုင်ခဲ့ ကြတာ . . ဒီကောင်က စိတ်ထားဖြောင့်မတ်တယ်၊ တိုင်းပြည် ကို ချစ်တယ်၊ မဟုတ်တာကို လက်မခံဘူး . . ဒါကြောင့်လည်း ရာထူးမတက်ဘဲ . . ဟိုရောက်လိုက်၊ ဒီရောက်လိုက် ဖြစ်နေ တာ ကျုပ်တို့အတွက် ဂျာကြီးက အများကြီးအ ထောက်အကူ

ရမှာ သေချာတယ် . . ဒါကြောင့် ကျုပ်ချိတ်လိုက်တာပေါ့"

"ကျုပ်တို့အတွက် လမ်းစတွေတော့ စပြီး ပွင့်နေပါပြီ၊ အားစိုက်ပြီး လုပ်ဖို့ပဲ လိုတော့တယ် . . ."

ညစာအတွက် ပြင်ဆင်ထားသော အခန်းထဲမှ . . အပြင်သို့ရောက်တော့ ကောင်းကင်တွင် ရဟတ်ယာဉ်အသံ ကို ကြားနေလေပြီ . . .

"လာပြီနဲ့ တူတယ် . . ."

ရဟတ်ယာဉ် ဆင်းမည့်နေရာ ဝန်းကျင်တွင် လုံခြုံ ရေးတပ်ဖွဲ့တွေက နေရာယူလိုက်ကြသည်။

"ဒီလောက်ကြီး မလိုအပ်ပါဘူး . . ."

"သူ့အရှိန်အဝါကို လူတွေရှေ့မှာ ထုတ်ပြီးပြတဲ့သ ဘောပဲဗျ . . လုပ်ပါစေ သူ့ခေတ်ဘယ်လောက် သက်ဆိုးရှည် မလဲ ဆိုတာ စောင့်ကြည့်ရတာပေါ့ . . ."

မင်းဆက်တို့ လုံခြုံရေး အဆောက်အအုံအောက်တွင် ထိုင်ကာ အခြေအနေကို စောင့်ကြည့်နေကြသည် . . .

ရဟတ်ယာဉ်ကြီးက ဆင်းသက်လာပြီး၊ ရွှေနှင်းဆီ ဘေးမှ ဆာရီအဖြူဝတ်ထားသော အမျိုးသမီးတစ်ဦးနှင့် လူ

ယ်တော်(၃)ဦးကို ဆင်းလာကာ. . လိုက်နှုတ်ဆက်နေသည်။

သူမ. . ဘုရားကျောင်းထဲကို ဝင်သွားပြီး၊ ဘုရားဝတ်ပြု၍ ပြီးသောအခါ. . သူမအတွက် ပြင်ဆင်ထားသော စင်မြင့်ပေါ်သို့ တက်ပြီး စကားပြောလေသည်။

"ဒီနေ့ဟာ. . ကျွန်မရဲ့ အသက်(၂၀)မွေးနေ့နဲ့ တိုက်ဆိုင်တဲ့ မင်္ဂလာနေ့ရက် တစ်ရက်ဖြစ်လို့ အကောင်းဆုံးအစီစဉ်လေးတစ်ခုကို စီစဉ်ထားပါတယ်. . ဒါကတော့ ခုရောက်ရှိလာတဲ့လူထုထဲက လူအယောက်(၂၀)ကို ကံထူးရှင်ရွေးပြီး ကျွန်မနဲ့အတူ. . ညစာအတူစားကြမှာ ဖြစ်ပါတယ်"

"ဝေ. . ရှီး. . ဖြောင်း. . . ဖြောင်း"

လူထုကြီးထဲမှ လက်ခုပ်သံတွေကို ကြားနေရသည်။ သူမ စတိတ်စင်မှ ပြန်ဆင်းသွားသည်နှင့် လူပရိသတ်ကြီးမှာ မဲနှိုက်ရန်အတွက် တန်းစီနေကြလေသည်. . .

"မစ္စတာမင်းဆက်ရေ. . မြင်တဲ့အတိုင်းပဲ ဘုရားကျောင်းကို လာပြီး ဝတ်ပြုကြတာမှ မဟုတ်တာ. . ပျော်ပွဲရွှင်ပွဲ လာပြီးလုပ်နေကြတာ. . ဟုတ်တော့ ဟုတ်နေပြီ"

မင်းဆက်တို့ ရှေ့သို့ ဆူနာလီ ပန်းစည်းကြီးကို ကိုင်ပြီး

ဖြတ်သွားရင်း ပန်းတစ်ပွင့်ကို မသိမသာ ချခဲ့သည်။

လူတွေက မဲလိပ်ကို အာရုံရောက်နေကြပြီး. . ထိုမြင်ကွင်းကို ဘယ်သူမှ သတိမပြုမိကြပေ. . .

မင်းဆက် မသိမသာ ထွက်သွားပြီး လူတွေကြားမှ ပန်းလေးကို ကောက်ယူပြီး လုံခြုံရေးအဆောက်အအုံထဲသို့ ပြန်ပြီး ဝင်ခဲ့သည်။

"ဘာလဲ မင်းဆက်. . ."

မင်းဆက်သေသေချာချာ ကြည့်တော့ စာလိပ်ကလေးတစ်ခုကို တွေ့ပြီး. . ဖတ်လိုက်တော့-

"ကိုမင်းဆက်...

ဒီည ရှင်တို့ကို အင်အားသုံးပြီး အပြတ်ရှင်းဖို့

ပြင်ဆင်နေကြပြီ သတိထားပါ...

လီ..."

"မစ္စတာအီမာဆင်. . ."

"ဒီညဆိုတာ ရွှေနှင်းဆီ ပြန်သွားတာနဲ့ ဘုရားပွဲကပြီးသလောက်ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့တွေလည်း ပြန်ဆုတ်ပြီဆိုတော့. . ဒီကောင်တွေ ပွဲကြမ်းလို့ရတယ်။ လူတွေက ခုထဲ

က ပြန့်တဲ့သူက ပြန်ကြပြီလေ. . ညနေဆို မရှိသလောက် ဖြစ်နေပြီကွ၊ ကိုယ့်ဘက်က ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ရမယ်. . ."

"ထိပ်တိုက်တွေ့မှာလား. . . ရှောင်မှာလား"

"ရှောင်လို့ မလွယ်ဘူး. . ညဘက် ရေကြောင်းလမ်းကနေထွက်ရင် ပိုပြီးအန္တရာယ်များမှာ မစ္စတာမင်းဆက်. ပုလိပ်အဖွဲ့ထဲက ရဲဘော်တချို့ကို အရပ်ဝတ်နဲ့ နေခိုင်းထားရမယ်. . ပွဲကောင်းတစ်ခုတော့ စပြီး တွေ့ပြီဟေ့၊ လက်ယားနေတာနဲ့ အတော်ပဲ. . ."

ရွှေနှင်းဆီရဲ့ ညစာစားပွဲ မဲပေါက်ထားတဲ့. . လူအယောက်(၂၀) ဟောခန်းကြီးထဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ညစာစားပွဲ မစချင်းပခင်. . ရွှေနှင်းဆီက အနောက်တိုင်းဝတ်စုံနှင့် ထွက်လာပြီး၊ ဘေးမှာ အမျိုးသမီးကြီးကတော့ လိုက်ပါလျက်. . .

"ကျွန်မအတွက် ဆုတောင်းနိုင်ပါပြီ. . ."

စားပွဲတွင် တင်ထားသော ဝိုင်ခွက်လေးတွေကို မြှောက်ပြီး. . .

"ရွှေနှင်းဆီသခင်မ၊ သက်တော်ရာကျော်ရှည်ပါစေ" ပြိုင်တူအော်ဟစ်ပြီး သောက်လိုက်ကြသည်။

"ကျွန်မတို့ ညစာစားပွဲလေး မစမီ. . ကျွန်မရဲ့ အိမ်

မက်ကလေးတစ်ခု ပြောပြချင်ပါတယ်. . အားလုံးနားထောင်ပေးပါ. . ”

ဟောခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်စွာဖြင့် နားထောင်နေလေသည်. . .

“ဒီအိပ်မက်ဟာ ကျွန်မ(၁၀)နှစ်သမီး အရွယ်ကမက်ခဲ့ဘူးတဲ့ အိပ်မက်လေးကို ကျွန်မအသက်(၂၀)နှစ် ပြည့်တဲ့ညမှာ တစ်ထပ်တည်း ပြန်ပြီးမက်ခဲ့တာပါ. . အရမ်းကို အံ့ဩစရာကောင်းပြီး တိုက်ဆိုင်လွန်းတဲ့ အိပ်မက်တစ်ခုပါ. . . ”

သူမ. . ဝိုင်ခွက်လေးကို ဒုတိယအကြိမ်ဟန်ပါပါ သောက်ပြီး. . အားလုံးဆီသို့ ကြည့်နေသည်။

မင်းဆက်ကတော့ ရွှေနှင်းဆီဘေးမှ အမျိုးသမီးကြီးကို လှေ့လာနေမိသည်. . အသက်(၆၀)ဝန်းကျင်လောက်ဆိုပေမယ့်၊ အမျိုးသမီးရဲ့ လှုပ်ရှားသွားလာပုံမှာ အသက်(၄၀)ဝန်းကျင် အမျိုးသမီးတွေလို သွက်သွက်လက်လက် ရှိနေသည်။

“ကျွန်မ မက်တဲ့ အိပ်မက်ကတော့. . ကျွန်မတို့အိန္ဒိယပြည်ကြီးကို နတ်ဘုရားသခင်မတစ်ဦးက ကောင်းတင်ကနေ. . ရွှေတွေ ငွေတွေကြဲချနေတယ်လို့ မက်တယ်၊ ဒါဟာ

အိန္ဒိယပြည်ကြီးအတွက် နိမိတ်ကောင်းတဲ့ အိပ်မက်တစ်ခုလို့ ယုံကြည်တယ်. . ပြည်သူပြည်သားတွေရဲ့ ဒုက္ခတွေကို ကယ်တင်မယ့် နတ်ဘုရားသခင်မကြီးကို လူသားဘဝထဲကို ပို့လိုက်ပြီဆိုတဲ့ အသံကိုပါ ကြားရတယ်. . . ”

“ဟင်. . . ”

“ဟာ. . . ”

စားပွဲဝိုင်းကြီးတွင် ထိုင်နေကြသော လူတွေအားလုံး အသံထွက် လာခဲ့ကြသည်။

မင်းဆက်ကတော့ မအံ့ဩပေ. . ဒါဟာ ရွှေနှင်းဆီရဲ့ ါဒမှိုင်းတစ်ခုကို ရိုက်သွင်းနေခြင်းပင် ဖြစ်မည်ဆိုတာကို သဘောပေါက်လိုက်သည်. . .

“ကျွန်မ မက်ခဲ့တဲ့ အိပ်မက်လေးပါပဲ. . စာကယ်လို့ ကျွန်မအိပ်မက်ကို ယုံကြည်မယ်ဆိုရင် နတ်ဘုရား သခင်မ သူ့ဘဝထဲကို ရောက်နေတာကို ကျွန်မနဲ့အတူ. . ကြိုဆိုနိုင်ပါတယ်”

“ကြိုဆိုပါတယ်. . . ကြိုဆိုပါတယ်”

လူတွေဆီမှ ထွက်ပေါ်လာသောအသံကြောင့်. . သူမ မျက်နှာ ပြုံးရွှင်သွားခဲ့ပြီး. . .

"သုံးဆောင်ကြပါ. . စားသောက်ပြီးသွားရင်၊ နတ်ဘုရားသခင်မရဲ့ အမှတ်တရလက်ဆောင်တွေကို ပေးပါမယ်"

ညစာစားပွဲလေးကို ပြုလုပ်ပြီး. . အချိုပွဲလေးကို ပြုလုပ်ကာ အားလုံးပြီးစီးသွားမှ သူမဆီသို့ တန်းစီပြီးသွားကာ လက်ဆောင်တွေကို ယူကြရသည်။

အမျိုးသမီးကြီးက ပစ္စည်းဗူးလေးကို ပေးပြီး. . သူမတာ လက်ဆွဲနှုတ်ဆက်လေသည်. . .

မင်းဆက်. . ပစ္စည်းဗူးပေးသည့် အမျိုးသမီးကြီးကို အနီးကပ်ကြည့်ပြီး. . သူ့ပစ္စည်းဗူးလေးယူကာ သူမနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်. .

"ကျွန်မနဲ့အတူ နတ်ဘုရားသခင်ကို ဆုတောင်း မေတ္တာပို့ကြရအောင်. . ."

ဘုရားကျောင်းဝန်းထဲမှ သူမပြောတဲ့ နတ်ဘုရားသခင်မကို ဆုတောင်းမှုပြုပြီး. . သူမ ရဟတ်ယာဉ်ဖြင့် ပြန်ထွက်သွားလေတော့သည်။

မင်းဆက်တို့ လုံခြုံရေးအဆောက်အဦသို့ ပြန်ရောက်တော့ ဗူးလေးကို ဖွင့်ကြည့်တော့ ကျမ်းစာလိုလို ရေးထားသည့်စာအုပ်လေးနှင့် ရွှေလက်စွပ်တစ်ကွင်းကို တွေ့လိုက်ရ

သည်။

လက်စွပ်တွင် မည်သည့်ပုံစံမှ မဟုတ်ပဲ. . ရိုးရိုးစင်း ်းလေး ဖြစ်သည်။ ဒါပေမယ့် ကြယ်လေးသဖွယ် သင်္ကေတ ဘော့ ရှိနေသည်။

"စာက. . ဘာစာလဲ၊ မစ္စတာအီမာဆင်. . ."

"ဟိန္ဒူ ရှေးလူတွေ ရေးခဲ့တဲ့စာပါ"

"ဘာရေးထားတာလဲ. . ."

"နတ်ဘုရား လူ့ပြည်ကို ရောက်နေပြီ. . လာမယ့် ×-)ကျရင် (× - +)ဘုရားကျောင်းမှာ လူတွေကို တွေ့ဆုံမယ်၊ လက်စွပ်ပိုင်သူသည် ကံထူးသူဖြစ်ပြီး. . လာရောက်နိုင်ပါ သည်. . . တဲ့"

"ဒါသူတို့အင်အားကို တိုးချဲ့တဲ့ လုပ်ရပ်ပဲ. . ."

"ဟုတ်တယ်. . ."

"မစ္စတာအီမာဆင်. . ဒီအပိုင်းကို နောက်ထားပြီး၊ သူ ရင်ဆိုင်ရမယ့်ကိစ္စကို ဘယ်လို ပြင်ဆင်ထားလဲ. . ."

"ကျုပ်တို့ အိမ်နဲ့ မနီးမဝေးမှာ ပုလိပ်တွေကို အရပ် တ်နဲ့ နေရာယူခိုင်းထားတယ်. . ဒီကောင်တွေကို ပြေးပေါက် ်အောင် ပိတ်ဆို့နိုင်အောင်တော့ လုပ်ထားတာ ပဲ. . ဒီထဲက

လွှတ်မြောက်သွားရင်တော့ မတတ်နိုင်ဘူး”

“ကျုပ်အထင်. . ဒီကောင်တွေ လက်နက်အသုံး အရင်းနဲ့ လာပြီးတိုက်ခိုက်မှာတော့ မဟုတ်ဘူး. . ပုံစံတစ်မျိုး နဲ့လာပြီး. . အနီးကပ် ဝင်တိုက်ခိုက်နိုင်တယ်၊ သေနတ်ထက် ဓားလက်နက်တွေကို အသုံးပြုနိုင်တယ်. . .”

“မစ္စတာမင်းဆက် ပြောတာ သေချာလောက်တယ် ကိုယ့်ဘက်ကတော့ လိုအပ်တာကိုတော့ လုပ်ထားရမယ်”

မင်းဆက်တို့ နေထိုင်သော အိမ်ကလေးမှာ ရှေးရိုး ရွှံ့စေးဖြင့် ပြုလုပ်ထားသော အိမ်ကလေးဖြစ်တာမို့ အပြင်က သေနတ်နှင့် ပစ်ခတ်မှုကို မစိုးရိမ်ရပေ. . .

“တစ်ခုပဲ သတိထားရမယ်. . .”

“ဘာများလဲ. . .”

“ဒီကောင်တွေ လက်ပစ်ဗုံးတွေ သုံးရင်ခက်မယ်. .”

“ဟုတ်တယ်. . ဒီအတွက် အိမ်ထဲကနေ ခုခံဖို့ထက် အပြင်ကနေ ခုခံတာ အကောင်းဆုံးပဲလို့ ထင်တယ်”

မင်းဆက်တို့ လုပ်ဆောင်မယ့်ကိစ္စတွေကို ဆွေးနွေး အပြင်ကွပ်ပျစ်တွင် ဝိုင်းဖွဲ့ပြီး ထိုင်နေကြသည်. . .

အပြင် ခြံစည်းရိုးနားတွင် ရာဂျူးနှင့် အရပ်ဝတ်ပု

နှစ်ယောက်က လမ်းလျှောက်ပြီး ဘာဂျာမှုတ်နေသည်။

“တုံ. . တုံ. . တုံ. . .”

အဝေးဆီမှ ဗုံသံနှင့် မီးအိုး ကိုင်ထားသော အဖွဲ့တစ် စု လာနေတာကို တွေ့မြင်လိုက်ရသည်. . .

“ဘုရားပွဲက ပြီးနေပြီ. . ဘာကြောင့် မီးအိုးအဖွဲ့က ဆက်ပြီး လုပ်နေရတာလဲ. . .”

“ဒါဆိုသေချာပြီ. . မစ္စတာအီမာဆင် ဒီအဖွဲ့ပဲ ဖြစ် မယ်၊ အသင့်သာပြင်ထားတော့. . .”

“OK...”

အီမာဆင် အပြင်မှ အဖွဲ့တွေကို အချက်ပေးထားပြီး၊ သေနတ်တွေကို အသင့်ပြင်ထားလိုက်သည်။

“တုံ. . တုံ. . တုံ. . တုံ”

မီးအိုးကိုင်အဖွဲ့က တဖြည်းဖြည်း နီးကပ်လာနေပြီ. .

“လူ ဘယ်နှစ်ယောက်လောက် ရှိမလဲ. . . မစ္စတာ အီမာဆင်”

“(၁၀)ယောက်ဝန်းကျင်ပဲ. . .”

မင်းဆက်တို့ ခြံဝတွင် ရပ်ပြီး. . ထုံးစံအတိုင်း အလျှံ တဲ့ အသွင်ကို ဆောင်ကာနေရင်း. . ခြံထဲသို့ မယောင်မလည်

နှင့် ဝင်လာကာ၊ . .

"အီမာဆင့် . . . သတိထားတော့"

"ရှီး . . . ရှီး . . ဒုတ်"

မင်းဆက်တို့ ထင်တဲ့အတိုင်း ဝင်တိုက်ခိုက်တော့သည်။

"ကဲကွာ . . ."

"ဖြောင်း . . ."

"အင့် . . ဒုတ် . . အီး . . ."

ဓားနှင့် ဆူးချွန်တွေ အသုံးပြုတဲ့ကောင်တွေကတော့ မှောက်သွားသည်နှင့် သေနတ်ပါတဲ့ ကောင်တွေက သေနတ်တွေကို ထုတ်လိုက်ချိန်မှာ . . .

"ဒိုင်း . . ဒိုင်း . . . ဒိုင်း"

"အား . . အီး . . . အင့်"

"တစ်ယောက်မှ ပြေးမနေနဲ့ . . ပြေးပေါက် မရှိတော့ဘူး။ လက်မြှောက်လိုက်စမ်း . . ."

ခြံဝန်းတစ်ခုလုံးကို ပုလိပ်အဖွဲ့က ဝိုင်းထားလိုက်ပြီး ပိတ်ဆို့ထားလိုက်ပြီ ဖြစ်သဖြင့် လုပ်ကြံတဲ့သူအားလုံး လက်မြှောက်ကာ အဖမ်းခံလေတော့သည်။

"ဒီကောင်တွေ . . တြိဂံလခြမ်းအဖွဲ့ဝင် မဟုတ်ဘူး"

"ကျုပ်ထင်ပါတယ်၊ ငွေပေးပြီးခိုင်းတဲ့ သူတွေပဲ ဖြစ်မှာ"

"ဟုတ်တယ် . . တံငါရွာက လူဆိုးလူမိုက်တွေကို ငွေနဲ့ ခိုင်းတာ"

"ဘယ်သူခိုင်းတာလည်း ဆိုတာရော သိပြီလား . . ."

"ဒီကောင်တွေဆီက ကြားရတာ ရေရေရာရာတော့ မဟုတ်ပါဘူး . . အဓိကကောင်ကတော့ ရွာကလူမိုက် မက်ကိုး ဆိုတဲ့ကောင်ပဲ၊ သူက တစ်ဆင့်ပြန်ပြီး ခိုင်းတာ . ."

"မက်ကိုးကို ဖမ်းခိုင်းလိုက်ပြီလား . . ."

"ဖမ်းခိုင်းလိုက်ပြီ . . ."

မင်းဆက်တို့ ဂါတ်တစ်ခုတွင် မိမိတို့အား . . လုပ်ကြံ

သူများကို စစ်ဆေးပြီး တစ်ညဆက်ပြီး အိပ်ခဲ့ကြရသည်။

"ဒီကောင်လည်း. . ခုလောက်ဆို ပြေးရောပေါ့"

"သေချာပါတယ်. . ."

မက်ကိုးကို သွားပြီးဖမ်းသော ပုလိပ်အဖွဲ့ပြန်ပြီး ရောက်လာတော့. . .

မက်ကိုး. . တစ်ယောက်ရှောင်ပြေးသွားပြီ ဆိုတာသိ သိလိုက်ရသည်။

"ဒီကောင့်ကို မိလည်း သိပ်ထူးမှာ မဟုတ်ပါဘူး. . လွတ်အောင်သာ ပြေးပါစေတော့"

"မစ္စတာအီမာဆင် ကျုပ်တို့ ဒီကောင်တွေကို ဒီမှာပဲ ထားခဲ့မှာလား၊ တစ်ခါထဲ ခေါ်မသွားဘူးလား. . ."

"ခေါ်မသွားတော့ဘူး. . အလုပ်ရှုပ်တယ်၊ ဂါတ်ထ နေ တစ်ဆင့် မြို့တထောင်ကိုပဲ ပို့ခိုင်းလိုက်တော့မယ်၊ ဒီည ဒီမှာ အိပ်ပြီးမနက်မှ ပြန်ကြတာပေါ့. . ."

"ခင်ဗျားသဘောပဲ. . ."

"မစ္စတာ မင်းဆက်ရေ. . ခင်ဗျား ကောင်မလေး ကြောင့် ခုလိုကံကောင်းသွားတာ နို့မို့ဆိုရင်. . . သေမလား ရှင်မလားတောင် ပြောနိုင်မှာ မဟုတ်ဘူး"

"ကျုပ်ကောင်မလေး. . မလုပ်ပါနဲ့ဗျာ"

"ခင်ဗျားကို ပြောရဦးမယ်. . ."

"ဆိုစမ်းပါဦး. . ."

"ဒီကောင်တွေကို **စစ်ဆေးတုန်းက** စကားတစ်ခွန်း ကြားလိုက်ရတယ်. . ဘာစကားလည်းဆိုတော့ မကြာမီ အိန္ဒိယပြည်ကြီးကို ရွှေပန်းတြွာဘုရင်မက ပြန်ပြီးသိမ်းပိုက်တော့မှာတဲ့. . ဒါကို ဒီကောင်တွေက ယုံနေကြတယ်"

"ကျုပ်တစ်ခု စဉ်းစားမိတယ်. . မစ္စတာအီမာဆင် အိန္ဒိယရွှေကောက်ပွဲကြီးက ကပ်နေပြီဆိုတော့၊ တြိဂံလခြမ်းအဖွဲ့ဟာ နိုင်ငံရေး အစိုးရတစ်ခု ဖြစ်အောင် ကြိုးစားနေတာကို တွေ့ရတယ်. . ."

"ဟုတ်တယ်. . ခု လူထုကြားမှာ ရွှေပန်းတြွာဘုရင်မ ဆိုတဲ့စကားလုံးက တော်တော်လေးကို ဝင်ရောက်နေပြီ၊ နိုင်ငံရေးပါတီတွေထဲမှာ ရောက်နေပြီဆိုတာ မလွဲချော်နိုင်ဘူး. ."

"အန္တရာယ်က အရမ်းကို ကြီးမားနေပြီ. . ."

"ကျုပ်တို့သာ တြိဂံလခြမ်းအဖွဲ့ကို **အချိန်မီ** မတားထားနိုင်ရင်. . တိုင်းပြည်အတွက် **ကြောက်စရာ**ကောင်းတဲ့ ကိစ္စတွေကြုံရတော့မယ်"

"ဒီအကြောင်းတွေကို ခင်ဗျားသိရုံနဲ့ မပြီးနိုင်ဘူး . . မစ္စတာ အီမာဆင်"

"ပြန်ရောက်တာနဲ့ ညွှန်ချုပ်နဲ့စကားကုန် ပြောရမှာပဲဗျာ. . ."

"သူလက်မခံရင်တော့ မတတ်နိုင်ဘူး . . ဟူး"

အီမာဆင်တစ်ယောက် တြိဂံလံခြမ်းအဖွဲ့ကြီးရဲ့ . . ထိုးဖောက်လာမှုကို စဉ်းစားပြီး၊ မွန်းကျပ်သွားလေ၏။

"ကျုပ်တို့အနေနဲ့က ခင်ဗျားတို့ ပြည်တွင်းရေး ကိစ္စတွေမှာ သဘောထား မပေးချင်ဘူး . . ကျုပ်တို့ လုပ်ရမယ့် တာဝန်ကိုပဲ၊ လုပ်ဆောင်ပြီးရင် ပြန်ကြရမှာဆိုတော့၊ ခင်ဗျားသာ အဓိကကျတယ်. . ."

"ဟုတ်ပါတယ်ဗျာ. . ခက်တာက ကျုပ်အဆင့်နဲ့ လုပ်နိုင်တာ သိပ်ပြီးမဟုတ်တော့ တင်ပြနိုင်တဲ့ အဆင့်ကပဲ လုပ်ဆောင်ရမှာပေါ့. . ဒါမှ လူကြီးပိုင်းက မလုပ်ဆောင်တော့လည်း ကံပေါ့. . ကဲ ခရီးပန်းကြပြီ နားကြဦးစို့"

မင်းဆက်တို့ ခုမှပဲ စိတ်ချစွာအိပ်ရတော့သည်။

မင်းဆက်တို့ မြို့ပြန်ရောက်ပြီး . . နေ့လယ်စာ စားပြီးလို့ ထိုင်နေချိန်တွင် . . .

"ဆရာ. . ဆရာ"

"ဘာလဲ. . . ရာဂျူး"

"ဖုန်းလာနေတယ်. . ."

"အေး. . လာခဲ့မယ်"

မင်းဆက်ဖုန်းကို ကောက်ကိုင်လိုက်ကာ. . .

"ဟလို. . ."

"ကိုမင်းဆက်လား. . ."

"ဟုတ်တယ်. . ဆူနာလီ. . ."

"ကိုမင်းဆက် အသံကို မှတ်မိသားပဲ. . ကိုမင်းဆက်

ဒီညနေ(၆း၀၀)နာရီလောက် အပြင်ကို ထွက်ခဲ့. . လီ စောင့်နေမယ်"

"ဘယ်ကို လာရမှာလဲ. . ."

"(-×-+-)လမ်းထိပ်နားကို လီ. . ကားနဲ့ အသင့်စောင့်နေမယ်"

"ကျုပ်ထွက်တာနဲ့ နောက်ကနေ အရိပ်တွေက လိုက်မှာ. . ."

"ကိုမင်းဆက်. . ရုပ်ဖျက်ပြီး ထွက်မှ ဖြစ်မယ်"

"ဟုတ်ပြီ. . ညနေကျရင်၊ ပုလိပ်တစ်ယောက်ရဲ့ ယူနီဖောင်းကို ဝတ်ပြီး စက်ဘီးနဲ့ ထွက်ခဲ့မယ်. . ."

"ကောင်းပြီ. . လီစောင့်နေမယ်၊ ဒါပဲနော်. . ."

"အင်း. . ."

ဆူနာလီဘက်မှ. ဖုန်းချသွားသည်။

"ဆူနာလီလား. . မင်းဆက်"

"ဟုတ်တယ်. . ငါ့ကို တွေ့ချင်လို့ ချိန်းတာ"

"မင်း ရုပ်ဖျက်သွားမယ်ပေါ့"

"အင်း. . ."

"မင်းတစ်ယောက်တည်း သွားမှာလား. . ."

"တစ်ယောက်တည်း သွားမှ ကောင်းမှာကွ. . ."

"သတိထားသွား. . ကိုယ့်နယ်မြေမဟုတ်ဘူး"

"အေးပါကွာ. . အီမာဆင်လာမှ ထပ်ပြီး ဆွေးနွေးရမယ်. . ."

မင်းဆက်တို့ စကားပြောနေစဉ် အီမာဆင်ကားလေးနဲ့ ရောက်လာသည်. . .

အီမာဆင် မျက်နှာတွင် ရွှင်လန်းနေတာကို တွေ့လိုက်ရသည်. . .

"မစ္စတာအီမာဆင်. . ဘာတွေရခဲ့လို့ ပျော်နေတာလဲ"

"ရခဲ့တယ်ဗျို့. . . ."

"ဘာလဲ ဆိုပါဦး. . ."

"ညွှန်ချုပ်က တြိဂံလခြမ်းအဖွဲ့နဲ့ ပတ်သက်ပြီး. . အပြတ်လုပ်ဆောင်ဖို့ တာဝန်ပေးလိုက်ပြီ"

"ကောင်းတဲ့ သတင်းပဲ. . ."

"ဝန်ကြီးချုပ်ထံ ဒီသတင်းကို လျှို့ဝှက်ပေး ခဲ့တယ်လေ. . ဝန်ကြီးချုပ်က ခွင့်ပြုတယ်၊ တြိဂံလခြမ်းအဖွဲ့နဲ့ ပတ်သက်ပြီး. . အထူးလုပ်ပိုင်ခွင့် အာဏာကို ထောက်လှမ်းရေးအဖွဲ့ကြီးကို ပေးထားလိုက်ပြီ"

ဘူး. . ကျုပ်ကို လက်ဆောင်ဗူးလေး ပေးတုန်းက သူလက်
ချောင်းလေးတွေကို ကြည့်တော့ အသက်(၆၀)ပုံမျိုးမဟုတ်ဘူး
အသက်(၄၀)ဝန်းကျင်လောက်တော့ ရှိနိုင်တဲ့ လက်မျိုး. . .

"ဒါဆို. . မယ်လီမာများ ဖြစ်နေမလား"

"သံသယအရဆိုရင်တော့ ဖြစ်နိုင်နေပြီ၊ ခိုင်လုံအောင်
လုပ်ဆောင်နိုင်ဖို့ပဲ လိုတော့တယ်. . ."

"မနက်ဖြန်ကို ဒီအမျိုးသမီးရဲ့ နောက်ကြောင်းကို
လိုက်ရမယ်. . ဒါမှ ဘာဆက်ပြီးလုပ်ရမလဲ ဆိုတာကို စဉ်းစား
လို့ ရမှာ. . အရင်က လွှတ်တော်ဥက္ကဋ္ဌအိမ်ကို ဝင်ဖို့ဆိုတာ
မလွယ်ပေမယ့်. . ခုတော့ လွယ်သွားပြီလေ၊ ကိုယ့် ဘက်က
ပိုင်အောင် လုပ်ဖို့ပဲ လိုအပ်တယ်"

"သတင်းထဲမှာ ခင်ဗျားဖမ်းဆီးခဲ့တာတွေကို မထည့်
သေးဘူးလား. . ."

"မထည့်သေးဘူး. . မစ္စတာမင်းဆက်၊ ဘာကြောင့်
ဆိုတာကို ခိုင်ခိုင်လုံလုံမှ မပြောနိုင်သေးတာဆိုတော့ ဖော်ပြ
လို့ မဖြစ်ဘူး. . သတင်းဌာနတွေက သိတဲ့အတိုင်း ဝေဖန်ရေး
သားမှုတွေ လုပ်ရင် အစီကလမ်းကြောင်း ပျောက်သွားမယ်"

"ဟုတ်တယ်. . ကိစ္စတွေပြီးပြတ်မှ တခါတည်းရှင်း

းင်းတင်ပြလိုက်တာ ကောင်းတယ်. . ခင်ဗျား ဂျာကြီးဆိုတဲ့
ုနဲ့ အဆက်အသွယ်ရပြီလား မစ္စတာအီမာဆင်"

"ခုလာမယ့်. . စနေနေ့ဆို ရမယ်လို့ ထင်တာပဲ"

"အေးဗျာ. . သူဆီကနေ ရွှေနှင်းဆီရဲ့ လှုပ်ရှားမှုတွေ
ကို သိရင်ကောင်းမယ်. . ."

"သိရမှာပါ. . ဒီကောင်က ရွှေနှင်းဆီကို မုန်းတီးနေ
တဲ့ကောင် မဟုတ်လား. . ."

/ ၉ /

“ဒါဆိုရင်တော့. . လုပ်ဆောင်ရတာ လွတ်လပ်ပြီး ပိုပြီးသွက်တာပေါ့. . စစ်တပ်ဘက်ကလည်း ပူးပေါင်းပါဝင်ရေးအမိန့်ကို ပေးထားတယ်”

“ခင်ဗျားကိစ္စပြီးရင်. . ကျုပ်ကိစ္စကို ပြောရဦးမယ်”

“ပြောလေ. . .”

“ကျုပ်ဆူနာလီနဲ့ ညနေ-(၆း၀၀)နာရီမှာ(- × - + -) လမ်းထိပ်မှာ ချိန်းထားတယ်. . .”

“ဟင်. . ခင်ဗျားထွက်လို့ ဖြစ်ပါ့မလား၊ အနီးပတ်ဝန်းကျင်မှာက အနံ့ခံကောင်တွေက ရှိနေတာ”

“ရအောင်ထွက်ရမှာပဲ. . ပုလိပ်အဝတ်အစား ဝတ်ပြီး စက်ဘီးနဲ့ ထွက်မယ်. . .”

“ဒါဆို ကျုပ်ရဲ့ ရဲဘော်တွေနဲ့ အတူထွက်. . ချိန်းထားတဲ့ နေရာရောက်တော့မှ ခင်ဗျားလိုက်သွားပေါ့. . .”

“ဒါလည်း ကောင်းတာပဲ”

“မစ္စတာမင်းဆက်နဲ့ မစ္စတာယဉ်မောင်ကို ညွှန်ချုပ်က အရေးပေါ် ဆက်သွယ်ရေး ဖုန်းတွေ ပေးခိုင်းလိုက်တယ်။ ဒီဖုန်းက ဌာနချုပ်ဆီကို တိုက်ရိုက် ဆက်သွယ်လို့ရတယ်. . အပြင်ဖုန်းတွေလည်း ခေါ်လို့ ရတယ်လေ. . .”

“ကောင်းတာပေါ့”

“ညနေ (၆း၀၀)နာရီဆိုတော့ လိုပါသေးတယ်၊ အေးအေးဆေးဆေးနားပါဦး. . ကျုပ်လည်း ခုမှ စိတ်ဖိုးဖိုးချပြီး နားမှာ၊ ကဲ. . သတင်းစာစောင်တွေဖတ်ကြည့်ဦး”

အီမာဆင်ပေးသော သတင်းစာစောင်တွေ ကြည့်တော့. . ရွှေနှင်းဆီရဲ့ ဘုရားပွဲတွင် ပြုလုပ်ခဲ့သော သတင်းတွေကို ခေါင်းကြီးပိုင်းတွင် ဖော်ပြထားသည်။

“ရွှေနှင်းဆီကတော့ စူပါဖြစ်နေပြီနော်. . .”

“ဟုတ်တယ်. . မစ္စတာမင်းဆက် အိန္ဒိယနိုင်ငံကြီးကို ဒုက္ခပေးမယ့် နတ်ဆိုးတစ်ကောင်ပဲ”

“သူက ဒုက္ခပေးမှာ မဟုတ်ဘူး. . မစ္စတာအီမာဆင်”

“ဘယ်သူက ပေးမှာလဲ. . .”

“သူ့ဘေးက အမျိုးသမီးကြီး. . .”

“ဟင်. . . ဘာလို့”

“ကျုပ် ဒီအမျိုးသမီးကြီးကို အနီးကပ်လေ့လာကြည့်တော့. . အဘွားကြီးတစ်ယောက်ယောင် ဆောင်ထားတဲ့ အမျိုးသမီးတစ်ဦး၊ သူဘယ်လိုပဲ ဟန်ဆောင်ပြီး ရုပ်ဖျက်ထားလည်း သူ့ရဲ့မျက်လုံး၊ နှုတ်ခမ်းတွေဟာ အိုမင်းခြင်းကို မပြ

မင်းဆက် ပုလိပ်အဝတ်အစားဝတ်ကာ. . စက်ဘီး
လေးနှင့် ထွက်လာခဲ့သည်။ အီမာဆင်ကလည်း စက်ဘီးနှင့်
အတူ ရှေ့ဆင့်နောက်ဆင့် လာခဲ့ကြရင်း. . ဆူနာလီ ချိန်း
ထားသည့် နေရာကို ရောက်ပေမယ့်၊ ဆူနာလီကို မတွေ့ရ
သေးပေ. . .

(၆း၀၀)နာရီနှင့် (၅)မိနစ် ရှိနေလေပြီ။

"မစ္စတာမင်းဆက်. . နောက်ကြောင်းကတော့ ရှင်း
တယ်၊ ဆူနာလီအလာကိုပဲ စောင့်ရတော့မယ်"

"ဟူး. . ."

ကားအပြာလေးတစ်စီး မောင်းလာပြီး ထိုးရပ်တာ

"ကိုမင်းဆက်. . တက်"

မင်းဆက်. . အီမာဆင်ကို စက်ဘီးပေးပြီး၊ ကားပေါ်
ို့ တက်လိုက်သွားသည်။

"တော်သေးတယ်. . ဒီကောင်တွေ နည်းနည်းလေးမှ
ရိပ်မိလိုက်ကြဘူး။ ကိုမင်းဆက် အဝတ် လဲလိုက်ပါလား"

မင်းဆက် အပိုယူလာသော အဝတ်အစားကို ကား
ါမှာပဲ လဲလိုက်သည်။

"ခု လီ. . ခေါ်သွားမယ့် နေရာက သိပ်ကိုအရေးကြီး
ယ်. . ကိုမင်းဆက်"

"ဘယ်နေရာလဲ. . ."

"နေရာက အရေးကြီးတာ မဟုတ်ဘူး. . ခုတွေ့ရ
ယ့်သူက အရေးကြီးတာ"

ဆူနာလီမောင်းလာသော ကားလေးမှာ မြို့ပြင်ဘက်
ိ ထွက်လာပြီ ဖြစ်သည်. . .

"ကိုမင်းဆက် စိတ်ထဲမှာ လီ. . ခုလို ခေါ်လာတာကို
်သယ မဖြစ်ဘူးလား"

"မဖြစ်ပါဘူး. . ကျုပ်က လူအကဲခတ် ခပ်ညံ့ညံ့မှ
ုတ်တာ. . ."

"လီ ယုံပါတယ်၊ အိန္ဒိယ ထောက်လှမ်းရေးတွေထက်

ကိုမင်းဆက်ကို ပို့ပြီး ယုံပါတယ်. . . "

"ဒီလိုတော့ မသတ်မှတ်လိုက်ပါနဲ့ အိန္ဒိယထောက် လှမ်းရေးတစ်မှာ အီမာဆင်တို့လို လူတော်တွေလည်း ရှိပါ တယ်. . . "

"အီမာဆင် တစ်ယောက်ကို. . လီ ယုံတာလည်း ကိုမင်းဆက်တို့ကြောင့်ပါ"

ဆူနာလီကားလေး မြို့အစွန်ဆုံးခြံလေးထဲသို့ မောင်း ဝင်လာခဲ့ပြီး. . လုံးချင်းတိုက် တစ်လုံးရှေ့တွင် ရပ်လိုက်သည်။

"မြို့နဲ့ အတော်ကို ဝေးတာပဲ. . . "

"ဟုတ်တယ်. . ဒီနေရာလေးကို လီစိတ်ကြိုက် ဝယ် ထားတာ၊ လာ. . ကိုမင်းဆက်"

အိမ်ထဲသို့ ဝင်သည်နှင့် အိမ်ဖော်မလေး တစ်ဦးထွက် လာပြီး. . .

"မမ. . မေမေကြီးကို ဆေးတိုက်ရတော့ မလား"

"နာနီ. . ငါပဲ တိုက်လိုက်မယ်"

ဆူနာလီ ဆေးနဲ့ ရေခွက်ကိုယူပြီး. . အခန်းတစ်ခုထဲ သို့ ဝင်ခဲ့သည်။

အခန်းထဲရှိ ခုတင်တွင် စာရေးနေသော အဘွားအို

တစ်ဦးကို တွေ့လိုက်ရသည်. . .

"မာမာ. . ဆေးသောက်လိုက်ဦး"

"အင်း. . . "

အဘွားကြီးက ခေါင်းကို ညိတ်ပြီး. . ဆေးသောက်ရန် မင်းဆက်ကို ကြည့်နေလေသည်. . .

"မာမာ. . ဘာမှ မကြောက်နဲ့ သူကလီ့ မိတ်ဆွေပါ၊ ကိုမင်းဆက်. . မာမာက စကားပြောလို့ မရဘူးလေ"

"ဩော်. . မွေးကတည်းကလား"

"မဟုတ်ဘူး. . စကားမပြောနိုင်တာ (၃)နှစ်လောက် ပဲ ရှိသေးတယ်"

မင်းဆက်. . အဘွားအိုကို သေသေချာချာကြည့် တော့ တစ်ယောက်ယောက်နှင့် တူနေသလို ထင်မိသည်။

"ကိုမင်းဆက်. . ရွှေနှင်းဆီဘေးက အမျိုးသမီးကြီးကို မှတ်မိတယ်မဟုတ်လား"

"ဟာ. . ဟုတ်ပြီ၊ တကယ်ကို တူတာပဲ"

"ဒီအကြောင်းတွေကို ပြောပြချင်လို့ ကိုမင်းဆက်ကို ခေါ်လာတာပါ. . မာမာရဲ့ နာမည်က မယ်လီမာခေါ်တယ်။ အိန္ဒိယပြည်မှာ အလွန်ချမ်းသာတဲ့ ဘီလျံနာသူဌေး တစ်ဦးပဲ"

"ဟင်. . ."

"ခုလို ဖြစ်သွားရတာ. . ရွှေနှင်းဆီ လက်ချက်ပဲ"

"ဘယ်လို. . ."

"ရွှေနှင်းဆီဘေးမှာ ရှိတဲ့မိန်းမ နာမည်အရင်းက. . လက်ချမီလို့ ခေါ်တယ်၊ မာမာရဲ့ ကိုယ်ရံတော်တစ်ဦးပေါ့ သူက အလှပြုပြင်မှုအတတ်ပညာနဲ့ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာကို အရမ်းကျွမ်းကျင်တယ်. . ဒါကြောင့် မာမာကို ပင်လယ်ကမ်းခြေတစ်ခုမှာ အပြတ်ရှင်းခဲ့တယ်. . ကံကောင်းစွာနဲ့ မာမာဟာ အသက်မသေပေမယ့် လက်ချမီရဲ့ လက်ချက်ကြောင့် စကားလုံးဝမပြောနိုင်သလို. . လက်တွေက စာတောင်ရေးလို့ မရတော့ဘူးလေ. . ."

"မာမာကို ဘယ်သူကယ်ခဲ့တာလဲ. . ."

"လီ. . ကိုယ်တိုင်ပဲ ကိုမင်းဆက်၊ လီက ပင်လယ်ထဲမှာ အပန်းဖြေသွားရင်း. . မာမာကို သောင်တစ်ခုမှာ တွေ့ပြီး ကယ်ခဲ့တာပါ. . ကယ်ခဲ့ပြီးတော့ အိမ်မှာဆေးကုနေရင်း၊ တြိဂံလခြမ်းအဖွဲ့က မာမာကို တွေ့သွားခဲ့တယ်၊ ဒါနဲ့ လီကို အပြတ်ရှင်းဖို့ကိုပါ အမိန့်ပေးခဲ့တော့မှ. . ဒါဟာ တြိဂံလခြမ်းနဲ့ ပတ်သက်မှုတစ်ခုတော့ ရှိနေမယ်လို့ ထင်ရင်း၊ ရွှေနှင်းဆီ

ဘေးက အမျိုးသမီးကြီးကို တီဗီထဲမှာတွေ့လိုက်ရတော့မှ. . လို့စိတ်ထဲ သံသယဖြစ်သွားခဲ့တယ်၊ သူတို့ခိုင်းတဲ့အတိုင်း လုပ်ကြံပြလိုက်တယ်. . ဒလောင်းမပါတဲ့ အခေါင်းကို မီးရှို့ပြီး. . မာမာကို ဒီမှာဖွက်ထားခဲ့တာပဲ ကိုမင်းဆက်"

"ဆူနာလီ ပြောပုံအရဆိုရင်တော့ လက်ချမီဟာ. . မယ်လီမာ ဖြစ်ဖို့များနေပြီ"

"သေချာလောက်တယ်. . ကိုမင်းဆက်၊ ကိုယ့်ဘက်က ခိုင်ခိုင်လုံလုံပြနိုင်ဖို့အတွက် လီလည်းကြိုးစားနေတယ်. . ခုဆို မာမာလည်း စာကို ကောင်းကောင်းရေးနိုင်နေပြီ၊ မာမာက အင်္ဂလိပ်စာကို အရမ်းကျွမ်းကျင်တဲ့သူဆိုတော့. . သူ့ကို လက်ချမီ လုပ်ကြံတာတွေကို ပြန်ပြီးရေးနေပြီလေ၊ ပြီးတော့ အိမ်ကြီးမှာ လက်ချမီ မသိတဲ့ လျှို့ဝှက်ချက်တွေ ရှိနေတယ်။ ဒါဟာ. . မယ်လီမာကို ဖော်ထုတ်နိုင်ဖို့ အခွင့်အရေးတစ်ခုပဲ"

"ဆူနာလီဆီက ဒီသတင်းက အရမ်းကို တန်ဖိုးရှိတယ်. . မယ်လီမာကို ဖော်ထုတ်နိုင်ဖို့ အများကြီးနီးစပ်သွားပြီ၊ လွှတ်တော်ဥက္ကဋ္ဌအရှိန်အဝါကို အကာအကွယ်ယူပြီး. ပုံစံမျိုးစုံနဲ့ လုပ်ဆောင်နေတဲ့ မယ်လီမာ မျက်နှာဖုံးကိုဆွဲပြီးချွတ် နိုင်အောင် အမြန်ဆုံးကြိုးစားရတော့မယ်. . အရေးကြီး

တာက မာမာရဲ့ စာတွေကို အမြန်ဆုံးတင်ပြနိုင်မှ တရားဝင် လုပ်ဆောင်လို့ ရမှာ. . ."

"မာမာလည်း ကြိုးစားပြီးရေးနေပါပြီ. . ."

"အီမာဆင်နဲ့ တိုင်ပင်ပြီး. . ဘာလုပ်ကြမယ်ဆိုတာ ဆက်ပြီး ဆွေးနွေးကြမယ်"

"လီ. . လိုက်ပြီး ပို့ပေးမယ်"

/ ၀ /

"လာဟေ့. . ဂျာကြီး. . ."

ဂျာကြီးနှင့် ချိန်းဆိုထားသော နေရာသို့ မင်းဆက်နှင့် အီမာဆင် ကြိုရောက်ပြီး၊ သိပ်မကြာ ဂျာကြီးရောက်လာသည်။

"ရွှေးကောက်ပွဲနီးလာလေ. . အပြင်မှာ နိုင်ငံရေး သမားတွေက ခြေကိုရှုပ်မနေဘဲ အရေးထဲ ဟိုဟာမက ဟို ရွာသွား ဒီရွာသွားနဲ့ နားချိန်တောင် မရှိဘူး. . ကဲ ငါ့ကို တွေ့ချင်တာ အကြောင်းတော့ ရှိမယ်"

"ရှိတယ်. . ဂျာကြီး၊ ကိုယ့်တိုင်းပြည်အတွက် သိပ်ကို အရေးကြီးနေလို့ တွေ့ရတာပဲ. . ."

"ဘာတွေ အရေးကြီးနေတာလဲ. . ."

"ဒီလိုကွ. . ."

အီမာဆင်. . တြိဂံလခြမ်းအဖွဲ့ကြီးနှင့် ရွှေပန်းတွာ

ဘုရင်မ အကြောင်းတွေကို အကျဉ်းချုံးပြီး ပြောပြလိုက်သည်။

"မင်းစကားအရဆို. . ရွှေနှင်းဆီနဲ့ မယ်လီမာတဲ့ ကြိုဂံလခြမ်းနဲ့ ပတ်သက်နေတာပေါ့ ဟုတ်လား. . ."

"ဟုတ်တယ်. . မယ်လီမာဆိုတာ အစစ်မဟုတ်ဘူး အတုကွ. . ."

"ဘာ. . ."

ဂျာကြီး. . အံ့အားသင့်သွားလေသည်။

"ခု မယ်လီမာ နေရာမှာ ရောက်နေတဲ့သူက လက်ချမီဆိုတဲ့ အမျိုးသမီးတစ်ဦး ရုပ်ပြောင်းနေထိုင်နေတာ"

"ဒါဆို. . မယ်လီမာက ဘယ်မှာလဲ. . ."

"ရှိတယ်. . လက်ချမီ သတ်ခဲ့တာ မသေဘဲ၊ ကယ်ခဲ့သူရှိလို့ အသက်ရှင်နေတာပဲ. . ."

"ဒါဆို တစ်ခါတည်း ဖော်ထုတ်လိုက်ပါလား"

"ဖော်ထုတ်ဖို့ မလွယ်အောင် ဖြစ်နေတယ်. . မယ်လီမာက စကားလုံးဝ မပြောနိုင်ဘူး. . ."

"စာနဲ့ ရေးပြီးတိုင်ရင်. . ရတာပဲကွာ"

"မင်းပြောသလို တိုင်ဖို့ အခုမှစာကို ရေးဖို့လုပ်နေရတာ. . ."

"သူ့လက်တွေက ဘာဖြစ်သွားလို့လဲ. . ."

"အကြောတွေပြတ်ပြီး. . စာလုံးဝရေးလို့ မရအောင် ဖြစ်သွားတယ်. . ခု ပြန်ပြီး ကောင်းလုလုဖြစ်နေပါပြီ"

"မင်းဆီက ကြားရတော့မှပဲ ငါလည်း သတိထားမိတာ. . ရှိတယ်ကွ"

"ဘာလဲ. . ."

"မယ်လီမာကို ငါလေ့လာနေတာ. . သူ့ပုံစံက အဘွားကြီးပုံစံမှ မဟုတ်တာ. . သွက်လက်တယ်၊ ပြီးတော့ သံသယ ဖြစ်စရာရှိတယ်. . ."

"ဘာလဲ. . ."

"မယ်လီမာဟာ သူ့ရဲ့ ဆွေမျိုးတော်အားလုံးကို လုံးဝမပတ်သက်ဘဲ. . သီးခြားနေထိုင်တယ်၊ သူ့ခြံထဲကို တစ်ချိန်က မယ်လီမာနဲ့ရင်းနှီးတဲ့သူတွေ တစ်ယောက်မှ မလာကြတော့ဘူးလေ၊ ဒါဟာ မင်းပြောသလိုဆိုရင် သူ့အကြောင်းကို ရိပ်မိမှာ ကြောက်ပြီး. . လမ်းစ ဖြတ်ထားတဲ့သဘောပဲ"

"မယ်လီမာမှာ သားသမီး မရှိခဲ့ဘူးလား. . ဂျာကြီး"

"မရှိခဲ့ဘူးကွ. . ခု ရွှေနှင်းဆီဆိုတာ တရားဝင်မွေးစားထားတဲ့သမီး ခက်တာက လွှတ်တော်ဥက္ကဌရဲ့ ယောက္ခမဖြစ်

နေတော့ မင်းတို့ဘယ်လို ဝင်ပြီးရှင်းမလဲ. . ကိုယ့်ဘက်က ပိုင်မှ ဖြစ်မှာနော်. . .”

“ပိုင်အောင်တော့ လုပ်နေတာပဲကွာ. . ဂျာကြီး မင်း မယ်လီမာအတုနဲ့ ပတ်သက်ပြီး သူ့ဆီကို ဘယ်သူတွေလာ တတ်သလဲ. . .”

“သူ့ဆီကို လာတဲ့သူက သိပ်ပြီးမတွေ့ရဘူးကွ. . သူ တစ်ယောက်တည်း အပြင်ကို ထွက်သွားတာတော့ ရှိတယ်။ တစ်ခါတလေ တစ်လလောက်ကြာမှ ပြန်ရောက်တတ် တယ်။ ဘယ်သွားလည်း ဆိုတာ ငါတို့လည်း မသိဘူး. . .”

“သူ့မှာ လူယုံမထားဘူးလား. . .”

“ရှိတယ်. . အာချီဆိုတဲ့ ဒေါက်တာတစ်ဦး၊ ဒီကောင် တော့ တစ်ခါတစ်ခါလောက် လာတတ်သလို သူနဲ့ အပြင်ကို သွားတာလည်း များတယ်. . .”

“မင်းပြောတဲ့ အာချီဆိုတာ ဆေးရုံအုပ်ကြီး မဟုတ် လား. . .”

“သိပ်ဟုတ်တာပေါ့. . ခု ရွေးကောက်ပွဲမှာတောင် ပြည်နယ်အမတ်အဖြစ်နဲ့ အရွေးခံဖို့ လုပ်နေပြီလေ၊ ငွေကြေး အားလုံးကို မယ်လီမာက ထောက်ပံ့နေတာ. . .”

“ဂျာကြီး. . ငါတို့ မင်းဆီက အကူအညီတောင်းချင် တာ တခြားမဟုတ်ဘူး”

“ဘာလဲ. . အီမာ”

“ငါတို့နှစ်ယောက် မယ်လီမာ့အိမ်ထဲကိုဝင်ပြီး ထောက် လှမ်းချင်တယ်။ သိပ်ကို အရေးကြီးနေပြီ ဂျာကြီး၊ တြိဂံလခြမ်း အဖွဲ့ကို ဖော်မထုတ်နိုင်ရင် တိုင်းပြည်အတွက် မကောင်းဘူး”

“ဒီလို လုပ်ကွာ. . မနက်ဖြန် အဘွားကြီးရော၊ သူ့ သမီးပါ ခရီးထွက်မှာဆိုတော့ မင်းတို့ ဝင်မယ်ဆိုရင်၊ မနက်ဖြန် ဝင်ကွာ. . ပုလိပ် ယူနီဖောင်းနဲ့ ခပ်တည်တည်သာ ဝင်ခဲ့ကြ၊ ကျန်တာ ငါစီစဉ်မယ်”

“ခြံဝန်းထဲမှာပုလိပ်အဖွဲ့ကလွဲပြီး တခြားရှိသေးလား”

“မရှိဘူး. . အိမ်ဖော်(၅)ယောက်လောက်တော့ ရှိ တယ်. . အပြင်က ကိစ္စမရှိဘူး၊ အိမ်ထဲကို ဝင်ရင်တော့ သတိ နဲ့ ဝင်ဖို့လိုတယ်. . .”

“OK မနက်ဖြန် လုပ်ငန်းစမယ်. . ကျေးဇူးပဲ ဂျာကြီး”

“တိုင်းပြည်အတွက်ပဲ ကျေးဇူးတင်စရာမလိုဘူး. . အီမာ၊ မင်းတို့သာ အောင်မြင်အောင် လုပ်ကြ”

ခြံဝန်းကြီးနှင့် အိမ်ကြီးမှာ လွန်စွာကျယ်ဝန်း ကြီးမားသော အိမ်ကြီး ဖြစ်နေတာကြောင့် . . မင်းဆက်တို့ အိမ်ကြီးထဲတွင် အနံ့ရှာနိုင်ဖို့က မလွယ်ပေ။

"မစ္စတာအီမာဆင်ရေ. . အဓိက အခန်းနှစ်ခုကိုပဲ ရှာဖွေရမှာပဲ. . ."

"ဟုတ်တယ်. . တစ်အိမ်လုံး အခန်းတွေ လိုက်ပြီးရှာရင်. . တစ်လလောက် ရှာရမယ့် ကိန်းဘဲ"

"မယ်လီမာ အခန်းထဲမှာရှိတဲ့ . . လျှို့ဝှက်ချက် ဘီရိုကိုတော့ သိထားတယ် ဒါကို အရင်သွားရှာရင် ကောင်းမယ်"

"ခင်ဗျားသဘောပဲ. . ."

အိမ်ကြီးနားသို့ ကပ်လာကြပြီး. . အိမ်ထဲသို့ အထဲခတ်လိုက်တော့. . အိမ်ဖော်တွေ အိပ်မောကျနေလေပြီ။

"ဘေးပြတင်းပေါက်ကနေ ဝင်ကြရအောင်. . ."

"OK . . ."

မင်းဆက်တို့နှစ်ယောက် အိမ်ကြီးထဲသို့ ဝင်ခဲ့ပြီး. . အပေါ်ထပ်သို့ တက်သော လှေကားအတိုင်းတက်ကာ၊ မယ်လီမာ နေထိုင်သောအခန်းကို သော့တူဖြင့် ဖွင့်ပြီးဝင်ခဲ့ကြသည်။

"ဒီဘီရိုဘေးက နာရီလက်တံကို လှည့်လိုက်တာနဲ့ ဘီရိုကြီးပွင့်ပြီး အထဲမှာအခန်းတစ်ခန်း ရှိသေးတယ်တဲ့. . ."

"ဖွင့်ကြည့်ရအောင်. . ."

အီမာဆင် နာရီလက်တံကို လှည့်လိုက်သည်နှင့်. .

"ကျွိ. . ."

"ဟာ. . ဟုတ်တယ်၊ အခန်းတစ်ခုပဲ. . ."

လျှို့ဝှက်အခန်းထဲသို့ ဝင်ပြီး ကြည့်တော့. . ကွန်ပျူတာတွေနှင့် စာရွက်ဖိုင်တွေကို တွေ့ရသည်. . .

အီမာဆင်က. . ကွန်ပျူတာထဲမှ အချက်အလက်တွေကို ရှာဖွေသလို. . မင်းဆက်မှ စာရွက်စာတမ်းတွေကို ကင်မရာဖြင့် ရိုက်ယူလေသည်။

တစ်နာရီလောက်ကြာအောင် ပြုလုပ်ပြီးမှ. . ပြန်ပြီး

ထွက်လာခဲ့ကြတော့သည်။

"အီမာဆင်. . . နေဦး"

"ဘာလဲ. . မင်းဆက်"

"ဟိုမှာတွေ့လား. . ."

မင်းဆက် လှမ်းပြီးပြလိုက်သော ပစ္စည်းမှာ မယ်လီမာ အတု သုံးစွဲသော မျက်နှာအရည်ခွံလွှာနှင့် အပိုင်းအစတွေ ပင်ဖြစ်သည်. . .

အီမာဆင် ကိုင်ကြည့်ပြီး. . .

"ပလပ်စတစ်နဲ့ လုပ်ထားတဲ့မျက်နှာ အလွှာလေးပဲ မင်းဆက်ရေ. . သေချာပြီကွ"

"ကွန်ပျူတာထဲမှာတော့ တြိဂံလခြမ်းအဖွဲ့ကြီးရဲ့ လှုပ်ရှားမှုလျှို့ဝှက်ချက်တွေကိုပါ ရလိုက်ပြီ. . ."

"တကယ့်ပွဲကြီး ပွဲကောင်းတစ်ခုပဲဟေ့. . ."

အောက်ထပ်သို့ အဆင်းတွင်. . .

"သူခိုး. . . သူခိုး"

"ဟာ. . ."

"ဟင်. . ."

"ကဲကွာ. . ."

"ဒုတ်. . ."

အီမာဆင် မလွဲသာသဖြင့် အိမ်ဖော်အမျိုးသမီးကို မေ့အောင် ရိုက်ချလိုက်ရသည်။

"ဘယ်လို လုပ်မလဲ. . ."

"ခေါ်သွားမှ ရမယ်. . သူ့ကို ထားခဲ့ရင်၊ မယ်လီမာ ရိပ်မိသွားတဲ့အပြင် ဂျာကြီးအတွက် မလွယ်ဘူး"

"ဒါဖြင့် ထမ်းပြီးခေါ်ခဲ့တော့. . ."

အမျိုးသမီးကို အီမာဆင် ထမ်းပြီးခေါ်ထုတ်လာခဲ့ သည်။

အပြင်တွင် ဂျာကြီးနှင့်တွေ့တော့. . .

"ဂျာကြီးရေ သူ့ကို ဌာနချုပ်မှာ ခေါ်ထားပြီး၊ ပြန် လွှတ်မှ ရမယ်. . နို့မို့ဆို အားလုံးသိသွားမယ်"

"ဟုတ်တယ်. . ခေါ်သွားတာ အကောင်းဆုံးပဲ၊ တခြားပုလိပ်တွေ မမြင်ခင် ကားနဲ့ခေါ်သွားတော့"

"အေး. . ."

ဂျာကြီးက ကားကို ထုတ်ယူလာပြီး၊ မင်းဆက်တို့ကို တင်ကာ အပြင်သို့ မောင်းထွက်ခဲ့ကြသည်။

"ဒီတစ်ခါ. . မယ်လီမာ ဘယ်လိုပဥ္စလက်နဲ့ ရှောင်

ထွက်နိုင်မလဲဆိုတာကို စောင့်ကြည့်ရတာပေါ့. . ."

"တစ်ချိန်တည်း တစ်ပြိုင်တည်း အားလုံးကို ဖမ်းနိုင်အောင် လုပ်ကြမှာပဲ. . ဒါမှ ကြိုဂံလခြမ်းအဖွဲ့ နိဂုံးချုပ်မှာ"

"အီမာဆင် ကျုပ်တို့ကတော့ တောထဲကို ဆက်ရှိုးမယ်. . ."

"ဘာကြောင့်လဲ. . ."

"ဦးခန့်မင်းနဲ့ ဒေါ်ခင်မာလာကို တခါတည်း ခေါ်သွားနိုင်ဖို့လေ. . ."

"စိတ်ချ. . ရအောင်ထည့်ပေးလိုက်မယ်၊ သူတို့ နေအောင်းတဲ့ နေရာကို စစ်ဆင်ရေးနဲ့ဝင်ပြီး ဖမ်းပေးမယ်ဗျာ"

ဂျာကြီးနှင့်ကားချင်း ချိန်းပြီး. . မင်းဆက်တို့ ဌာနချုပ်ဆီသို့ ဆက်ပြီးလာခဲ့ရတော့သည်။

"ဒါနဲ့ ခင်ဗျားတို့ လက်ဆောင်ရတဲ့ သူတွေအတွက် ချိန်းဆိုထားတဲ့ ဘုရားပွဲက ခုလထဲမှာနော်. . ."

"ဟုတ်တယ်. . ဒါဟာ ရွှေပန်တြာဘုရင်မရဲ့ ဇာတ်သိမ်းခန်း ဖြစ်မှာပါ"

မြို့ပေါ်ရှိ. . ကြိုဂံလခြမ်းအဖွဲ့နှင့် ခေါင်း ဆောင်တွေကို ဖမ်းဆီးနိုင်ပေမယ့်၊ မယ်လီမာကို မဖမ်းနိုင်ခဲ့ပေ. . .

မယ်လီမာမှာ လွှတ်တော် ဥက္ကဋ္ဌကို ဓားစာခံလုပ်ပြီး ရဟတ်ယာဉ်ဖြင့် ပြေးလေသည်။

"တောက်. . ."

အီမာဆင်. . မကျေမနပ်ဖြစ်လျက် ရှိနေသည်။

"အီမာဆင် ဒေါသမဖြစ်နဲ့တော့. . ဆက်ပြီးဘာလုပ်မလဲ ဆိုတာစဉ်းစား"

"အေးဗျာ. . တကယ့်ခေါင်းဆောင်မှ လွတ်သွားရတယ်လို့၊ ကျုပ်တို့ ဝင်ပြီးဖမ်းတဲ့နေ့မှပဲ ဥက္ကဋ္ဌက အိမ်မှာရှိ

နေတယ်ဗျာ. . ."

"သူ့ဇနီးကိုရော ထိန်းသိမ်းလိုက်ပြီလား. . ."

"ထိန်းသိမ်းလိုက်ပြီ. . ."

"သူ့ဆီက. . ဘာသတင်းမှ မရဘူးလား"

"ရထားတယ်. . တြိဂံလခြမ်းအဖွဲ့ ခိုအောင်းတဲ့ ကျောက်ဂူဆိုတာတော့ သိထားလိုက်ပြီလေ. . ."

"ဒါဆိုရင်. . မယ်လီမာပြေးနိုင်တဲ့ လမ်းကြောင်း သိပ်ပြီးမရှိတော့ပါဘူး"

"ဟို သူပုန်တွေဆီမှာ ခိုအောင်းမှာပေါ့"

"ဥက္ကဋ္ဌသတင်း ဘာဆက်ပြီးကြားလဲ"

"မြောက်ပိုင်းတောတစ်ခုထဲကို ရဟတ်ယာဉ်ဆင်းသွားတယ်လို့. . နောက်ဆုံးသတင်းကြားတယ်၊ ခု စစ်တပ်နဲ့ လိုက်သွားကြပြီလေ. . ."

"ဥက္ကဋ္ဌက သူတို့လက်ထဲမှာ ဆိုတော့. . တော်တော်လေးကို ကြိုးစားရမယ့်အခြေအနေကို ရောက်နေပြီဗျာ"

"အေးဗျာ. . ပွဲသိမ်းဖို့က ခုတော့ အခန်းဆက်ရှည်မလို ဖြစ်မနေပြီ၊ ဪ. . မစ္စတာမင်းဆက် ခင်ဗျားဘုရား

ကျောင်းကို သွားဖို့ရက်က ကပ်နေပြီ"

"မနက်ဖြန်သွားဖို့ ဆူနာလီနဲ့တောင် ချိန်းထားပြီးပြီ"

"ဒီတစ်ခါ ခင်ဗျားကို အားကိုးရမှာပဲဗျာ. . ."

"မယ်လီမာကို မမိပေမယ့်. . အဆင့်မြင့်မြင့်ခေါင်းဆောင် တစ်ဦးကိုတော့ မိစေရမယ် စိတ်ချ. . ."

"ခင်ဗျားတို့နောက်မှာ တပ်ဖွဲ့ဝင်တွေကို. . ရှဒိုးလိုက်ခိုင်းမှာပါ. . သွားရမယ့် ဘုရားကျောင်းက ဝေးတယ်၊ မော်တော်နဲ့သွားရင်တောင် တစ်ညအိပ်သွားကြရမှာ မစ္စတာမင်းဆက်ရေ. . ."

ရွှေပန်းတြွာ၏ ဇာတ်သိမ်းဆီသို့ ရောက်လေပြီဟု ထင်လိုက်တော့သည်. . .။

အထက်လွှတ်တော်ဥက္ကဋ္ဌအား မားစာခံအဖြစ် ခေါ် ထားမှုနှင့် ပတ်သက်ပြီး. . အစိုးရဘက်မှ စစ်ဆင်ရေးတစ်ရပ် အဖြစ် စတင်ပြီး လှုပ်ရှားနေလေပြီ။

မင်းဆက်၊ ယဉ်မောင်၊ ရာဂျူး. . တို့သုံးယောက်နှင့် ပုလိပ်အဖွဲ့မှ (၃)ယောက်တို့ အရပ်ဝတ်ဖြင့် မော်တော်ပေါ် တွင် လိုက်ပါလာခဲ့ကြသည်. . .

"တြိဂံလခြမ်းအဖွဲ့နဲ့ ပတ်သက်တဲ့ သတင်းတွေရော လွှတ်တော်ဥက္ကဋ္ဌ သတင်းတွေကတော့ အိန္ဒိယပြည်တစ်ပြည် လုံးမှာ အထူးသတင်းဖြစ်နေပြီ. . မင်းဆက်"

"ဟုတ်တယ်. . ယဉ်မောင်ရေ၊ အချိန်မီလေးပဲလို့ဆို မှာပဲ. . တြိဂံလခြမ်းအဖွဲ့က ပါတီကြီးတစ်ခုကို မျိုဝါးသွားပြီး အစိုးရတစ်ရပ် ဖြစ်ပေါ်လာအောင် ပြင်ဆင်ထားတာ. .

တကယ်ကို ကြောက်စရာကောင်းတယ်၊ ခုတော့ တြိဂံလခြမ်း အဖွဲ့ထဲမှာ ပါဝင်ပတ်သက်သူတွေကို ဖော်ထုတ်လိုက်တော့ ပါတီကြီးလည်း ကစဉ့်ကလျားတွေ ဖြစ်ကုန်တော့တာပဲ"

"မယ်လီမာ အခြေအနေရော. . ."

"အီတလီအထူးကု ဆေးရုံမှာ ဆေးကုသခံနေတယ်"

"ဒါနဲ့ ဟိုဒေါက်တာ အာချီလည်း မယ်လီမာနဲ့ ပါသွား တယ်ဆို. . ."

"ဟုတ်တယ်. . ဒီကောင်က မယ်လီမာရဲ့ အငယ်အ နှောင်လို ဖြစ်နေတာ၊ တြိဂံလခြမ်းအဖွဲ့ကြီးရဲ့ အဆင့်မြင့် ခေါင်းဆောင်တစ်ဦးပဲ. . ."

"တတ်ထားတဲ့ ပညာတွေအတွက် နှမြောဖို့ကောင်း တယ်. . ."

"လောဘနဲ့ အတ္တနောက်ကို လိုက်သွားတော့လည်း အတတ်ပညာတွေ ဆုံးရှုံးရတာပေါ့"

"ရွှေပန်းတြွာဘုရင်မရဲ့ စခန်းကို သိပြီဆို"

"စစ်တပ်ကတော့. . အဲဒီနယ်မြေကို တပ်အင်အား အပြည့်နဲ့ သွားပြီ. . ."

"ရွှေတောင်ဆိုတာ ဟုတ်လား. . ."

"မဟုတ်ဘူး ယဉ်မောင်. . ပညာရှင်တွေရဲ့ နောက်ဆုံးတွေ့ရှိချက်အရတော့ အရောင်ပြန်ကျောက်ဆောင် တစ်ခုကို နေရောင်ထိတွေ့ပြီး. . ရွှေရောင်တွေလို ဖြာထွက်နေတာ. . နေရောင်ခြည်မရှိတော့ ရိုးရိုးကျောက်ဆောင်ပြန်ဖြစ်သွားတာပေါ့။ ပျောက်ဆုံးနေတဲ့ ရွှေပန်းတြွာဘုရင်မ ကျောက်ဂူကြီး ဖြစ်ဖို့များတယ်. . ."

"ရွှေပန်းတြွာဘုရင်မဆိုတာ. . မယ်လီမာ မဖြစ်နိုင်ဘူးလား မင်းဆက်. . သူ့သမီးဆီက မသိရဘူးလား"

"ရွှေပန်းတြွာဘုရင်မ အမည်ခံထားတဲ့ အမျိုးသမီးတာ အောက်ပိုင်းလုံးလုံးသေနေတဲ့. . ရူပီမာ အမည်နဲ့ အမျိုးသမီးကြီးပဲ၊ သူမဟာ ရွှေပန်းတြွာဘုရင်မျိုးဆက် လက်ကျန်လို့ ဆိုရမှာပဲ. . သူ့ကို ရွာသားတွေက မှော်ဆရာမကြီးလို့ သတ်မှတ်ထားကြတယ်။ ရှင်းရှင်းပြောရရင် ဂမ္ဘီရပညာ တစ်ရပ်ကို. . တတ်မြောက်ထားသူ တစ်ဦးပေါ့ကွာ၊ အသက်အရွယ်တာ (၈၀)လောက် ရှိတယ်. . ဂမ္ဘီရပညာတစ်ရပ်ကို ကျင့်ကြံရင်း အောက်ပိုင်းသေသွားတာ၊ အဲဒီမှာ အပိုင်း(၂)ပိုင်းကွဲနေတယ်"

"ဘယ်လိုအပိုင်းကွဲနေတာလဲ. . ."

"ရူပီမာဟာ နိုင်ငံရေးလောကကို စိတ်မဝင်စားဘူး. .

သိလည်းမသိဘူး၊ မယ်လီမာ လုပ်ဆောင်နေတဲ့ ကိစ္စတွေကို ရူပီမာက ဘာမှ မသိဘူး. . ဒါပေမယ့် မယ်လီမာဟာ ရူပီမာကို အသုံးချပြီး၊ အိန္ဒိယလူထုကို လှည့်စားတာပဲ။ ငါတို့ အာရှတိုက်သားတွေက ရှေးရိုးအစွဲတွေ အယူသီးတာကို အခွင့်ကောင်းယူပြီး. . ရွှေပန်းတြွာဘုရင်မကို အိန္ဒိယရဲ့ ကယ်တင်ရှင်ကြီးအဖြစ် ယုံစားအောင် လုပ်ပြီး. . နိုင်ငံရေး အမြတ်ထုတ်ဖို့ ကြိုးစားတာပဲ။ ဒါပေမယ့် မကောင်းသော လမ်းကလျှောက်ခဲ့တဲ့လူတွေဆိုတော့ ဇာတ်သိမ်းမကောင်း ခဲ့ဘူးကွာ"

"ခုတောင် ဇာတ်သိမ်းမကောင်း ဖြစ်သွားပြီပေါ့. . ."

"ဒီပွဲကတော့ နောက်ဆုံးပွဲ ဖြစ်နေမှာ သေချာတယ်၊ မယ်လီမာ့လက်ထဲမှာ လွတ်တော်ဥက္ကဋ္ဌရောက်နေတာဟာ အခွင့်ကောင်းတစ်ခုကို ပေးထားရသလိုပဲ. . ရဟတ်ယာဉ်ရှိနေတော့ ထွက်ပေါက်ကို အလွယ်လေးပေးနိုင်တယ်"

"အေးကွာ. . ပွဲပြီးခါနီးမှ ကပ်ပြီး လွတ်သွားရတယ်လို့. . ."

"ခုတောင် လွှတ်တော်ဥက္ကဋ္ဌလည်း သိက္ခာပိုင်းကို ထိပါးပြီး. . သူ့ရဲ့ဩဇာတွေ ကျဆုံးတာပေါ့။ သူကတော့ ဘာမှ မသိတာ အမှန်ပဲ. . သူ့ဇနီးကြောင့် ခုလိုဖြစ်တာကို

တွေးပြီး နော်င်တရနေမှာ သေချာတယ်"

မင်းဆက်တို့ မော်တော်လေးဖြင့် မြစ်ပြင်ထက်မှာ. . ခုတ်မောင်းနေဆဲ-

"ဆရာမင်းဆက်. . ."

"ဘာလဲ. . ဟေ့"

"ကျွန်တော်တို့. . ကမ်ပူရွာလေးမှာ ညအိပ်ရမယ်"

"အိပ်ပေါ့. . မင်းတို့က လမ်းကြောင်းသိတာဆိုတော့ ကောင်းသလိုသာ စီစဉ်. . မနက်ဖြန် ရောက်ဖို့ပဲ အရေးကြီးတယ်. . ."

"ညအိပ်ပြီး မနက်စောစောသွားရင်. . နေ့လယ်လောက်ဆိုရောက်ပါပြီ"

မင်းဆက်တို့နှင့် အတူလိုက်လာသော. . ပုလိပ်အရာရှိလေးက မော်တော်ကိုပဲ့ကိုင်ရင်း လှမ်းပြီးပြောလိုက်သည်။

"ဦးခန့်မင်းနဲ့ ဒေါ်ခင်မာလာကို မြန်မာပြည်ကို ပြန်ခေါ်နိုင်မှ ကောင်းမယ်. . မင်းဆက်"

"သူတို့လည်း ပြေးမလွတ်နိုင်ပါဘူး. . မယ်လီမာကို မိတာနဲ့ သူတို့ကို မိပြီလို့ သတ်မှတ်ရမယ်"

"အင်းငါတို့လည်း အိန္ဒိယကို ရောက်နေတာ. . ဘာ

လိုလိုနဲ့ တစ်လကျော်နေပြီ"

"ဘာလဲ. . မြန်မာပြည်ကို လွမ်းလို့လား"

"တာဝန်နဲ့လာကြရတာဆိုတော့ လွမ်းလည်း ဘာမှမတတ်နိုင်ဘူးကွာ. . မင်း ဆူနာလီနဲ့ ဘာတွေချိတ်ခဲ့လဲ"

"သူလည်း. . ဘုရားကျောင်းကို သွားပြီ"

"သူ့ကို မယ်လီမာ မရိပ်မိဘူးလား. . ."

"ခုထိတော့ မရိပ်မိသေးဘူး"

"ဘုတ်. . ဘုတ်. . ဘုတ်"

သူတို့ နောက်မှ စက်လှေနှစ်စီး မောင်းလာတာကို တွေ့ရသည်. . ပြောက်ကျားဝတ်စုံနှင့် လက်နက်ကိုင်ထားတဲ့ သူတွေကို တွေ့လိုက်ရသည်. . .

"ဆရာမင်းဆက်. . သူပုန်တွေ. . ."

"ဖောင်း. . ."

သေနတ်ကို မိုးပေါ် ထောင်ပစ်ပြီး. . မင်းဆက်တို့ မော်တော်ကို ရပ်ခိုင်းသဖြင့် ရပ်ပေးလိုက်သည်။

စက်လှေနှစ်စီး. . ဘေးတွင်ကပ်ပြီး ရပ်ကာ-

"ဘယ်သွားမှာလဲ. . ."

"(- × - +)ဘုရားကျောင်းကိုပါ. . ."

"ဘယ်မှာလည်း အထောက်အထား. . ."

မင်းဆက်. . လက်စွပ်ကလေးကို ပြလိုက်တော့မှ-

ခေါင်းဆောင်လုပ်တဲ့သူ ဘာမှမပြောဘဲ. . ထွက်ခွာသွားလေတော့သည်။

"ဒီနယ်မှာတော့ ရွှေပန်းတြွာဘုရင်မ အရှိန်အဝါက တော့ တကယ်ကြီးတာပဲကွ"

"ဟုတ်တယ်. . ဆရာမင်းဆက်၊ ဒီကောင်တွေက ရွှေပန်းတြွာဘုရင်မကို ဘုရားလို ကိုးကွယ်နေကြတာ. . ."

"ဘုတ်. . ဘုတ်. . . ဘုတ်"

ချောင်းလက်တက် တစ်ခုထဲမှ စက်လှေတစ်စီး မောင်းထွက်လာတာကို တွေ့လိုက်ကြရသည်။

"ခုနက အုပ်စုပဲလား. . ."

"မဟုတ်နိုင်ဘူး. . သဘောထားကွဲလွဲတဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်မယ်. . ."

"ဖောင်း. . . ဖောင်း. . ."

သေနတ်သံပေးပြီး မင်းဆက်တို့၏ မော်တော်ကို ရပ်ခိုင်းခြင်း ဖြစ်သည်. . .

မော်တော်နားသို့ ရောက်တော့. . .

"တစ်ယောက်မှ မလှုပ်နဲ့နော်. . မင်းတို့မော်တော်ကို ချောင်းထဲကို မောင်းလိုက်"

"ကျုပ်တို့ ရွှေပန်းတြွာဘုရင်မ. . ဖိတ်ကြားခံရတဲ့ သူတွေပါ"

"မလိုဘူးကွာ. . ငါတို့အတွက် ရွှေပန်းတြွာဘုရင်မ ဆိုတာ မရှိဘူး. . မောင်းမှာသာမောင်း"

မင်းဆက် အခြေအနေကိုကြည့်တော့ လှုပ်ရှားရန် သိပ်ပြီး မလွယ်လှသဖြင့် အခွင့်ကောင်းကို စောင့်ပြီး၊ လှုပ်ရှားရန်ပဲ ရှိတော့သည်။ မော်တော်ကို သူတို့မောင်းခိုင်းတဲ့အတိုင်း ချောင်းကလေးထဲသို့ မောင်းဝင်လာပြီး. . သူတို့စခန်းဆီသို့ ခေါ်ဆောင်လာသည်။

မင်းဆက်တို့ လက်နက်တွေကို မော်တော်ဘုတ်ရဲ့ လုံခြုံသော နေရာတွင်သယ်ဆောင်လာတာကြောင့် သူပုန်အဖွဲ့မှ ရှာမတွေ့ခဲ့ပေ. . .

သူပုန်စခန်းသို့ ရောက်တော့ ခိုင်ခိုင်မာမာတည် ဆောက်ထားခြင်း မဟုတ်ဘဲ. . ယာယီစခန်းတစ်ခု ဆိုတာကို သိလိုက်ရသည်။

"ဗိုလ်ကြီးဒီမှာ ဟိုဘုရင်မဆီသွားမယ့် **ကောင်တွေကို**

ဖမ်းခဲ့ပြီး . . ."

"ကောင်းတယ်. . ဒင်းတို့လူတွေကို ကောင်းကောင်း သတ်ပြီး လက်စားချေရမယ်. . ဒင်းကြောင့် ငါ့ကောင်တွေ သေခဲ့တာ မနည်းတော့ဘူး၊ ဟား. . ဟား. . ဟား. . ဖမ်းချုပ်ထားလိုက် ဒင်းတို့ကို အကြောင်းကြားပြီးမှ သတ်မယ်"

မင်းဆက်တို့ (၆)ယောက်ကို ဝါးဖြင့် ပြုလုပ်ထားသော အချုပ်ခန်းထဲတွင် ချုပ်ထားလိုက်သည်။

"မင်းဆက်ရေ၊ ငါတို့တော့ ကြားက ဓားစာခံဖြစ်ပြီ နဲ့တူတယ်. . ."

"ယဉ်မောင်. . ဘာမှ မပူနဲ့ သူတို့အတွက် ရွှေပန်းတွာဘုရင်မ အင်အားစုတွေ လှုပ်ရှားလာလိမ့်မယ်. . ."

"မင်းဘာကြောင့် ပြောနိုင်တာလဲ. . ."

"ငါတို့ကို ချောင်းထဲကို မောင်းခိုင်းနေတုန်းက လှေလေးတစ်စီး ချုံကွယ်ကနေ ချောင်းပြီးကြည့်နေတာကို ငါတွေ့လိုက်တယ်. . ခုလောက်ဆို ရွှေပန်းတွာဘုရင်မဆီကို ရောက်လောက်ပြီ. . အေးအေးဆေးဆေးသာ နေပေတော့"

တဖြည်းဖြည်း ညနေစောင်းလို့ အမှောင်ထုက စတင်ပြီး ဝင်ရောက်နေလေပြီ. . .

"ရှီ. . ."

"အိ. . ."

"ဟာ. . ."

မင်းဆက်တို့ရှေ့တွင် စောင့်ကြပ်နေသော ကောင်ထံသို့ မြွေတစ်ကောင် ဘယ်လိုလုပ်ပြီး ရောက်လာလဲ မသိပေ၊ ခွေခနဲကျသွားပြီး. . .

"ရှီ. . ရှီ. . ရှီ"

"ဟင်. . ."

မြွေတွန်သံများကို ကြားလိုက်ရပြီး. . သူပုန်အဖွဲ့တွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပြီး မြွေတွေကို လိုက်ပြီးသတ်လေသည်။

ဒါပေမယ့်. . ဘယ်လိုသတ်သတ် မြွေတွေက လျော့မသွားပေ. . .

"ဒိုင်း. . . ဖောင်း. . ."

သေနတ်သံတွေလည်း. . ဆူညံပွက်လောရိုက်ပြီး စခန်းတစ်ခုလုံး ပြေးလွှားနေကြသည်။

"ဝုန်း. . ."

စခန်းထဲသို့ မီးခိုးမှိုင်းကြီးတစ်ခု ပေါက်ကွဲပြီးနောက်၊

သူပုန်တပ်ဖွဲ့တစ်ဖွဲ့ ဝင်ရောက်လာလေသည်။

"အားလုံး တစ်ခါတည်း ရှင်းပစ်လိုက်. . ဟိုကောင် အာဂျစ်ကို ငါ့ဆီခေါ်ခဲ့စမ်း. . ."

"ဟင်. . ."

မီးခိုးကြားမှ ဘီးတပ်လက်တွန်းလှည်းလေးနှင့် အဘွားကြီးတစ်ဦးကို တွေ့လိုက်ရသည်။

အဘွားကြီးဘေးတွင် ကြီးမားလှသည့် မြွေကြီးနှစ်ကောင်က. . ပါးပျဉ်းကြီးထောင်လျက်-

"ဒီမှာ အာဂျစ်. . ."

အာဂျစ်ဆိုတဲ့ခေါင်းဆောင်ကို ဖမ်းပြီးခေါ်လာသည်။

"ခွင့်လွှတ်ပါ. . ဘုရင်မ"

"နင့်လိုကောင်မျိုးကို ခွင့်လွှတ်ရင် ငါ့ကိုသတ်မယ့်ကောင်ကို ထပ်ပြီးမွေးထားသလို ဖြစ်မှာပေါ့. . . ဂျာနီ"

"ရှီ. . . ရှူး. . ."

"အား. . ."

အဘွားကြီးဘေးမှ မြွေနက်ကြီးက အာဂျစ်လည်ပင်းကို ကိုက်ပေါက်လိုက်သည်နှင့် ခဏာတွင်းမှာ အာဂျစ်မြေပြင်ပေါ်သို့ခွေလဲ ကျသွားသည်. . .

"ညီ့သည်တွေကို သွားပြီးခေါ်ခဲ့ကြ. . ."

မင်းဆက်တို့ကို အချုပ်ခန်းတံခါးကို ဖွင့်ပြီးခေါ်လာခဲ့သည်။

"ကောင်လေးတွေ သွားရမယ့် ခရီးကို ဆက်ပြီးသွားကြ. . ."

"ဟုတ်ကဲ့. . ."

အဘွားကြီးမျက်နှာမှာ တကယ်ပင် ကြည်လင်ပြီး တည်ငြိမ်စွာ ရှိနေလေသည်။

မင်းဆက်တို့ကို မော်တော်ပေါ်သို့ လိုက်ပို့ကြပြီး. . မြစ်ဝထိ ဘေးမှ လိုက်ခဲ့ကြကာ နေခဲ့ကြတော့သည်။

"ဟူး. . တကယ်စွမ်းတာပဲ မင်းဆက်"

မြွေနဲ့ ပတ်သက်ပြီး နိုင်နင်းတဲ့လူတစ်ယောက်ကို တွေ့ဘူးလိုက်ပြီး. . .

"ဟုတ်တယ်နော်. . မယုံနိုင်စရာဘဲကွာ"

"အိန္ဒိယလူမျိုးတွေဟာ မြွေကို တကယ်နိုင်နင်းကြဘာ. . လက်တွေ့မြင်လိုက်ရတာပဲ အတွေ့အကြုံတစ်ခုပေါ့ကွာ. . ."

"မင်းဆက် ဘုရင်မဆိုတဲ့ အဘွားကြီးဟာ မယ်လီမာ

နဲ့ မတူညီဘူးနော်. . ."

"ဟုတ်တယ်. . ရွှေပန်တြွာဘုရင်မဟာ ရိုးစင်းတဲ့ ရှေးရိုးရာ အစွဲတစ်ခုကလွဲပြီး. . သူ့မှာ ဘာဝါဒ ဘာရည်ရွယ်ချက်မှ မရှိဘူး၊ တကယ့်ကြောက်စရာကောင်းတာက. . မယ်လီမာဆိုတဲ့ အတ္တမိစ္ဆာမပဲ. . . ဟော့"

မင်းဆက်တို့မျက်နှာပေါ်တွင် မျက်နှာဖုံးတွေကို တပ်ဆင်ပြီး. . ဘုရားကျောင်း နယ်နိမိတ်ထဲသို့ ဝင်လာခဲ့ကြသည်။

ဘုရားကျောင်း ပေါက်ဝတွင် လက်နက်ကိုင် အစောင့်နှစ်ယောက်မှ အထဲသို့ဝင်ရန် စစ်ဆေးမှုတွေကို ပြုလုပ်နေသည်. . ရောက်လာကြသူတွေ အားလုံးမျက်နှာဖုံးကိုယ်စီစွပ်ထားကြသဖြင့် ဘယ်သူဘယ်ဝါဆိုတာကို ဘယ်သူမှ မသိနိုင်ချေ. . .

မင်းဆက်လက်စွပ်ကလေး ပြလိုက်ပြီး. . ဘုရားကျောင်းဝန်းထဲသို့ ဝင်လာရင်း ပတ်ဝန်းကျင်ကို ကြည့်တော့ တက်ရောက်သောသူ နည်းပါးနေသည်ကို တွေ့ရသည်. . .

တြိဂံလခြမ်းအဖွဲ့ဝင် တော်တော်များများကို သက်

ဆိုင်ရာမှ ဖမ်းဆီးလိုက်ပြီမို့. . ဒီကို ရောက်လာသူများသည် လွတ်မြောက်လာသူတွေပင် ဖြစ်မည်။

ဘုရားကျောင်းဝန်းထဲမှာ ဟိုတစ်စု ဒီတစ်စု ရပ်ပြီး. . စကားပြောနေကြသည်. . .

မင်းဆက်တို့ (၃)ယောက်က တမာပင်ကြီးအောက်တွင် ရပ်ပြီး အခြေအနေကို အကဲခတ်နေလေသည်။

"မင်းဆက်. . ဒီနယ်က သူပုန်နယ်မြေ ဖြစ်နိုင်တယ်နော်. . ."

"သူပုန်နယ်မြေတော့ မဟုတ်ဘူး. . အစိုးရတပ်တွေလာရင် ဒီကောင်တွေ ဆုတ်ခွာသွားတယ်. . အစိုးရတပ်တွေ မရှိခင်ကာလကတော့ သူတို့နယ်မြေလို ဖြစ်နေတာပေါ့"

"ငါတို့အတွက် လှုပ်ရှားလို့ အခြေအနေကောင်းပါ့မလား. . မင်းဆက်"

"စွန့်တော့ စွန့်စားရမှာပဲ၊ ခက်ခဲမှာတော့ သေချာတယ်. . ."

မင်းဆက်တို့ (၃)ယောက်နားသို့ မျက်နှာဖုံးစွပ် အမျိုးသမီးတစ်ဦး လျှောက်လာနေတာကို တွေ့လိုက်ရသည်။

"ဆူနာလီပဲ. . ဖြစ်မယ်"

အနားသို့ ရောက်သည်နှင့်. . .

"ကိုမင်းဆက်. . ."

"လီ. . ."

"မယ်လီမာ. . ရောက်နေတယ်"

"ဟင်. . ."

"သူ့အပြင်. . မြန်မာနှစ်ယောက်ပါ ပါတယ်"

"ဟာ. . ."

"သူတို့အားလုံး ဒီကနေ့ ရွှေပန်တြွာဘုရင်မ ကျောက်ဂူကို သွားကြမှာ ကိုမင်းဆက်. . သူ့လူတွေအားလုံး အဖမ်းခံရပြီး တြိဂံလခြမ်း အဖွဲ့ကို နောက်ထပ်အင်အားသစ်နဲ့ လုပ်ဆောင်ဖို့ ဒီနေ့ညွှန်ကြားမှာ. . ကိုမင်းဆက် ပြင်ဆင်ထားပြီးပြီလား. . ."

"ပြီးပြီ. . လီ၊ သိပ်မကြာခင်. . စစ်တပ်အဖွဲ့တွေ ရောက်လာမှာပါ"

"ရဟတ်ယာဉ်ကိုတော့ အစိုးရတပ်တွေက တောထဲကွင်းပြင်မှာ သိမ်းမိသွားပါပြီ. . ."

"ဥက္ကဋ္ဌ ကရော. . ."

"ဥက္ကဋ္ဌကတော့ သူတို့လက်ထဲမှာ ရှိနေတယ်. . ."

"ဒူ. . . ဒူ. . . ဒူ"

"ဟော အထဲကို ဝင်ဖို့ အချက်ပေးနေပြီ၊ သွားတော့မယ်. . ."

ဆူနာလီ နောက်ကနေ မင်းဆက်တို့ (၃)ယောက် တခြားလူတွေနဲ့ရောပြီး ဝင်ကာ. . ဘုရားကျောင်းကြီးထဲသို့ ရောက်ခဲ့သည်. . .

ကြမ်းပြင်ပေါ်တွင် အားလုံးထိုင်ပြီး စောင့်နေကြစဉ်- ဇာခန်းဆီးလွှာထဲမှ အသံကို စပြီးကြားလိုက်ရသည်။

"အားလုံးသိအောင် ပြောမယ်. . ငါတို့ တြိဂံလခြမ်းအဖွဲ့ကို အစိုးရက လွယ်လွယ်နဲ့ ချေမှုန်းလို့ မရဘူး. . ငါ့ကို မဖမ်းနိုင်သရွေ့ တြိဂံလခြမ်းအဖွဲ့ဟာ ဆက်ပြီးရှင်သန်နေမယ်။ ရွှေပန်တြွာဘုရင်မရဲ့ တန်ခိုးစွမ်းအင်တွေနဲ့ အောင်မြင်ရမယ် ဆိုတာကို. . အားလုံးယုံထား ဒီနေ့ရောက်လာတဲ့ လူတွေ အားလုံးက တြိဂံလခြမ်းအဖွဲ့ပေါ်မှာရော၊ ရွှေပန်တြွာဘုရင်မ ပေါ်မှာပါ သစ္စာခံကြရမယ်. . ဒီနေ့ တွေ့ဆုံပြီးတာနဲ့ ကိုယ့်ဌာနေမှာဖြစ်ဖြစ်၊ ခိုအောင်းလို့ရတဲ့ နေရာမှာဖြစ်ဖြစ် ရှောင်နေကြပါ. . လိုအပ်တဲ့ငွေကြေးကို ပေးလိုက်မယ်၊ ခုပေးလိုက်တဲ့ ငွေတွေနဲ့ ခိုင်မာအောင် ရပ်တည်ရမယ်. . သစ္စာဖောက်

သူတွေကတော့ အစဉ်အလာအတိုင်း သုတ်သင်ရမှာပဲ။ ခုလည်း သုတ်သင်စရာ လူ(၃)ယောက်ရှိတယ်၊ ဟော့ ခေါ်ခဲ့ကြစမ်း. . "

မင်းဆက်တို့ဘေးတွင် ရှိနေတဲ့ လူတွေက မင်းဆက်တို့ကို သေနတ်နှင့်ချိန်ပြီး ထခိုင်းလိုက်သည်. . .

"ဟား. . ဟား. . ဟား. . မြန်မာနိုင်ငံက စုံထောက်မင်းကြီးတွေက ကိုယ့်ကိုယ်ကို လည်လှပြီ မှတ်နေတာကို. . နင်တို့ သိပ်ကိုတော်တယ်။ နင်တို့ နှစ်ယောက်ကြောင့် ငါ့ရဲ့ လမ်းကြောင်းပိတ်ဆို့သွားတယ်. . ငါ့လူတွေ အဖမ်းခံရတယ်၊ ငါ့သမီးလည်း အဖမ်းခံရတယ်. . နင်တို့ လည်ချောင်းသွေးနဲ့ ဆေးရမှ ကျေနပ်မယ်၊ သူတို့(၃)ယောက်ကို အားလုံးရှေ့မှာ လည်ချောင်းသွေးနဲ့ ပူဇော်ပွဲလုပ်မယ်. . "

မင်းဆက် ခပ်အေးအေးပင် လိုက်ခဲ့ပြီး. . လှုပ်ရှားနိုင်ရန်အခွင့်အရေးကို စောင့်နေသည်. . .

မင်းဆက်တို့ ကိုယ်ထဲမှ သေနတ်ကို သိမ်းယူပြီး. . ...ပုန်ခေါင်းဆောင်နှစ်ယောက်က ကိုင်ကြည့်နေသည်။

"ဒူးထောက်စမ်း. . . "

"ကျုပ်တို့ လူမျိုးတွေက ဘယ်တော့မှ ဒူးထောက်ပြီး

အသေခံဘူး. . ခင်ဗျားသတ်ချင်ရင် ဒီအတိုင်းသာသတ်"

"သတ္တိကတော့ ကောင်းသားပဲ. . ."

ဇာခန်းဆီးကို ဖွင့်ပြီး ဝင်လာသူက. . မယ်လီမာနှင့် ဦးခန့်မင်း၊ ဒေါ်ခင်မာလာတို့ ဖြစ်သည်။

"ဒူးမထောက်ရင် ထောက်အောင် လုပ်ရမှာပေါ့. . ဟိုကောင်တွေ. . ."

"ဖြောင်း. . ."

"ခွပ်. . ."

မင်းဆက်တို့နှစ်ဦးကို ထိုးကြိတ်ပြီး. . အတင်းဒူးထောက် ခိုင်းသည်။

"ငါ့ကို ဓားပေးစမ်း. . မသေခင် ဘာဆုတွေတောင်းချင်လဲ ဆုတောင်းထားကြ. . ."

"မယ်လီမာ ခင်ဗျားရဲ့ ရူးသွပ်မှုတွေကို အောင်မြင်မယ်လို့ မထင်နဲ့ ခင်ဗျား. . ဇာတ်သိမ်းတော့မှာ"

"ဟား. . ဟား. . ဟား. . မယ်လီမာ့ သမိုင်းကြောင်းမှာ ဇာတ်သိမ်းတဲ့အချိန်ဟာ. . အိန္ဒိယပြည်ကြီးကို သြဇာလွှမ်းတဲ့အချိန်ပဲပေါ့. . . ဟား. . ဟား. . ဟား. ."

မယ်လီမာက ဓားကိုကိုင်လျက် ရယ်မောနေချိန်တွင်

မင်းဆက်တို့ သေနတ်ကိုယူပြီး သဘောကျနေတဲ့ သူပုန်ဗိုလ်က သေနတ်ရဲ့ခလုတ်တွေကို လျှောက်ပြီးနှိပ်ရင်း. . .

"ဝုန်း. . ."

"ဟင်. . ."

ပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ သူပုန်ဗိုလ်နှင့် ဘေးမှကောင်တွေ အတုံးအရုံး လဲကျသွားသည်။

သေနတ်ကို ခလုတ်သွားပြီး နှိပ်လိုက်ခြင်းကြောင့် ဖြစ်သည်။

မင်းဆက်အတွက် အခွင့်ကောင်းရသွားပြီ၊ မယ်လီမာ့လက်မှ ဓားကို လုယူပြီး တိုက်ခိုက်လိုက်သည်. . .

"ကိုမင်းဆက်. . . ရော့"

ဆူနာလီ သေနတ်ကိုလှမ်းပြီး ပစ်ပေးလိုက်သည်။

"မယ်လီမာ. . မလှုပ်နဲ့နော်. . ."

ဘုရားကျောင်းထဲမှာ ရှိနေတဲ့လူတွေအားလုံး အပြင်သို့ အလုအယက် ပြေးထွက်ကြသလို. . သူပုန်အဖွဲ့တွေလည်း သူတို့ဗိုလ်ကျသွားတာနဲ့ မယ်လီမာကို ကာကွယ်မပေးနိုင်တော့ဘဲ ပြေးကြတော့သည်။

"ယဉ်မောင်.. သူ့ကို ကြည့်ထား။ ငါ ဟိုလူနှစ်ယောက်

နောက်ကို လိုက်မယ်. . . "

"အေး. . . "

ဦးခန့်မင်းနှင့် ဒေါ်ခင်မာလာတို့ ဘုရားကျောင်းနောက်ပေါက်မှ ပြေးပေမယ့်. . .

"ဖောင်း. . . ဖောင်း. . . "

"အီ. . . "

"အား. . . "

မင်းဆက်ရဲ့ သေနတ်ကျည်ကို လွတ်အောင် မပြေးနိုင်ကြပေ. . .

"ဦးခန့်မင်း၊ ဒေါ်ခင်မာလာ. . ကျုပ်ကျည်တွေက မသေနိုင်ပါဘူး. . လက်ကလေး မြှောက်ပြီးလိုက်ခဲ့"

မင်းဆက်. . ဦးခန့်မင်းနှင့် ဒေါ်ခင်မာလာတို့ နှစ်ယောက်ကို ခေါ်လာပြီး၊ ဘုရားကျောင်းဝန်းထဲသို့ ဝင်ခဲ့သည်။

"ဟင်. . . "

ဒေါက်တာအာချီ လွှတ်တော်ဥက္ကဋ္ဌကို သေနတ်နှင့် တေ့ပြီး. . .

"ငါ့လူတွေကို လွှတ်ပေးရင် သူ့ကို လွှတ်ပေးမယ်. . "

"ကျုပ်တို့က အပေးအယူလုပ်တာကို ဝါသနာ မပါ

ဘူး. . . "

"ဘာကွ. . . "

"ဟုတ်တယ်. . ကျုပ်တာဝန်က ဒီနှစ်ယောက်ကို လာပြီးဖမ်းတာ၊ ကျန်တဲ့အပိုင်းက ကျုပ်နဲ့မသက်ဆိုင်ဘူး. . အစိုးရတပ်တွေလာရင် ခင်ဗျားဘာသာ ခင်ဗျား ညှိယူ. . . "

မင်းဆက် ခပ်အေးအေးလေးပြောပြီး. . . ဒေါက်တာအာချီလက်ထဲမှ သေနတ်ကို လျှပ်တစ်ပြက် ပစ်ချလိုက်သည်။

"ဖောင်း. . . "

"အီ. . . "

အာချီ ရင်ဘတ်ဆီသို့ ထိမှန်သွားပြီး. . အထက်လွှတ်တော် ဥက္ကဋ္ဌရော အာချီပါ အပေါ်အမြင့်မှ အောက်သို့ တန်းလန်းကြီး ဖြစ်နေသည်. . .

"ဥက္ကဋ္ဌ ရော. . . "

"ရှိ. . . "

သံမဏိကြိုးနဲ့ လှမ်းပြီးပစ်ကာ. . လွှတ်တော်ဥက္ကဋ္ဌကို ဆွဲပြီးတက် ခိုင်းလိုက်သည်။

"ကျုပ်. . ကျုပ်. . ကို ကယ်ပါ. . အား အား. . ကျ

တချို့”

“ဝုန်း. . .”

“ဟင်. . .”

မင်းဆက် ကယ်တင်ရန် ပြင်ချိန် မရလိုက်ပေ၊ ဘုရားကျောင်းဘေးရှိ နံ့အိုင်ကြီးထဲသို့ ပြုတ်ကျပြီး. . ဇာတ်သိမ်းသွားလေသည်။

“ဒတ်. . . ဒတ်. . . ဒတ်”

ရဟတ်ယာဉ်တွေ ပျံဝဲလာတဲ့ အသံကို ကြားလိုက်သည်။

“စစ်တပ်တွေ လာပြီ. . ဒီမှာလည်း ပွဲကသိမ်းနေပြီ၊ အပြင်ကို ထွက်ကြရအောင်. . ခေါ်ခဲ့ကြ”

မယ်လီမာ၊ ဦးခန့်မင်းနှင့် ဒေါ်ခင်မာလာတို့ကို ဘုရားကျောင်း အပြင်သို့ ခေါ်လာခဲ့သည်။

“မစ္စတာမင်းဆက်. . လေးစားတယ်ဗျာ၊ ပဥ္စလက်သခင်မကို အရှင်မိမယ်လို့ မထင်ထားဘူး. . .”

“တစ်ယောက်တော့ သူ့ကံကြမ္မာ သူငင်ပြီး. . သေသွားပြီ”

“ဒေါက်တာအာချီလား. . .”

“ဟုတ်တယ်. . ကျောက်ဂူအခြေအနေရောအီမာဆင်”

“သိပ်ပြီး ခဲခဲယဉ်းယဉ်း မသိမ်းလိုက်ရပါဘူးဗျာ. . ဘိန်းချက်စခန်း လုပ်နေတာ”

“ဟို. . ရွှေပန်းတွာဘုရင်မကြီးကို ရောဗျာ”

“သူ့ကိုလည်း ခေါ်ခဲ့တယ်. . .”

“ဟင်. . ဘာဖြစ်လို့လဲ”

“အရေးယူဖို့တော့ မဟုတ်ပါဘူး. . သူ့ရဲ့ နောက်ဆုံးအချိန်မှာ အေးအေးချမ်းချမ်းနဲ့ နေနိုင်ဖို့အတွက် ခေါ်ခဲ့တာပါ၊ သူ့မှာ ဘာမှ အပြစ်မရှိဘူး. . အပြစ်ရှိတာက သူပဲ”

အီမာဆင်. . မယ်လီမာကို လက်ညှိုးထိုးပြ လိုက်တော့သည်။

အီမာဆင်. . ရယ်မောကာရပ်ထားသော ရဟတ်ယာဉ်ပေါ်သို့ တက်ရင်း. . .

“မစ္စတာမင်းဆက်. . ခင်ဗျားကို လက်ဆောင်ပေးရဦးမယ်. . .”

“ဘာများလဲ မစ္စတာအီမာဆင်. . .”

“ကျုပ်တို့ကျောက်ဂူခန်းကို သိမ်းစဉ်က ရခဲ့တဲ့ ရွှေကျည်ဆံလေးပါ. . . ရော့”

ရွှေကျည်ဆံ နှစ်တောင့်ကို မင်းဆက်အား လှမ်းပြီး ပေးလိုက်သည်. . .

မင်းဆက် လှမ်းယူပြီး. . ယဉ်မောင့်ကို တစ်ထောင့် ပေးကာ. . .

"ယဉ်မောင်ရေ. . ဒီရွှေကျည်ဆံဟာ ငါတို့နှစ်ယောက် အတွက်. . သမိုင်းမှာ အမှတ်တရပစ္စည်းလေး တစ်ခုပဲ၊ သိမ်း ထားလိုက်ပေါ့ကွာ. . ."

ရဟတ်ယာဉ်ကြီးမှာ ဝေဟင်ပေါ် သို့ ဝဲပျံတက်နေလေ ပြီ. . .

မင်းဆက်တို့ ပြည်တော်ပြန်ခရီးတွင် ကျေနပ်သော ပီတိ လေးများဖြင့် ပြန်ရတော့မည် ဖြစ်သည်. . . ။

ဆက်လက်ကြိုးစားနေဦးမည်

နှိုင်းမဟာ